www.dhammaransi.com

မေတ္တာဟူသည် ရေကြည်ချမ်းမြ

# အေးစေ မြစေ မေတ္တာစေ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ဘီအေ)



www.dhammaransi.com

# မေတ္တာဟူသည် ရေကြည်ချမ်းမြ

## အေးဧစ, မြဲဧစ, မေတ္တာဧစ

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ-အေ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • •

'ဆွေသဟာ' စာပေ

အမှတ် ( ၅၅ ) ၊ (စ) ရပ်ကွက်
သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
☎ - ၀၁-၉၆၉၀၃၂၄
📱 - ၀၉၇၃-၀၈၆၉၃၂

www.dhammaransi.com


## ပုံနှိပ်မှတ်တမ်း

• • • • • • • • • •

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၂၀၆၇၂၀၅၀၉ |
| အဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၀၇၄၃၀၅၁၂ |
| ပထမအကြိမ် | - | ၂၀၀၆-ခုနှစ်၊ ဇန်နဝါရီလ |
| အုပ်ရေ | - | ၁၀၀၀ |
| အဖုံးပန်းချီ | - | ရွှေစိုးဟန် |
| ကွန်ပျူတာစာစီ | - | "ဆွေသဟာ" (ဖုန်း-၆၉၀၃၂၄) |

၂၈၅၅၀

## ထုတ်ဝေသူ

• • • • • • • •

ဦးခင်မောင်ဦး (မြ-၀၄၀၇၃)
၄၇၃ (က)၊ နီလာ (၆)လမ်း၊ (ဂ)ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

## အဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ

• • • • • • • • • • • • • • • • • • • •

ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
"အင်ကြင်းမြိုင်" ပုံနှိပ်တိုက်
အမှတ်(၁၄၇)၊ ဆိပ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**တန်ဖိုး-**

www.dhammaransi.com

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ


၁။ အမှာစာ ----------------------

## အခန်း(၁)

၂။ မေတ္တာဟူသည် ရေကြည်ချမ်းမြ

-စကြာဝဠာနိယာမနှင့်မေတ္တာစွမ်းအား ၁

-လူသားနှင့်စိတ်ဓာတ် ၁၀

-မေတ္တာဟူသည် ၁၉

-မေတ္တာ၊ တဏှာ၊ အဒေါသ ၂၃

-ဗုဒ္ဓဟောကြား မေတ္တာသဘောတရားများ ၂၇

-မေတ္တာစိတ်ဓာတ်၏ပန်းတိုင် ၂၉

-မေတ္တာကင်း၍သက်တမ်းအာဟာရများ
ဆုတ်ယုတ်ရသည် ၄၂

-မေတ္တာခြုံမှလုံပါသည် ၅၇

-မေတ္တာနှင့်သစ္စာ ၅၉

-စတုရာရက္ခ ၆၄
(အစောင့်အရှောက်တရားလေးပါး)

စဉ် အကြောင်းအရာ စာမျက်နှာ

# အခန်း(၂)

## ၃။ မေတ္တာကွန်ရက်များ


-မေတ္တာအမျိုးအစားများ ၆၇

-မေတ္တာနှင့်အနီးအဝေးရန်သူများ ၆၉

-ကရုဏာနှင့်အနီးအဝေးရန်သူများ ၇၉

-မုဒိတာနှင့်အနီးအဝေးရန်သူများ ၈၈

-ဥပေက္ခာနှင့်အနီးအဝေးရန်သူများ ၉၁

-နဝင်္ဂဥပုသ်နှင့်မေတ္တာ ၉၇


# အခန်း(၃)

## ၄။ အေးစေ မြစေ မေတ္တာစေ


-မေတ္တာခံယူရမည့်ပုဂ္ဂိုလ်ငါးဦး ၉၈

-မေတ္တာရှိခြင်းအကြောင်းခြောက်ပါး ၁၀၄

-မေတ္တာမပို့မပွားမီပြုကျင့်ရမည့်
၀တ္တရား (၁၅)ပါး ၁၀၆

-မေတ္တာဘာဝနာပွားများရာ ၁၃၄

-မေတ္တာစတင်မပွားသင့်သူများ ၁၃၆

-မေတ္တာစတင်ပွားများရမည့်သူများ ၁၃၈

www.dhammaransi.com


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| -မေတ္တာမပွားသင့်သူများ | ၁၃၉ |
| -မေတ္တာစတင်ပွားပုံ | ၁၄၀ |
| -ရန်သူအပေါ်မေတ္တာပွားနည်း | ၁၄၀ |
| -ကန့်သတ်မဲ့ (အနောဓိသဖရဏာ) မေတ္တာပွားနည်း | ၁၄၆ |
| -ကန့်သတ်ရှိ (သြဓိသဖရဏာ) မေတ္တာပွားနည်း | ၁၄၈ |
| -အရပ်ဆယ်မျက်နှာ(ဒိသဖရဏာ) မေတ္တာပွားနည်း | ၁၄၉ |
| -၅၂၈ မေတ္တာဟူသည် | ၁၅၀ |
| -မေတ္တာအစွမ်းထက်လိုပါလျှင် | ၁၅၂ |
| -မေတ္တာပို့စဉ် ထားရမည့်စိတ်ဓာတ် | ၁၅၃ |
| -အကြည်ဓာတ်(၆)ပါးမေတ္တာပို့နည်း | ၁၅၆ |
| -တစ်ဘက်သားထိခိုက်အောင်စူးရှသော မေတ္တာပို့နည်း | ၁၅၇ |
| -သေကျွှင်တောင်ဆရာတော်၏မေတ္တာစျန် ထူထောင်နည်း | ၁၆၀ |
| -တောင်တန်းဆရာတော်ဦးဥတ္တမသာရ၏ ရေမေတ္တာ | ၁၆၆ |

www.dhammaransi.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | -မေတ္တာပွားများအကျိုးကြီးမားပုံ | ၁၆၉ |
| | -မေတ္တာပွားကျိုး (၁၁) မျိုး | ၁၇၃ |


# အခန်း(၄)


၅။ မေတ္တာစွမ်းအား စံပြပုဂ္ဂိုလ်များ

| | | |
|---|---|---|
| | -နတ်တို့ချစ်အပ် မေတ္တာဓာတ် ဖြစ်လတ်ရဟန္တာ | ၁၇၇ |
| | -ဥတ္တရာ၏မေတ္တာစွမ်းအား | ၁၈၄ |
| | -သာမာဝတီ၏မေတ္တာစွမ်းအား | ၁၉၀ |
| | -နတ်တို့ချစ်ခင်သောဝိသာခမထေရ် | ၁၉၇ |
| | -အီတလီဘုန်းကြီးဦးလောကနာထ၏ မေတ္တာစွမ်းအား | ၂၀၁ |
| | -ဒေါ်ရွှေ၏မေတ္တာစွမ်းအား | ၂၀၆ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း(၅)

### ၆။ မေတ္တာပွားပုံ-နည်းမျိုးစုံ


-ဒိသာဖရဏအရပ်ဆယ်မျက်နှာ

(မြန်မာလိုပွားပုံ) ၂၁၁

-တစ်နည်းမေတ္တာပို့(မြန်မာဘာသာ) ၂၁၂

-မေတ္တာသုတ်လာမေတ္တာပို့နည်း(၁၁)နည်း ၂၁၄

-ဘယ်လိုပြောပြောမေတ္တာမပျက်နှင့် ၂၁၅

www.dhammaransi.com

# အမှာမိတ်ဆက်လွှာ

• • • • • • • • • •

ဤလောကကို ကမ္ဘာဦးလူသားတို့က မေတ္တာဖြင့် စတင်တည်ထောင်ခဲ့ကြပါသည်၊ ကမ္ဘာဦးကာလ ကမ္ဘာဦးလူသားတို့ဟူသည် ဗြဟ္မာပြည်မှလာကြသူများဖြစ်ကြသည့်အတိုင်း မေတ္တာ-ကရုဏာ-မုဒိတာ-ဥပေက္ခာ ဟူသောဗြဟ္မဝိဟာရတရားလေးပါး ကိုယ်ချင်းစာမေတ္တာတရားဖြင့် ဤလူလောက သို့ရောက်ရှိလာကြပြီး ထိုတရားဖြင့်ပင် နေထိုင်ခဲ့ကြသည်။

မေတ္တာဝါဒဖြင့် စတင်ခဲ့သောလူသားတို့သည် တစ်စတစ်စမေတ္တာလမ်းကြောင်းမှသွေဖီကာ လောဘ၊ဒေါသ၊မာန၊ဣဿာ-မစ္ဆရိယ စသောစိတ်ပူစိတ်ရိုင်းများဝင်လာကြပြီး ဒုစရိုက်အမြွှေဝါဒများကို ကျင့်သုံးလာခဲ့သလို ကိုယ့်စိတ်ကြိုက်ဝါဒအယူများကို တီထွင်လာခဲ့ကြရာမှ လူတို့၏သက်တမ်းသည် အသင်္ချေယျသက်တမ်းမှ(၁၀)နှစ်အထိ ဆုတ်ယုတ်ခဲ့ပြီး နောက်ဆုံးကမ္ဘာကြီး ရေ-လေ-မီး ဖျက်၍ ပျက်သုံးကာနီး

www.dhammaransi.com

ရောက်ခဲ့ရသည်။

ဤကမ္ဘာကြီးပျက်မည်ဆိုသောအခါ လောကဗျူဟာနတ်တို့က အနှစ်တစ်သိန်းကပင် ကြိုတင်သိမြင်ကြကာ ကမ္ဘာလောကဓာတ်တစ်ခွင်ကို လှည့်လှည်ကြွေးကြော်ခဲ့ကြသည်။

"အို-အချင်းတို့- နောင်နှစ်ပေါင်းတစ်သိန်းကြာလာသောအခါ ကမ္ဘာပျက်မိုးကြီးရွာသွန်း၍ကမ္ဘာပျက်လတ္တံ့၊ မဟာသမုဒ္ဒရာလည်းခန်းခြောက်ကာ ဤကမ္ဘာမြေနှင့်တကွ မြင့်မိုရ်တောင်ကြီးလည်း မီးဟုန်းဟုန်းတောက်လောင်၍ ပျက်စီးလတ္တံ့၊ဗြဟ္မာပြည်တိုင်အောင် ပျက်စီးလတ္တံ့။

အချင်းတို့-မေတ္တာတရားကို ပွားများကြကုန်လော ကရုဏာ-မုဒိတာ-ဥပေက္ခာတရားတို့ကို ပွားများကြကုန်လော ဆွေကြီးမျိုးကြီးတို့ကို ရိုသေလေးစားကြကုန်လော"ဟု ကြွေးကြော်လာကြသည်။

ထိုအခါ ငရဲသားတို့သည် ငရဲမှလွတ်ကာ ကိုယ်ချင်းစာနာစိတ်ရှိသော တိရစ္ဆာန်ဘဝကိုရရှိကြမည်၊တိရစ္ဆာန်တို့သည် တစ်ကောင်နှင့်တစ်ကောင် မေတ္တာအကြင်နာတရားရှိကြသဖြင့် သေလွန်သောအခါ လူ့ပြည် နတ်ပြည်၌ဖြစ်ကြရမည်၊လူ့ဘဝသံဝေဂရရှိသဖြင့် ကုသိုလ်ကောင်းမှုပြုကြသဖြင့် နတ်ပြည်၊ဗြဟ္မာပြည်များသို့ရောက်ရှိကြရမည်။

ထိုအခါ လောကဗျူဟာနတ်တို့က ကောင်းကင်၌ လှည့်လှည်၍-

www.dhammaransi.com

"အချင်းတို့-ဤနတ်ဘုံ၌နသည် မြဲမြံခိုင်ခံ့ခြင်းလည်း မရှိ၊မေတ္တာပြဟ္မစိုရ်တရားကိုသာပွားများကြပါကုန်လော" ဟု နှိုးဆော်လာကြသည်။

ထိုအခါ နတ်တို့သည် မေတ္တာစျာန်စသည်ကိုရရှိကာ သေလွန်သောအခါ ကမ္ဘာပျက်ဘေးကင်းရာ အထက်ပြဟ္မာ ပြည်သို့ ရောက်ကြရမည်။

ယနေ့လက်ရှိကမ္ဘာတွင် လူသားတို့သည် မေတ္တာ တရားကင်းမဲ့ကြသောအခါ စစ်ပွဲများဆင်နွှဲ၍ သတ်ကြ ဖြတ် ကြပြုလုပ်နေကြသည်၊မေတ္တာတရားရှိသောအခါ စုပေါင်းနေ ထိုင်လုပ်ကိုင်ကြပြီး လူသားကောင်းကျိုးတို့ကို ဆောင်ရွက်ပေး လျက်ရှိသည်။

လူသားတိုင်းဖြစ်ပေါ်နေသော လောဘ၊ဒေါသ၊မာန၊ ဣဿ၊မစ္ဆရိယ တရားတို့ကို မေတ္တာဓာတ်ကသာ ထိန်းသိမ်း ပေးနေသည်။

ဤကမ္ဘာကိုစတင်ရာကာလ၌ မေတ္တာဖြင့်စတင်ခဲ့ သည်၊ ကြားကာလ၌ မေတ္တာဖြင့်ထိန်းချုပ်ပေးထားသည်။

ကမ္ဘာကြီးနိဂုံးချုပ်ရာ၌လည်း မေတ္တာဖြင့်ပင် နိဂုံးချုပ် ရသည်။

ထို့ကြောင့် မေတ္တာဝါဒသည် ဤကမ္ဘာလောကတွင် အရေးကြီးပြီးအရေးပါသောဝါဒဖြစ်ပါသည်၊မေတ္တာမရှိသော နေ့သည် ကမ္ဘာကြီးမရှိသောနေ့ဖြစ်ပါသည်။

www.dhammaransi.com

လူသားနှင့်မေတ္တာသည် ထာဝရမကင်းကွာကောင်းသောလူမှုမှုလကျင့်ဝတ်ကြီးတစ်ခုဖြစ်ပါသည်၊ဤမေတ္တာဝါဒသည် လူသားတို့အား အမြဲစောင်မကြည့်ရှုလျက်ရှိသော ဝါဒဖြစ်ပါသည်။

လူသားတို့၏အသက်(၁၀၀)တမ်းတွင် ဂေါတမဗုဒ္ဓပွင့်လာခဲ့ပါသည်၊မေတ္တာဝါဒသည် ဂေါတမဗုဒ္ဓပွင့်လာသောအခါ ကျယ်ပြန့်တောက်ပြောင်လာပါသည်။

ဗုဒ္ဓမပွင့်မီ မေတ္တာဝါဒသည် ဗြဟ္မာပြည်အထိသာ ပို့ဆောင်နိုင်ကြောင်းသိကြ၏၊ဗုဒ္ဓပွင့်လာသောအခါ ဤဝါဒသည် နိဗ္ဗာန်အထိပို့ဆောင်နိုင်သည်အထိ ရှိသည်ကိုသိလာကြသည်။

လူသားတို့အတွက် ငြိမ်းချမ်းစွာအတူတကွနေထိုင်ရေးအတွက် အခြေခံဖြစ်သည်ကိုလည်း သိလာကြပါမည်၊ကမ္ဘာတန်ဆာ၊ကမ္ဘာပိယဆေး ညီညွတ်ရေးလက်နက်၊စည်းရုံးရေးလက်နက်အဖြစ်သိလာကြပါသည်။

ဤမေတ္တာဝါဒသည် စကြဝဠာတေးမင်းလုပ်ရသည်ထက်မြတ်ပြီးလူထက်လူ၊ နတ်ထက်နတ် မြတ်အောင် နောက်ဆုံးနိဗ္ဗာန်ရောက်သည်အထိ ပို့ဆောင်နိုင်သောဝါဒဖြစ်သည်။

လောကီနယ်ပယ်အဲတွင်း လောကလူမှုရေးရာများနှင့်မကင်းသေးသူတိုင်း အန္တရာယ်ကုန်ဆုံးစေပြီး အချမ်းမြေ့ဆုံးဘဝကို ရရှိစေနိုင်သောဝါဒဖြစ်ကြောင်း သိရှိကြသည်။

www.dhammaransi.com

မေတ္တာဝါဒကို ဗုဒ္ဓဂေါတမက ဖွင့်ထုတ်ဖော်ပြခဲ့သလို ယေရှုခရာဇ်သည် အသက် (၁၂)နှစ်မှအသက်(၃၀)နှစ်အထိ တိဗက်သို့ရောက်ခဲ့ပြီး မေတ္တာကမ္မဋ္ဌာန်းမေတ္တာစျာန်ရခဲ့၍ အနောက်ဘက်ကမ္ဘာတစ်လွှားသို့ မေတ္တာတရား မေတ္တာဝါဒကို အသက်နှင့်ပင်လဲ၍ ထူထောင်ပေးခဲ့သည်။

"တစ်စုံတစ်ဦးက သင့်၏ပါးတစ်ဘက်ကိုရိုက်လျှင် အခြားတစ်ဘက်ကိုထိုးပေးလိုက်ပါ"

ဟူ၍သည်းခံခြင်းနှင့်မေတ္တာဝါဒကို ခရာဇ်တော်သည် အထူးဦးစားပေးသွန်သင်ခဲ့ပါသည်။

အလားတူမွတ်စလင်ဘာသာတို့သည်လည်း မေတ္တာဝါဒကို ဘဟာအီမေတ္တာဝါဒအဖြစ် ကြွေးကြော်ကာ ဖြန့်နေပါသည်။

ဗုဒ္ဓဂေါတမပွင့်လာခဲ့ပြီး ကမ္ဘာဘာသာ လူမျိုးအသီးသီးထံသို့ ဗုဒ္ဓ၏ဝါဒ ပြန့်ပွားစိမ့်ဝင်စီးဆင်းလွှမ်းမိုးသွားခဲ့သဖြင့် ကမ္ဘာသူ၊ကမ္ဘာသားတို့ကိုယ်ချင်းစာမေတ္တာတရားများထားကြကာ ငြိမ်းချမ်းသာယာသောကမ္ဘာလူလောကကြီးကို တည်ထောင်နိုင်ခဲ့ကြပါသည်။

ဤမေတ္တာတရားသည် မပျက်စီး၊မဆုတ်ယုတ်ရေး သူတော်ကောင်းတရားများမဆုတ်ယုတ်ရေး၊ ကမ္ဘာပေါ်ရှိ လူသားများငြိမ်းချမ်းသာယာစွာ ဘဝခရီးလျှောက်နိုင်ရေးအတွက်

စာရေးသူသည် အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ဤ**"မေတ္တာဟူသည် ရေကြည်ချမ်းမြ- အေးစေ, မြစေ, မေတ္တာစေ"** ဟူသော စာစုဖြင့် တင်ပြနှိုးဆော်အသိပေးအပ်ပါသည်။

ဤမေတ္တာတရားလက်ကိုင်ထားပြီး သတ္တဝါများ အေးချမ်းသာယာပြီး မိမိတို့၏ဘဝလမ်းကို အထက်ထက်ဘုံနှင့်တကွ နောက်ဆုံးနိဗ္ဗာန်ရောက်သည်အထိ တက်လှမ်းနိုင်ကြရန် မေတ္တာရည်အပ်ပါသည်။

သူတော်ကောင်းခေတ် တရားမြတ် လွှမ်းရပ်ကမ္ဘာတည်ပါစေသော်----

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီပေးကြသော ဓမ္မမိတ်ဆွေများနှင့် စာမူကို ဝိုင်းဝန်းကူညီရေးပေးကြသော သမီးလတ် မခင်သူဇာ (B.A စီးပွားစီမံ)နှင့် သမီးငယ် မစန္ဒာမြင့် (B.Com)တို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့် ထုတ်ဝေသူ "ဆွေသဟာ"စာပေတိုက်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**ဦးကိုကိုမြိုင်**
**အမှတ်(၅၅)၊ စ-ရပ်ကွက်**
**သုနန္ဒာ (၃)လမ်း**
**မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၆၉၀၃၂၄**

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**တက္ကသိုလ်သျှင်သီရိ**
**ဓမ္မာစရိယ ဘီ-အေ**

www.dhammaransi.com

# အခန်း(၁)
# မေတ္တာဟူသည် ရေကြည်ချမ်းမြ

## စကြဝဠာနိယာမနှင့်မေတ္တာစိတ်စွမ်းအား

အနန္တစကြဝဠာရှိနေက နက္ခတ်တာရာတို့သည် သူ့အုပ်စုနှင့်သူအချင်းချင်းအားပြိုင်နေသောသဘောရှိသည် ဟု သိပ္ပံပညာရှင်တို့က ဆိုပါသည်။

ဤစကြဝဠာတွင် ဂြိုဟ်ကြီး(၉)လုံးသည် အချင်းချင်း ဆွဲငင်အားပြိုင်ပြီး လည်ပတ်နေပါသည်။ဤဂြိုဟ်ကြီး(၉)လုံး တွင် နေမင်းသည် အချင်းမိုင်အားဖြင့် (၈၆၄၃၉၃)ရှိပြီး အင်အားအကြီးမားဆုံး၊ ဆွဲငင်အားအကောင်းဆုံးဟုဆိုပါသည်။

လ,ကား မိုင်(၂၀၀၀)၊ ကမ္ဘာမြေ ဟုဆိုအပ်သော ဤ ကမ္ဘာကား မိုင် (၇၉၁၈) ရှိသည်။

အပြောကျယ်သောလဟာပြင်၌ ဆွဲငင်ကြီးရာအလိုက် အင်အားကြီးသူ အနိုင်ရစမြဲသဘာဝအရ အခြားဂြိုဟ်များက နေမင်းဂြိုဟ်ကိုဗဟိုပြု၍ ဦးတိုက်၍ လှည့်ပတ်သွားနေရသည်။

ကမ္ဘာမြေကြီးသည် တစ်နေ့တစ်ညလျှင် တစ်ပါတ် ပြည့်အောင် နေကိုဦးတိုက်နေရသလို လ,ကား ကမ္ဘာမြေထက် အင်အားနည်းသူဖြစ်၍ ကမ္ဘာမြေကို တစ်လလျှင် တစ်ပါတ် ကျ ဦးခိုက်လှည့်ပတ်နေရသည်။

အခြားဂြိုဟ်များကလည်း သူ့နှုန်းနှင့်သူ၊ နေကို ဦးခိုက်

www.dhammaransi.com

ကာလှည့်ပတ်သွားနေရသည်၊ ရပ်နားနေရသည်ဟူ၍မရှိချေ။ နေစကြဝဠာအုပ်စုတွင်ပါဝင်နေကြသော သက်ရှိ-သက်မဲ့ အရာဝတ္ထုများအားလုံးသည် အင်အားအကြီးဆုံးဖြစ်သော နေ၏ဩဇာကို နာခံနေကြရပါသည်။

ညအခါ ကောင်းကင်ကိုမော်ကြည့်၍မြင်ရသော ကြယ်တာရာဟုခေါ်နေသောအရာများက စကြဝဠာအနန္တများ ပင်ဖြစ်ပါသည်။

ရူပဗေဒသိပ္ပံပညာရှင်တို့က စကြဝဠာအနန္တရှိ မြင်မြင် သမျှတို့သည် မည်သည့်အစိုင်အခဲအရာဝတ္ထုမျှမရှိ၊ လှိုင်းများ ရောင်ခြည်များ၏အဖွဲ့အစည်းသာဖြစ်သည် ဟု ဆိုပါသည်။

သိပ္ပံပညာရှင်တို့တွေ့ရှိသောရောင်ခြည်တို့သည် တစ်ခု နှင့်တစ်ခု စွမ်းအားသတ္တိချင်းခြားနားသည်ဟု ဆိုပါသည်။

၁။ **ကတ်သုတ်ရောင်ခြည်**-လျှပ်စစ်သံလိုက်ကွင်းများကို မထိုး ဖောက်နိုင်၊ ပြေးသောအခါ မျဉ်းဖြောင့်အတိုင်းပြေးသည်။

၂။ **အာလဖာရောင်ခြည်**-ရေဒီယမ်မှရသည်၊ ဓာတ်ပုံဖလင် ကော်ပြားကိုဖျက်ဆီးနိုင်သည်၊ ပါးလွှာသောသတ္တုပြားနှင့် နှစ်လက်မခန့်ထူသောလေထုကိုမဖောက်ထွင်းနိုင်၊ တစ်စက္ကန့်လျှင် မိုင်တစ်သောင်းအမြန်နှုန်းရှိသည်။

၃။ **ဘီတာရောင်ခြည်**-ရေဒီယမ်မှရရှိသည်၊ တစ်လက်မ၏ ခြောက်ပိုင်း တစ်ပိုင်းမိုင်ခန့်ထူသောဒန်နှင့် တစ်မီလီမီတာ ရှိသောခဲပြားကိုဖောက်ထွင်းနိုင်သည်၊ တစ်စက္ကန့်လျှင် (၁၈၆၃၀၀)နှုန်းဖြစ်သည်။

၄။ **ဂမ္မာရောင်ခြည်**-ရေဒီယမ်မှရသည်၊ အလွန်ပြင်းထန်သော ရောင်ခြည်ဖြစ်၍ တစ်ပေထူသောအသံကိုပင် ဖောက်နိုင်

သည်၊ လျှပ်စစ်သံလိုက်ဓာတ်ကြွသောရောင်ခြည်ဖြစ်၍ X-ray ခေါ် ဓာတ်မှန်ရိုက်သောရောင်ခြည်၊ ခရမ်းရောင်ခြည်တို့နှင့် ဆက်စပ်လျက်ရှိသည်။

၅။ **လေဆာရောင်ခြည်**-အပူရှိန်အားကြီးသည် စိန်ကိုပင်ဖြတ်နိုင်သည်၊ ယနေ့စက်မှုလက်မှုနှင့်အဖျက်လက်နက်များတွင် အသုံးပြုနေသောအထက်မြက်ဆုံးရောင်ခြည်ဖြစ်သည်။

အခြားရောင်ခြည်များသည် အရောင်အမျိုးမျိုး၊ လှိုင်းအမျိုးမျိုးရှိနေ၍ လိုရာသို့မလွှတ်နိုင်ပါ၊အဖက်ဖက်သို့ယိုင်ပြန့်နေပါသည်၊ လေဆာကား တစ်ရောင်တည်း၊ လှိုင်းတသမတ်တည်းရှိ၍ လုံကဲ့သို့လိုရာနေရာတစ်နေရာတည်းသို့ ဖြောင့်တန်းစွာ စူးဝင်ထိုးဖောက်နိုင်စွမ်းရှိပါသည်။

ထိုသိပ္ပံပညာရှင်များသည် ထိုအရာများကို လူသားတို့အကျိုးပြုမှုထက် လူသတ်လက်နက်သူ့ထက်ငါသာအောင် စူးစမ်းရှာဖွေမှုများကသာ များနေပါသည်။

သိပ္ပံဆရာတို့က လှိုင်းအဖြစ်ရောင်ခြည်အဖြစ် ပြောဆိုနေကြသောအရာဝတ္ထုများကိုလွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ကျော်က ဗုဒ္ဓဂေါတမတေဇောဓာတ်၊ ဝါယောဓာတ်အဖြစ်လည်းကောင်း၊ အနုမြူ ပရမာအနုမြူအဖြစ်လည်းကောင်း၊ ဖော်ထုတ်ဟောပြောထားပြီးဖြစ်ပါသည်။

ထိုသိပ္ပံပညာရှင်တို့ပြောပြသော ဓာတ်လှိုင်းရောင်ခြည်တို့ထက်စွမ်းအားထက်သော လူသားတို့အားအကျိုးပြုရာ၌ အတုမရှိသောဓာတ်လှိုင်းရောင်ခြည်တစ်မျိုးမှာ ရှင်တော်ဗုဒ္ဓ ဖြစ်ပေါ်ကြားခဲ့သော အဒေါသစိတ်ခေါ် မေတ္တာရောင်ခြည်ပင်

www.dhammaransi.com



ယနေ့ခေတ်တွင်ပင် လကမ္ဘာ အင်္ဂါဂြိုဟ်စသည်တို့ သွားနိုင်ရန် သိပ္ပံပညာရှင်တို့က အစွမ်းထက်သော စက်ကိရိယာများကို ဖန်တီးနေကြပါသည်။ထိုအရာများသည် ကမ္မနိယာမအရ လူသားတို့က ဖန်တီးထုတ်လုပ်ခြင်းဖြစ်ပါသည်။

ထိုစက်ကိရိယာများသည် လူသား၏ခန္ဓာကိုယ်မှ ထုတ်လွှင့်လိုက်သော မေတ္တာဓာတ်လောက် နူးညံ့သိမ်မွေ့ခြင်း မရှိသလို ထက်မြက်ခြင်းလည်းမရှိပါ။

စကြာဝဠာအနန္တရှိ ရုပ်လောကကြီးတစ်ခုလုံးကို စိတ္တေနနိယတေ လောကော ဟူသော ဘုရားဟောတရားတော်အရ စိတ်ကသာဦးဆောင်နေသည်ကို ယနေ့သိပ္ပံပညာရှင်တို့ကလက်ခံထားကြပြီးဖြစ်ပါသည်။

စကြာဝဠာအစနှင့်တကွ ပုပုရွှရွမြင်နေသမျှတို့၏ ဖန်တီးဖြစ်ပေါ်လာမှုတို့တွင် စိတ်သာလျှင်ပဓာနဖြစ်ပြီး အရာရာတွင်စိတ်သာလျှင် စိုးမိုးအုပ်ချုပ်အစိုးရမှုရှိနေပါသည်။

ကမ္ဘာကျော်ပညာရှင်များဖြစ်ကြသော ခေါ်မပညာရှင် ဒီမိုကရိတပ်၊ ပိုက်သဂိုရပ်တို့ကလည်း-

"စကြာဝဠာတစ်ခုလုံး၏အခြေခံမူလသည် အနုမြူအစုအဝေးမျှသာဖြစ်သည်၊ထိုအနုမြူတွင်လည်း အနူးအညံ့ဆုံး အသိမ်မွေ့ဆုံးအနုမြူမှာ စိတ်သာလျှင် ဖြစ်သည်။

စိတ်ဆန္ဒသည်ကား တစ်လောကလုံးတွင် အရာရာကို စိုးမိုးသည်၊ဤလောကကြီးအတွင်းရှိ သက်ရှိသက်မဲ့အရာအား

www.dhammaransi.com


လုံးမှာ စိတ်ဆန္ဒကြောင့်သာဖြစ်ပေါ်နေရသည်၊မည်သည့် ဘုရားရှင် အနန္တဝိညာဉ်ကြောင့်မျှ ဖြစ်ပေါ်လာရသည်မဟုတ်" ဟု ဆိုထားခဲ့ကြပါသည်။

ရောင်ခြည်ဘဲဆိုဆို၊ အနုမြူဘဲဆိုဆို စကြာဝဠာများ သည်တစ်ခုနှင့်တစ်ခုဝေးကွာသည်၊ဆက်စပ်မှုမရှိဟု ထင်နေရ သော်လည်း စင်စစ်မှာမူတစ်ခုတည်းသာဖြစ်ပါသည်။

ဗုဒ္ဓကမူ အဘိဓမ္မာ၌ တော၊တောင်၊ရေ၊မြေ၊သမုဒ္ဒရာ နှင့်သက်ရှိသက်မဲ့အရာဝတ္ထုအားလုံးသည် အခြေခံအားဖြင့် အဋ္ဌကလာပ်ရုပ်များသာဖြစ်၍ ကလပ်မှုံ၊ကလပ်မွှား၊ရုပ်မှုံ့ရုပ် မွှားတို့ဖြင့် ဖွဲ့စည်းထားခြင်းသာ ဖြစ်သည်ဟု ဖွင့်ဆိုဟောကြား ထားပါသည်။

သိပ္ပံပညာ၌ အနုမြူကိုတိကျစွာသိမြင်လာသောအချိန် မှစ၍ စကြာဝဠာအတွင်းရှိ အရာဝတ္ထုအားလုံးသည် တစ်ခု နှင့်တစ်ခုကင်းကွာ၍မရပ်တည်နိုင်ကြောင်း တွေ့မြင်လာပါသည်။

လူနှင့်စကြာဝဠာအနန္တသည် အသံလှိုင်းအားဖြင့် လည်းကောင်း၊ကိုယ်မှဖြာထွက်နေသော ကိုယ်ရောင်အားဖြင့် လည်းကောင်း၊တုန်ခါနေသောအားဖြင့်လည်းကောင်း၊အခြား သံလိုက်ဓာတ်၊လျှပ်စစ်ဓာတ်အားဖြင့်လည်းကောင်း၊အချင်းချင်း ဆက်သွယ်ထိတွေ့နေကြောင်းကို ယနေ့ရုပ်မြင်သံကြားစက် များ၊ဂြိုဟ်တုဆက်သွယ်ရေးစက်များကိုကြည့်သောအားဖြင့် သိသာလှပါသည်။

www.dhammaransi.com



ထို့ကြောင့် အဒေါသစိတ်ခေါ် မေတ္တာဓာတ်လှိုင်းများသည် စကြာဝဠာအနန္တနှင့်ဒိုးယိုပေါက်ဖြတ်သန်းလွှမ်းမိုးကာ အလွယ်တကူပင် အရှိန်အဝါသက်ရောက်နိုင်ကြောင်း သိသာနိုင်ပါသည်၊အနီးအဝေးဟူသောသဘောသည် သိပ္ပံ၌မရှိသလို စိတ်လုပ်ငန်း၌လည်း မရှိပါ၊နိုင်ငံခြားသို့သွားလိုစိတ်နှင့်နတ်ပြည်ဗြဟ္မာပြည်သွားလိုသောစိတ်သည် အတူတူပင် ဖြစ်ပါသည်၊ယခု သွား-ယခုရောက်သည်။

စကြာဝဠာအတွင်း၌ မည်သည့်ဒြပ်ဝတ္ထုမဆို အချင်းချင်းဆွဲငင်လျက်ရှိသည်၊လောက၌ ဒြပ်ဝတ္ထုနှစ်ခုရှိလျှင် လျှပ်စစ်ဓာတ်၊သံလိုက်ဓာတ်စသောအကြောင်း(၆)မျိုးကြောင့် အင်အားသစ်တစ်ခုဖြစ်ပေါ်လာရသည်ဟု ဆိုပါသည်။

ရူပဗေဒ၌ အိုက်ဇက်နယူတန်၏ရွေ့လျားမှုနိယာမ (၃)မျိုးတွင်-

အမှတ်(၁)နိယာမ-လက်ရှိရပ်တည်နေသောအခြေအနေကို ပြောင်းလဲလိုလျှင် ပြင်ပမှအင်အားတစ်ခု ဖြင့်ပြုလုပ်ပေးရမည်။

အမှတ်(၂)နိယာမ-အရှိန်အဟုန်ပြောင်းလဲပေးသောနှုန်းသည် သက်ရောက်သောအားနှင့် တိုက်ရိုက်အချိုးကျပြီး အား၏လားရာဘက်အတိုင်း လားမည်။

အမှတ်(၃)နိယာမ-သက်ရောက်မှုတိုင်းတွင် ယှဉ်နှင့်ညီမျှသောတန်ပြန်သက်ရောက်မှုရှိသည်။မှန်ကြည့်လျှင်တန်ပြန်အရိပ်ပေါ်သကဲ့သို့ပင်ဖြစ်သည်။

ဤနိယာမသဘောများအရ စိတ်ပိုင်းဆိုင်ရာအင်အားကို သိမြင်ထားသူများသည် မေတ္တာစိတ်ဓာတ်စွမ်းအားဖြင့် လောကငြိမ်းချမ်းမှုကို တည်ဆောက်နိုင်ကြောင်းသိပါမည်။

အမှတ်(၂)(၃)နိယာမအရ မေတ္တာထံပို့လွှတ်သူထံသို့ရောက်-မရောက်နှင့် အပို့ခံရသူ၏မေတ္တာတုံ့ပြန်မှုကိုလည်း ပို့သူထံသက်ရောက်မှုရှိ-မရှိသောပြဿနာသည် ရှင်းနေပါသည်။

အသေဟုဆိုအပ်သောရုပ်ဝတ္ထုတို့၌ပင် အချင်းချင်းမှီတွယ်မှုသက်ရောက်မှုရှိနေလျှင် မေတ္တာစသောနာမ်သတ္တိများအဖို့မူ အထူးပြောနေစရာလိုမည်မထင်ပါ။

မေတ္တာဓာတ်လှိုင်းပို့လွှတ်သူများသည် သမာဓိအင်အားကောင်းလာသောအခါ မေတ္တာခံယူသူများထံ မိမိမေတ္တာမည်သို့မည်ပုံရောက်ရှိကြောင်းနှင့်မေတ္တာခံယူသူထံမှလည်း မည်သို့သောတုံ့ပြန်မှုပြန်ကြားချက်များရသည်ကို အလိုလိုသိမြင်လာပါသည်။ဥပမာ-အိပ်မက်မက်ခြင်း၊အသံကြားခြင်း၊ ပုံသဏ္ဌာန်ထင်ခြင်း၊သတင်းစကားကြားခြင်း စသည့်တုံ့ပြန်မှုများပြန်လာသည်ကို တွေ့ရတတ်ပါသည်။

www.dhammaransi.com


နံရံကိုဘောလုံးနှင့်ပစ်ပေါက်လိုက်က ဘောလုံး၏တုံ့ပြန်မှု၊ ရေကန်ထဲသို့ ခဲတစ်လုံးပစ်ချလိုက်က ခဲအင်အားအလိုက် ရေဂယက်လှိုင်းဖြစ်ပေါ်လာမှုကိုကြည့်က တုံ့ပြန်မှုများကို သိသာနိုင်ပါသည်။

ဟဒယဝတ္ထုမှနေ၍အကြည်မှ ထုတ်လွှတ်လိုက်သော မေတ္တာစာတ်လှိုင်းသည် အစိုင်အခဲမရှိအနူးမြူရောင်ခြည် အဖွဲ့အစည်းများဖြင့်သာ ဖြစ်သော(အဋ္ဌကလာပ်ရုပ်အဖွဲ့အစည်းများသာဖြစ်သော)အနန္တစကြာဝဠာအတွင်းရှိ ရုပ်ကလာပ်(မော်လိကျူ)အဆက်ဆက် လက်ဆင့်ကမ်းကာ အဆုံးအပိုင်းအခြားမထင်အောင် တုန်ခါရိုက်ခတ်သွားခြင်းသာ ဖြစ်ပါသည်။

လူ၏ကိုယ်မှဖြာထွက်သောစိတ်အား၊ ဇောအား၊သိပ္ပံအလိုအရ လျှပ်စစ်တုန်ခါမှု တစ်မျိုးအားသည် ယုံကြည်မှုကြောင့်ဖြစ်ပေါ်လာရသောစွမ်းအားဖြစ်ပါသည်။

ထိုယုံကြည်မှုသည မမြင်ရသောစွမ်းအားများကိုထ, ကြွသွားစေပြီးလျှင် ကိုယ်တိုင်ဖြစ်လိမ့်မည်ဟု မထင်သောကိစ္စကြီးများကို ကိုယ်နှင့်ဆိုင်သောလောကအတွင်းသို့ သယ်ဆောင်ပေးလာတတ်ပါသည်။

သိပ္ပံပညာသည် အပြင်ဝတ္ထုကိုသာကြည့်သည်၊ အတွင်းကိုမကြည့်ပါ။အဝေးကိုသာကြည့်သည်၊အနီးကိုမကြည့်ပါ။သို့အတွက် စိတ်လောကနှင့်ရုပ်လောကတွင် ရုပ်လောကသာအဓိကဟူ၍ မြင်နေတတ်ပါသည်။

www.dhammaransi.com


စိတ်၏တွေးတောမှုနှင့်စိတ်၏တုန်ခါမှုများကို စဉ်းစားလိုက်ပါက လူ့စိတ်မှဖြစ်ပေါ်လာသော တန်ခိုးသည် မည်ကဲ့သို့သောတန်ခိုးဖြစ်သည်ကိုသာမန်ဉာဏ်ဖြင့် စဉ်းစား၍မရနိုင်ပါ။

မူလဘူတခာတ်ကြီးလေးပါးကို ဆွဲငင်ပေါင်းစည်းပေးသောအရာမှာ မေတ္တာဖြစ်၍ကွဲပြားအောင်လုပ်သောအရာ မှာ မုန်းတီးမှု(ဒေါသ)ဖြစ်ပါသည်၊မေတ္တာတရားနှင့်မုန်းတီးမှုကသာခာတ်ကြီးလေးပါးကို ချုပ်ကိုင်ထားသည်ကို အဘိဓမ္မာသဘောအရ သိရပါမည်။

စိတ်ခာတ်လှိုင်းစေလွှတ်ခြင်းဆိုသည်မှာ ရပ်ဝေးနေပုဂ္ဂိုလ်တစ်ဦးထံ တစ်စုံတစ်ရာပြောကြားသိစေလိုသည်ဟု ဆိုလျှင် ထိုသူကိုစိတ်ထဲမြင်အောင် ခြေဆုံးခေါင်းဆုံးပီပီပြင်ပြင်ထင်မြင်လာအောင် စိတ်ညွှတ်ထားပြီးနောက် မိမိပြောလိုသော အကြောင်းအရာကို တိုတိုတုတ်တုတ်ရေးသားထားပြီးနေ့စဉ်ရက်ဆက် အတွင်းစိတ်ထဲစွဲနေအောင် ကြိမ်ဖန်များစွာရွတ်ဖတ်၍ စိတ်ကိုစေလွှတ်ခြင်းပင် ဖြစ်ပါသည်။

ယခုအခါ တယ်လီပသီခေါ်စိတ်ချင်းစကားပြောနည်းကို ကမ္ဘာ့တစ်ဝှမ်းတက်တက်ကြွကြွ လေ့လာနေသည်ကို တွေ့ရပါမည်။

www.dhammaransi.com



## လူသားနှင့်စိတ်ဓာတ်

လူသည် စကြာဝဠာအတွင်း ရုပ်ပိုင်းဆိုင်ရာနာမ်ပိုင်းဆိုင်ရာအင်အားများပါရှိသော ကမ္ဘာလေးတစ်ခုဖြစ်ပါသည်။

ထိုလူသားထံမှ အမြဲတစ်စေတုန်ခါထုတ်လွှင့်နေသော ရောင်ခြည်လှိုင်းတို့သည် အနန္တမြူအဖွဲ့အစည်းမျှသာဖြစ်သော အနန္တစကြာဝဠာ၌ နေရာမလပ်ထိတွေ့ပေါင်းဆုံကာ ရုပ်သက်သက်ချည်းသာဖြစ်သော ရောင်ခြည်လှိုင်းအင်အားများအပေါ် လွှမ်းမိုးချုပ်ကိုင်နေပါသည်။

ဤသိပ္ပံအမြင်များသည် ဗုဒ္ဓ၏အဘိဓမ္မအမြင်၌ ရှေးနှစ်ပေါင်း ၂၅၀၀ကျော်ကပင် ဖော်ထုတ်ဟောထားပြီး ဖြစ်ပါသည်။

ဓာတုသံယုတ်၌ -တစ်လောကလုံး ဓာတ်သဘောဖြင့်သာ ဆက်နွှယ်နေသည်။

စိတ္တဝဂ်၌ -စိတ္တေနနိယတိလောကောတစ်လောကလုံး စိတ်ကသာဦးဆောင်နေသည်။

ဓမ္မပဒ၌ -မနောပုဗ္ဗင်္ဂမာဓမ္မ-နာမ်တရားတို့ကို စိတ်ကသာဦးဆောင်နေသည်။

ခန္ဓသံယုတ်၌ -သတ္တဝါတို့၏အမွေးအတောင်အရောင်အဆင်းစသည့်တို့သည် ဖြစ်ချင်သောစိတ်ကြောင့်ပင် ဖြစ်နေကြရ၏။

www.dhammaransi.com



မူလပဏ္ဏာသ
ပါသရာသိသုတ်၌-ဘုရားရှင်၏ရောင်ခြည်တော်တို့သည်
သာသနာကျယ်သည့်အထိ စကြဝဠာ
တစ်ခွင်၌ ပျံ့နှံ့၍တည်နေမည်။

မဇ္ဈိမပဏ္ဏာသ
ဥပါလိသုတ်၌ -သမာဓိရှိသောစိတ်သည် နာဠန္ဒမြို့ကြီးတစ်
မြို့လုံးကိုပင် ချက်ချင်းပြာအတိကျစေနိုင်
သည်။

ဟူ၍ ဗုဒ္ဓက ဟောကြားခဲ့ပါသည်။

ကံကြောင့်ဖြစ်သော ကမ္မနိယာမကို ခြွင်းချက်ထား၍ အဘိညာဉ်တန်ခိုးဟူသော စိတ်သည်လောကကြီးတစ်ခုလုံးကို မှောက်လိုမှောက်၊လှန်လိုလှန် စိတ်အကြံအစည်တိုင်း ဖြစ်စွမ်းစေနိုင်သည်ဟု အဘိညာဉ်တန်ခိုး၌ ဖွင့်ဆိုပြထားပါသည်။

သမာဓိရှိသော(ဝါ)တန်ခိုးရှိသော ပုဂ္ဂိုလ်များသာလျှင် ဤလောကကြီးကို လိုသလိုပြုလုပ်နိုင်စွမ်းရှိသည်မဟုတ်ပါ၊ အသက်ရှိသောစိတ်ရှိသော သတ္တဝါတိုင်းပင်မိမိတို့၏စွမ်းအားအလိုက် လောကကြီးကိုကောင်းစေ-ဆိုးစေနိုင်ပါသည်။

လူသား၌ရှိသောအင်အားများစွာတို့တွင် စိတ်ဓာတ်အင်အားသည် အကြီးမားဆုံးဖြစ်ပါသည်၊လူသားတစ်ဦး၏ စိတ်ကူးတစ်ချက်သည် အနုမြူဗုံးများစွာပေါက်ခဲ့သည်ထက် ပြင်းထန်ပါသည်၊အနုမြူဗုံးဒဏ်မှာ တစ်ဘဝသာခံရပါမည်၊

www.dhammaransi.com



အကုသိုလ်မကောင်းမှုစိတ်တစ်လုံးကား တစ်သံသရာလုံး ပေါက်ကွဲခံစားရပါသည်။

ဗုဒ္ဓဟောကြားခဲ့သော ကာယကံ၊ဝစီကံ၊မနောကံ ဟူသောဒုစရိုက်(၁၀)ပါးတွင် မနောကံစိတ်ထဲမှာဖြစ်နေမှုသည် အပြစ်အကြီးဆုံးအင်အားအကြီးမားဆုံးဖြစ်ကြောင်း ဘုရားရှင်က ဥပါလိအား ဟောကြားခဲ့ပါသည်၊မနောကံအကုသိုလ်များက-

၁။ အဘိဇ္ဈာ -သူတစ်ပါးပိုင်ပစ္စည်းများကို မတရားယူရန်ကြံစည်ခြင်း

၂။ ဗျာပါဒ -သူတစ်ပါးအားပျက်စီးစေလိုခြင်း

၃။ မိစ္ဆာဒိဋ္ဌိ -အယူအတွေးအခေါ်မှားခြင်း

၄။ ဣဿာ -သူတစ်ပါးကောင်းစားတာကို မနာလိုခြင်း

၅။ မစ္ဆေရ -သူတစ်ပါးကိုပေးရမည်၊ဆက်ဆံရမည်ကို ဝန်တိုခြင်း

ဤအကုသိုလ်များက သတ်ဖြတ်ခိုးဆိုးတိုက်ခိုက်ခြင်း စသည်ကဲ့သို့ စားရသောက်ရပြီးမှ ခံရသောအကုသိုလ်များ မဟုတ်ပါ၊စိတ်ထဲဖြစ်ကာမျှဖြင့် အလွန်အပြစ်ကြီးလေးသော အကုသိုလ်အပုလိုင်းများ ဖြစ်ကြပါသည်။

လူသားတို့၏စိတ်သည် သက်ရှိသတ္တဝါအချင်းချင်းတို့၌သာ ခတ်ခိုက်ကူးစက်သည်မဟုတ်၊သက်မဲ့ဖြစ်သော တောတောင်သစ်ပင် ရေမြေစသည်တို့၌လည်း ခတ်ခိုကူးစက်လာပါသည်။

www.dhammaransi.com



အနုမြူဗုံးချ၍ အဆိပ်သင့်သောနေရာ၌ မည်သည့်သစ်ပင်မှမပေါက်နိုင်ခြင်းသည် အလွန်ဆုံးအနှစ်(၂၀)လောက်မျှလောက်သာဖြစ်မည်၊မကောင်းမှုစိတ်လှိုင်းထိခိုက်ခံရသောဒေသကား နှစ်ပေါင်းထောင်သောင်းချီ၍ ပျက်စီးသွားနိုင်ပါသည်။

ဒဏ္ဍကီ စသောမြို့ကြီးများတောအတိဖြစ်သွားရသည်မှာ စိတ်ဓာတ်အပူလှိုင်းကြောင့်ဖြစ်ရသည်ကို ဥပါလိသုတ်၌ဟောထားပါသည်။

နောက်ဆုံးကမ္ဘာကြီး မီး၊ရေ၊လေကြောင့် ပျက်စီးပျောက်ကွယ်သွားရသည်မှာလည်း လူသားတို့၏လောဘ၊ ဒေါသ အပူလှိုင်းများကြောင့် ဖြစ်သည်။

ကမ္ဘာလောကတစ်ဝှမ်း၌ ငတ်မွတ်ဘေး၊စစ်လက်နက်ဘေး၊အနာရောဂါဘေး၊(ဒုဗ္ဘိက္ခန္တရ-သတ္တန္တရ-ရောဂန္တရ)ကပ်ဆိုက်ရောက်ရသည်မှာ အကုသိုလ်အပူလှိုင်းများကြောင့် ကျရောက်ရခြင်းဖြစ်ပါသည်။

ခိုးမှု၊ သတ်မှု၊ လိမ်လည်မှု၊ လူကြီးမိဘအရိုအသေတန်မှုစသောစိတ်ယုတ်စိတ်ရိုင်းအပူလှိုင်းများကြောင့် သက်တမ်းတိုရခြင်း၊ရုပ်အဆင်းမလှမပခြင်း စသည်များဖြစ်ရကြောင်းကို စက္ကဝတ္တိသုတ်၌ ဟောကြားထားပါသည်။

သက်မဲ့ဖြစ်သော မြေ၊ ရေ၊ လေ မိုးလေဝသတို့စသည်တို့ကပင် စိတ်ပူစိတ်ရိုင်းများကိုလက်မခံကြ၊တုံ့ပြန်တော်လှန်မှု

www.dhammaransi.com



ရှိသည်ဟု ဇာတ်တော်များ၌ ဘုရားရှင်ဟောကြားထားသည်ကို တွေ့ရပါမည်။

တောထဲ၌နေသော ရသေ့များအကျင့်သီလရှိ-မရှိ ထိုရသေ့နေသော သင်ခန်းကျောင်းသစ်ပင်များကို ကြည့်ရုံမျှပင် သိနိုင်သည်။

လူသားတို့အကျင့်ကောင်းလျှင် မြေဆီလွှာ၊မြေဩဇာတို့ကောင်း၊မိုးလေဝသမှန်ကန်ပြီး သစ်ပင်သစ်သီးတို့သည် မြေဩဇာအဆီအနှစ်ပြည့်စုံသည်၊လူသားတို့အကျင့်မကောင်းသော် ဩဇာညံ့ပြီး အဆီအနှစ်ညံ့သည်။

လူတို့၏ဒုစရိုက်အပူများကြောင့် မြေဩဇာသီးနှံများပျက်ပြားပုံကအစ ကပ်ဆိုက်ရောက်ပုံအကြောင်းများကို တိကနိပါတ်ဂါမဏိဇာတ်၊ စတ္တာလီသနိပါတ်၊တေသကုလာဇာတ်၊ စတုက္ကနိပါတရာဇောဝါဒသုတ်တို့၌ ဟောကြားထားသည်ကို တွေ့ရှိရပါသည်။

ဝေသန္တရာမင်းကြီး၏မေတ္တာစွမ်းအားကြောင့် သုံးယူဇနာအတွင်းရှိ တိရစ္ဆာန်များအားလုံး အချင်းချင်းမေတ္တာသက်ဝင်ယှဉ်ပါးကြကြောင်း စရိယာပိဋကအဋ္ဌကထာ၌ ဆိုထားပါသည်။

စိတ်ပိုင်းဆိုင်ရာအင်အားကို အကြမ်းအားဖြင့် ခွဲခြားလျှင်-

www.dhammaransi.com



အကုသိုလ်-ဒုစရိုက်-အပုလှိုင်း
ကုသိုလ်-သုစရိုက်-အအေးလှိုင်း

ဟူ၍ (၂)မျိုးရှိသည်ကို တွေ့ရပါမည်။

အကုသိုလ်အပူလှိုင်းသည် ကမ္ဘာကြီးကို ပျက်စီးစေပြီး ကုသိုလ်အအေးလှိုင်းသည် ကမ္ဘာကြီးကို ငြိမ်းချမ်းသာယာ အေးမြစေပါသည်။

ဗုဒ္ဓအဘိဓမ္မာတရားတော်အရ
အကုသိုလ်သည်-မဟာတဗ္ဗ-အပယ်ခံတရား
ကုသိုလ်သည် - ပဟာယက ပယ်တတ်သောလွှမ်းမိုး
သတ်ဖြတ်နိုင်စွမ်းသောတရား

ထိုကုသိုလ်သည ကာမာဝစရကုသိုလ်၊ မဟဂ္ဂုတ် ကုသိုလ်၊လောကုတ္တရာကုသိုလ်စိတ်များဟူ၍ သုံးမျိုးရှိသည်၊ ထိုသုံးမျိုးသည် တစ်ခုထက်တစ်ခုက သာလွန်၍ အင်အား ကြီးမားသည်။

ကုသိုလ်တစ်စုံတစ်ခုပြုလုပ်သူသည် မိမိ၏ကုသိုလ်ကို ဆီမီးတစ်တိုင်မှတစ်တိုင်၊အဆင့်ဆင့်ကူးပေး၍ မကုန်နိုင်သကဲ့ သို့ အခြားသူများအား ဝေငှ၍ မကုန်နိုင်လောက်အောင် အင်အားရှိသည်။

မိလိန္ဒပဉှာ၌ အရှင်နာဂသိန်က ဟောကြားရာ၌-

"မင်းကြီး-အကုသိုလ်သည် အင်အားနည်း၏၊ကုသိုလ် ကားအင်အားကြီးမား၏၊ အကုသိုလ်သည် အင်အားနည်း

www.dhammaransi.com


သောကြောင့်ပြုလုပ်သူကိုသာလျှင် သိမ်းခြုံလွှမ်းမိုးနိုင်၏၊ကု သိုလ်ကား အင်အားကြီးမားသောကြောင့်ပြုလုပ်သူကိုသာ မက လူနတ်ပြဟ္မာတစ်လောကလုံးရှိ သိမ်းကျုံးလွှမ်းမိုးနိုင် သည်။

ကောင်းကင်မှကျလာသော မိုးရေတစ်ပေါက်သည် ထိုကျလာသောနေရာ၌ပင် ချုပ်ပျောက်သွား၏၊သဲသောင် ကုန်းမြေထူထပ်သော မြစ်ကောက်ကြီးထဲသို့ အထက်မှစီးဆင်း လာသောရေအနည်းငယ်သည် ရောက်သောနေရာ၌သာလျှင် ခန်းခြောက်ချုပ်ပျောက်သွား၏၊ရှေ့သို့ဆက်လက်၍စီးဆင်းနိုင် အားမရှိချေ။

ထို့အတူ အကုသိုလ်စိတ်သည်လည်း ပြုလုပ်သူအား ပူပန်လောင်ကျွမ်းစေ၏၊ညှိုးငယ်စေ၏၊တွန့်ဆုတ်စေ၏၊သတိရ ဆင်ခြင်လိုက်တိုင်း နောင်တပွားများအားငယ်စေခြင်း၊တက်ကြွ လန်းဆန်းကာ အင်အားတိုးတက်စေခြင်းမရှိ။

သည်းထန်စွာရွာသွန်းသောမိုးကြီးသည်ကား မိုးရေ ပေါက်ကျရောကသောနေရာ၌သာ မရပ်တည်မချုပ်ပျောက်ဘဲ အင်းအိုင်ချောင်းမြောင်းကန်အပေါင်းတို့သို့ စီးဝင်လွှမ်းမိုး၍ သွားသည်။

ကုသိုလ်ပြုသူများလည်း မိမိသာမက ပတ်ဝန်းကျင် သုံးဆယ့်တစ်ဘုံလုံး၌ ရွှင်မြကြည်နူးသွားစေ၏၊နှစ်သက်ရွှင် လန်းဝမ်းမြောက်၍ သွားစေ၏၊စိတ်အားတက်ကြွထက်သန်

www.dhammaransi.com



စေ၏၊တစ်လောကလုံးကို လွှမ်းခြုံဖုံးလွှမ်းစေ၏၊နှစ်ပေါင်းများစွာ မိမိကုသိုလ်ကို ဆင်ခြင်အောက်မေ့လေတိုင်း ဝမ်းမြောက်မှုနှစ်သက်မှုလှိုင်းတို့သာဖြစ်၍ အသစ်အသစ်ပြုလုပ်နေရသကဲ့သို့ အမြဲတမ်းရွှင်လန်းတက်ကြွနေရ၏၊အားသစ်တိုး၍-တိုး၍သာနေပါသည်။

စမ်းရေတွင်းသည် ထွက်ပေါက်ရှိနေစေကာမူ ကုန်ခမ်းသည်မရှိ၊ တစိမ့်စိမ့်တသွင်သွင် အလျှင်မပြတ်နိုင်သကဲ့သို့ ရှိ၏" ဟူ၍ ရှင်နာဂသိန်က ဥပမာပြ၍ အဖြေပေးခဲ့ပါသည်။

ဤကုသိုလ်အမျိုးမျိုးတွင် မေတ္တာကုသိုလ်သည်ကား သမာဓိအားကောင်းလာလျှင် မြတ်သောကုသိုလ် (မဟဂ္ဂုကုသိုလ်)ဖြစ်သည်။

လောကီနယ်ပယ်၌ လောကကြီးကို ညီညွတ်အောင်စိုပြေချမ်းမြေ့အောင် ငြိမ်းချမ်းအောင်ပြုလုပ်ပေးနိုင်သည်မှာ မေတ္တာကုသိုလ်ကြီးသာလျှင်ဖြစ်သည်၊ဤမေတ္တာလောက်အင်အားကြီးမားသောအရာသည်လည်းမရှိပါ။

လောကုတ္တရာနယ်ပယ်၌ မဂ်ကုသိုလ်အင်အားများသည် အထူးဆိုဖွယ်ရာမရှိပါ၊တစ်သံသရာလုံးကပါလာသော စိတ်ညစ်စိတ်ဆိုးများ အမြစ်ဖြတ်နှုတ်ပယ်နိုင်ပါသည်၊ကုသိုလ်အကုသိုလ်အားလုံးကို အကြွင်းမဲ့သုတ်သင်ရှင်းလင်းနိုင်သော ကုသိုလ်ထူးဖြစ်သည်။

www.dhammaransi.com



လောကုတ္တရာအင်အားရှိသော သူတော်ကောင်းကြီးများ၏မေတ္တာကုသိုလ်ကြီးသည်ကား အထူးဆိုဖွယ်ရာမရှိပါ၊ ပကတိစိတ်ဓာတ်အင်အားကြီးပင်လျှင် အလျင်မြန်ဆုံးအင်အားအကြီးမားဆုံးဖြစ်နေလေရာ မေတ္တာစိတ်ဓာတ်လှိုင်းကြီး၏အင်အားသည် အနှစ်ရာထောင်သိန်းသန်းမျှမြင့်လည်း အရှိန်အင်အားလျော့မသွားနိုင်ပါချေ။

ရင်ချိုင့်အလယ်တွင် လက်သီးဆုပ်ခန့် နှလုံးဗူးအိမ်အတွင်း၌ နှလုံးသွေးများသည် စမ်းရေအသွင်တစ်ကိုယ်လုံးသို့ ထုတ်လွှင့်ပေးနေသည်၊ထိုနှလုံးအိမ်၏တုန်ခါမှုသည် တစ်မိနစ်လျှင် အကြိမ်(၇၀)ခန့် လှုပ်ရှားနေလေသည်။

ဟဒယဝတ္ထုရုပ်သည် ထိုနှလုံးအိမ်၌တည်ရှိကာ အင်အားကြီးမားလှသောမနောဝိညာဉ်ခေါ် ဘဝင်စိတ်သည်လည်း ပြိုးပြိုးပြက်ပြက်တလက်လက်တဝင်းဝင်း ထင်လင်းလာအောင် တောက်ပလှုပ်ရှားနေသည်။

ထိုနှလုံးအိမ်မှ အဆက်မပြတ်ထုတ်လွှတ်နေသော မေတ္တာစိတ်ဓာတ်လှိုင်းကြီးကား အတိုင်းမသိသောစကြဝဠာတစ်ခွင်လုံးသို့ လွှမ်းဖုံးငြိမ်းအေးစေပါတော့သည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com



## မေတ္တာဟူသည်

"မဇ္ဇတီတိမေတ္တာ၊ မိတ္တေဘဝါ၊ ဝါမိတ္တာသ ဧသောတိ ဝါမေတ္တာ"

-အကြင်တရားသဘောသည် ချစ်ခင်တတ်သော ကြောင့် မေတ္တာ

-တစ်နည်း-အဆွေခင်ပွန်း၌ဖြစ်တတ်သောကြောင့် မေတ္တာ

-တစ်နည်း-အဆွေခင်ပွန်း၏ဥစ္စာဖြစ်သောကြောင့် မေတ္တာ

သုခသဥ္စိတာမေတ္တာ၊ လောကသဿမာတုသမ္ဘတာ

မေတ္တာစာတ်သည် ကမ္ဘာလောကစာတ်ကြီးတစ်ခုလုံး၏မိခင်ကြီးသဖွယ်ဖြစ်သည်။

ဣတိဝုတ်ပါဠိတော်၌-

"ဗြဟ္မာကြီးမည်သည် မေတ္တာ-ကရုဏာ-မုဒိတာ-ဥပေက္ခာ ဟူသောဗြဟ္မဝိဟာရတရားလေးပါးနှင့်ပြည့်စုံသကဲ့သို့ မိဘတို့သည် သားသမီးများအပေါ်၌ ဗြဟ္မဝိဟာရတရားလေးပါးနှင့်ပြည့်စုံစွာနေတတ်သောကြောင့် မိဘတို့ကိုလည်း ဗြဟ္မာဟူ၍အမည်ရှိကြောင်း ဟောကြားထားပါသည်"

မေတ္တာကိုတရားကိုယ်အရကောက်ပါက ပရမတ္ထတရားလေးပါးတွင် ပါဝင်သောအဒေါသ(ကြမ်းတမ်းခက်ထန်ခြင်းမရှိ)စေတသိက်ပင်ဖြစ်ပါသည်။

www.dhammaransi.com


ယင်းဒေါသစေတသိက်ကိုပင် မေတ္တာဗြဟ္မဝိဟာရ (မေတ္တာဗြဟ္မစိုရ်)ဟူ၍ ခေါ်ကြပါသည်။

ယင်းဒေါသဟူသောမေတ္တာသည်-

-ပွားစီးစေသောအခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏။

-အပွားအစီးကိုဖြစ်အောင်ဆောင်ရွက်ခြင်းကိစ္စရှိ၏။

-ရန်ညိုးဖွဲ့ခြင်းကို ကင်းပျောက်စေခြင်း အခြင်းအရာ ရှိ၏။

-သတ္တဝါတို့၏နှစ်သက်ဖွယ်သောအဖြစ်လျှင် ဦးစွာ သောအကြောင်းရှိ၏။

-သူတစ်ပါးတို့အား မနှိပ်စက်ညှင်းဆဲလိုသောအဖြစ် မရှိခြင်း၊ ဒေါသကင်းငြိမ်းခြင်းသည် ထိုမေတ္တာ၏ ပြည့်စုံခြင်းမည်၏။

-တဏှာရာဂအားဖြင့် ချစ်ခင်ခြင်းသည် ထိုမေတ္တာ၏ ပျက်စီးခြင်းမည်၏။

လောကဥပမာအားဖြင့် မေတ္တာသည်-

-ဝါးဖောင်၊ သစ်ဖောင်အဖြစ်ရောက်အောင်ကောင်း စွာဖွဲ့ချည်သော ကြိုး-ကြိမ်နွယ်တို့နှင့်တူသည်။

-အိမ်၊ကျောင်း၊ဇရပ်၊ပြဿဒ်၊နန်းတော်စသော အဆောက်အဦးကြီးအဖြစ်သို့ရောက်အောင် ဖွဲ့စပ် ကြောင်းဖြစ်သော သံနှင့်တူသည်။

www.dhammaransi.com



-နှစ်ထပ်သုံးထပ်၊ဆယ်ထပ်စသောတိုက်ကြီးများ၊ ခံတပ်ကြီးများ၊ စေတီကြီးများအဖြစ်သို့ရောက်အောင် ရှက်ဆောင်တတ်သော အာပေါဓာတ်နှင့်လည်း တူသည်။

-ထိုထိုသံစိမ်းများကို မိမိထံမှောက်သို့ရောက်အောင် ကပ်ရောက်ငြိတွယ်စေတတ်သော သံလိုက်ဓာတ်နှင့် တူသည်။

ထိုမေတ္တာဓာတ်သည် ရုပ်ဓာတ်၊ နာမ်ဓာတ်နှစ်ပါးတွင် နာမ်ဓာတ်သာဖြစ်သည်၊ယင်းကို အကောင်အထည်အားဖြင့် တွေ့မြင်ရသည်၊တွေ့ထိရသည် မဟုတ်ပါ။

သို့သော် ကမ္ဘာ့နိယာမ သဘာဝဓမ္မတာအားဖြင့် ထင်ရှားရှိနေသော ဓမ္မသဘာဝတရားတစ်ခု ဖြစ်နေပါသည်။

ဥပမာအားဖြင့်ကြည့်သော်-

ရေသေ၊ရေထရှိသောအရပ်၌ ရေထသောအခါ ကုန်းပေါ်ကငါးပိအိုးများ၌ ရေတိုးသည်၊ရေသေသောအခါ ငါးပိအိုးများ၌ ရေခန်းခြောက်သည်။

သမုဒ္ဒရာရေနှင့်မည်သို့မျှဆက်စပ်ခြင်းမရှိသော ငါးပိအိုး၌ ရေတိုးခြင်း၊ ရေခန်းခြောက်ခြင်းအခြေသို့ရောက်အောင် ထိခိုက်မှုသည် မမြင်အပ်သောသဘာဝနိယာမစွမ်းအားကြောင့်ပင်ဖြစ်ပါသည်။

အလားတူအပင်ထက်မှကြွေကျသော ဥသျှစ်သီးကို

www.dhammaransi.com



မီးဖုတ်ပါက အပင်ပေါ်ရှိကျန်သောဥသျှစ်သီးများ မည်သို့မျှ ဆက်ယှက်ခြင်းမရှိဘဲ ကွဲအက်ခြင်းသို့ရောက်သော သဘာဝ နိယာမတရားရှိသည်။

ဤကဲ့သို့ပင် မေတ္တာပို့ခြင်းကိုပြုသောသူနှင့်ပို့သော မေတ္တာခံယူသောသူတို့မှာ မည်သို့မျှစက်ယှက်ခြင်းမရှိငြား သော်လည်း မေတ္တာပို့သခံရသောသူတို့မှာ မေတ္တာစေတ်အား ကြီးလျှင် အားကြီးသည့်အလျောက် ချမ်းသာသုခကို ရရှိခံစား ကြရပါသည်။

လိပ်စသောသတ္တဝါ၊ ဥဒေါင်းစသောသတ္တဝါတို့သည် မိမိတို့၏ဥများကို သင့်တော်ရာအရပ်၌ ဥ,ထားပြီးလျှင် အဝေး ကပင်အာရုံပြုပြီး မေတ္တာပို့သနေပါသည်။

ထိုလိပ်မ၊ ဥဒေါင်းမမှာ ဘေးအန္တရာယ်ကင်း၍သေ ပျောက်ခြင်းမရှိပါက ထိုလိပ်ဥ၊ ဥဒေါင်းဥတို့သည် ပုပ်သိုးပျက် စီးခြင်းမရောက်ဘဲ အချိန်ရောက်က ပေါက်ဖွားလာကြသည်။

ဤသည်မှာ-မေတ္တာစွမ်းအားပင် ဖြစ်ပါသည်။

လောက၌ မြားဆိပ်ပင်မှအစေးကိုယူ၍ လူတို့ဆေးဝါး ဖော်စပ်ကြလေ့ရှိသည်။

ထိုမြားဆိပ်ပင်မှ နောက်နောက်ထွက်လာသော အစေးတို့သည် ရှေးကကဲ့သို့ထက်မြတ်သောအဆိပ်အစေး အဖြစ်သို့မရောက်တော့ဘဲ ပျက်ပြယ်ခြင်းသို့ရောက်ကုန် သည်။

www.dhammaransi.com



တမာမဲဇလီပင်မှ အရွက်၊အဖူးတို့ကို လူတို့မပြတ်-မပြတ်စားသောက်ကြကုန်သည်ရှိသော် ထိုတမာ၊မယ်ဇလီပင်တို့၏ အရွက်၊အဖူး၊အပွင့်တို့သည် ခါးသက်သက်အရသာနည်းပါးလာ၍ စားသုံးကောင်းသောအရာသို့ ရောက်ကုန်ကြသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မေတ္တာ–တဏှာ–အဒေါသ

ဒေါသ၏ဆန့်ကျင်ဘက်တရားသည် မေတ္တာပင်ဖြစ်သည်၊မေတ္တာဟူသောစကားကို ကမ္ဘာပေါ်တွင် လူမျိုးအလိုက်ဘာသာအလိုက် သုံးနှုန်းခေါ်ဝေါ်ပြောဆိုလျက်ရှိသည်။

မေတ္တာဟူသောစကားသည် ပါဠိစကားဖြစ်ပါသည်၊ ချစ်ခြင်းဟူ၍ မြန်မာပြန်ဆိုကြပါသည်၊ မြန်မာလူမျိုးတို့၏ နယ်ပယ်တွင်-

-တစ်ယောက်နှင့်တစ်ယောက်မေတ္တာမျှသည်

-မေတ္တာထားပါ

-မေတ္တာရှေ့သွား

-တစ်ဦးမေတ္တာတစ်ဦးမှာ

-မေတ္တာဝတ်ဖုံ အတူတူခြုံ

-မေတ္တာရေချမ်းပက်ကာဖြန်း

-မေတ္တာခြုံမှလုံသည်

www.dhammaransi.com



-မေတ္တာရောင်ပြန် ငြိမ်းတမှန်

စသည်ဖြင့် နေရာလိုက်၍ သုံးနှုန်းပြောကြလေ့ရှိပါသည်။

မေတ္တာဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော သဘောတရားပင်ဖြစ်ပါသည်။

သို့ရာတွင် ပရမတ္ထတရားတို့ကို တစ်ခုစီတစ်ခုစီ ထုတ်ဖော်ရေတွက်ရာမှာကား အဒေါသ စေတသိက်ကိုပင် ပြသပါသည်။

အဒေါသစေတသိက်သည် အဘိဓမ္မာတရားတော်အရ တင့်တယ်ကောင်းမြတ်သော(သောဘဏ)စိတ် ၅၉-ပါးနှင့်ယှဉ်၍နေသည်၊အဒေါသတရားမှာ အာရုံအမျိုးမျိုးကို အာရုံပြုနိုင်သည်။

မေတ္တာတရားကား သတ္တဝါတစ်မျိုးကိုသာ အာရုံပြုနိုင်သည်။

ဒါနမှုအမျိုးမျိုးပြုရာ သီလမှုအမျိုးမျိုးတည်ဆောက်ရာတို့၌ အဒေါသပါရသည်ချည်းဖြစ်ပါသည်။

ထို့ကြောင့် အဒေါသဖြစ်တိုင်း မေတ္တာဟူ၍မခေါ်ရပါ၊ သတ္တဝါပညာတ်ကိုအာရုံပြုကာ "**ချမ်းသာပါစေ**" စသည်ဖြင့် သတ္တဝါတို့၏စီးပွားချမ်းသာကို လိုလားသောအခြင်းအရာဖြစ်သောအဒေါသစေတသိက်ဖြစ်မှသာ ထိုအဒေါသစေတသိက်ကို မေတ္တာဟု ခေါ်ဆိုရပါမည်။

www.dhammaransi.com



-အကျိုးစီးပွားကိုလိုလားသောအားဖြင့် ချစ်ခင်တတ်သောကြောင့် မေတ္တာ

-အားလုံးသောသတ္တဝါများအပေါ် ချမ်းသာစေလိုသောအားဖြင့် ချစ်တတ်သောသဘောသည် မေတ္တာမည်ပါသည်။

မေတ္တာကို ချစ်ခြင်း ဟူ၍ ဘာသာပြန်ဆိုရာ၌-

-မိဘနှင့်သားသမီးတို့အချစ်

-ဆရာနှင့်တပည့်တို့အချစ်

-ညီအစ်ကိုမောင်နှမအချစ်

-မိတ်ဆွေသူငယ်ချင်းအချစ်

-လင်နှင့်မယားအချစ်

-သမီးရည်းစားအချစ်

ဟူ၍ သံယောဇဉ်မကင်းသောအချစ်များရောထွေးလျက်ရှိနေပါသည်၊ ထိုအချစ်များစွာတို့တွင်-

မိဘနှင့်သားသမီးအချစ်သည် ပကတိဖြူစင်သန့်ရှင်းသည်၊ ကြင်နာမှုအပြည့်အဝရှိသည်။

ဆရာနှင့်တပည့်အချစ်သည် စေတနာ၊ အကြင်နာ၊ ဝါသနာ အတတ်ပညာတို့ကို ကူညီဖြည့်ဆည်းပေးသည်။

ညီအစ်ကိုမောင်နှမအချစ်သည် ရိုးသားသည်၊ရိုသေလေးစားမှု၊ ချစ်ခင်မှု စည်းလုံးညီညွတ်မှုကို ပေးစွမ်းသည်။

မိတ်ဆွေသူငယ်ချင်းအချစ်သည် ကူညီမှု၊ ရိုင်းပင်းမှု၊

www.dhammaransi.com



ထောက်ပံ့မှု၊စောင့်ရှောက်မှုတို့ကို အထောက်အကူပြုသည်။

လင်မယားတို့အချစ်သည် တုံ့ပြန်မှုကိုပေးသည်၊ သံယောဇဉ်နှောင်ဖွဲ့သည်၊တိုးပွားသည်၊မျိုးဆက်သစ်ကို တိုးပွားစေသည်၊အားသစ်များကိုလောင်းပေးနိုင်သည်။

သမီးရည်းစားအချစ်သည် သာယာမှု၊ ယုယမှု၊တွယ်တာမှု၊ ကြည်နူးမှု၊ ပျော်ရွှင်ချမ်းမြေ့မှုတို့ကိုရစေသည်။တစ်ဘက်မှလည်းအကြောင်းအမျိုးမျိုးတို့ကြောင့် နာကြည်းမှု၊ကြေကွဲမှု၊မုန်းတီးမှု၊စိတ်ဆင်းရဲမှုများကို ဖြစ်စေနိုင်သည်။

တစ်ဖန် ယင်းချစ်ခြင်းကို-

-လင်မယားချစ်-ရည်းစားချစ်ကို-တဏှာပေမအချစ်

-မိဘညီအစ်ကိုမောင်နှမအချစ်ကို-ဂေဟာဿိတပေမ အချစ်

-သူတစ်ပါးကြီးပွားချမ်းစေလိုမှုကို မေတ္တာအချစ်

ဟူ၍ သုံးမျိုးခွဲခြားထားပါသည်။

တဏှာပေမနှင့်ဂေဟာဿိတပေမသည် လောဘ၊ တဏှာသဘောပါ၍ မေတ္တာစစ်ဟူ၍ မဆိုရပါ၊သူတစ်ပါးကြီးပွားချမ်းသာမှုကိုလိုသော မေတ္တာသာ မေတ္တာအစစ်ဖြစ်သည်ဟုဆိုပါသည်။

တဏှာရာဂဖြင့်ချစ်ခြင်းသည်ကား မေတ္တာစစ်မဟုတ်၊ တဏှာရာဂသည်ကိလေသာဖြစ်၍ အကုသိုလ်အရင်း၌ ပါဝင်သည်၊ညစ်နွမ်းသောသဘော၊ ပူပန်စေသောသဘောရှိသည်။

www.dhammaransi.com



ဖြူစင်သောမေတ္တာကား ကုသိုလ်ဖြစ်သည်၊ သတ္တဝါတို့အားချမ်းသာစေလိုခြင်းသည် မေတ္တာ၏အတိုင်းအတာဖြစ်သည်၊ ဤအတိုင်းအတာအထိ မေတ္တာကို ကုသိုလ်ဟု ခေါ်နိုင်သည်။ ရှိရမည့်အတိုင်းအတာကိုလွန်၍ ချစ်ခြင်းသည်ကား အကုသိုလ်စာရင်းဝင် တဏှာရာဂသံယောဇဉ်ဖြစ်သည်။

တဏှာရာဂသည် မိတ်ဆွေဟန်ဆောင်သောရန်သူဖြစ်သည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## ဗုဒ္ဓဟောကြားမေတ္တာသဘောတရားများ

ဗုဒ္ဓသည် မေတ္တာနှင့်ပတ်သတ်၍ အခါခွင့်သင့်လျှင် သင့်သလို ဟောပြောပြခဲ့ရာ ပိဋကတ်သုံးပုံပါဠိတော်များ၌ ဟောကြားချက်သုတ်များ များစွာပါရှိသည်၊

## ညှင်းပန်းနှိပ်စက်၍မရသောမေတ္တာ

ဘုရားရှင်က နိဒါနသံယုတ် သတ္တိသုတ်၌-

"အသွားထက်သောလှံသွားကို လက်ဝါးလက်သီးဆုပ်ဖြင့်ခေါက်ခြင်း၊ လိပ်ခြင်းပြုလုပ်ပါက ထိုသူသည်သာ ကိုယ်ပင်ပန်း စိတ်ပင်ပန်းခြင်းဖြစ်မည်၊ လှံသွားကို ခေါက်၍ လိပ်၍ရမည်မဟုတ်။

အလားတူ စင်ကြယ်သောမေတ္တာစိတ်ကို ကြိမ်ဖန်များစွာပွားများနေအပ်၏၊ အဆင်သင့်စီးနိုင်သော ယာဉ်ကဲ့သို့

www.dhammaransi.com



ပြုအပ်၏၊ ကြိမ်ဖန်များစွာလေ့ကျင့်အပ်၏၊မြဲရာတည်ရာကဲ့သို့ ပြုအပ်၏၊မြဲမြံစွာတည်စေအပ်၏၊ပြည့်စုံစွာလေ့ကျင့်ဆည်းပူး အပ်၏၊ကောင်းစွာအပြီးတိုင် အားထုတ်ထားအပ်၏။

ထိုပုဂ္ဂိုလ်၏စိတ်ကိုပျံ့လွင့်စေအံ့-ဟုတစ်စုံတစ်ယောက် သောဘီလူးသည် ထင်မှတ်လေရာ၏၊ထိုထင်မှတ်သောဘီလူး သာလျှင် ကိုယ်ပင်ပန်းစိတ်ပင်ပန်းဖြစ်၍ ခံစားရမည်" ဟူ၍ ဟောထားခဲ့ပါသည်။

## ဖျက်ဆီးရန်မလွယ်

နိဒါနသံယုတ်-ဩပမ္မဝဂ်-ကုလသုတ်၌-

"မိန်းမသားနည်း၍ ယောကျ်ားသားများသောအိမ်ကို ခိုးသားများ ခိုးယူဖျက်ဆီးရန်ခက်ခဲသလို မေတ္တာပွားများနေ သောသူကို ရန်သူတို့ဖျက်ဆီးရန်မလွယ်ကူ" ဟူ၍ ဟောခဲ့ပါသည်။

## တစ်ဦးတစ်ယောက်ကြောင့်မျှဘေးရန်မရှိ

သဂါထာဝဂ်သံယုတ်-မဏိဘဒ္ဒသုတ်၌-

"အကြင်ပုဂ္ဂိုလ်အား အလုံးစုံသောနေ့ညဉ့်ပတ်လုံး မညှင်းဆဲခြင်း၌ မွေ့လျော်သောစိတ်ရှိ၍ အလုံးစုံသောသတ္တဝါ တို့၌ မေတ္တာစိတ်အစုအပုံတို့သည် ဖြစ်နေ၏၊ထိုပုဂ္ဂိုလ်အား တစ်ဦးတစ်ယောက်ကြောင့်မျှ ဘေးရန်မရှိနိုင်ပါ" ဟူ၍ ဟောခဲ့ပါသည်။

www.dhammaransi.com



## ဆွမ်းအိုးကြီးအလှူထက်မြတ်သည်

နိဒါနသံယုတ်-ဩက္ခာသုတ်၌-

"အကြင်သူသည် နံနက်တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်၊ ညနေတစ်ကြိမ် မွန်မြတ်သောဘောဇဉ်တို့ဖြင့်ပြည့်သော ဆွမ်းပွဲကြီးကို တစ်ရာကျအလှူဒါနကိုပြုရာ၏။

အကြင်သူအား နံနက်ဖြစ်စေ၊ နေ့လည်ဖြစ်စေ၊ညနေ၌ဖြစ်စေ၊ယုတ်စွအဆုံး နွားနို့တစ်ညစ်ခန့်ကာလမျှ မေတ္တာစိတ်ကိုပွားများအံ့၊ ထိုနွားနို့တစ်ညစ်စာမျှပွားအပ်သော မေတ္တာသည်ထိုတစ်နေ့သုံးကြိမ်လှူသော ဆွမ်းအိုးတစ်ရာထက်မြတ်သောအကျိုးရှိ၏' ဟု ဟောခဲ့ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မေတ္တာစိတ်ဓာတ်၏ပန်းတိုင်

ပဋိသမ္ဘိဒါမဂ် ၃၉၀- မဟာဝဂ်သံယုတ်အဋ္ဌကထာ ၂၀၇- ၌-

ဤသာသနာတော်၌ မေတ္တာဓာတ်ပါဝင်သော ဗောဇ္ဈင်ခုနစ်ပါးပွားများသူသည် မေတ္တာစျာန်ကို အခြေခံ၍ ရဟန္တာအဖြစ်တိုင်အောင် ပန်းတိုင်သို့ရောက်စေနိုင်၏၊မေတ္တာနှင့်ယှဉ်သော ဗောဇ္ဈင်မှာ-

(၁) သတိသမ္ဗောဇ္ဈင် -ဗောဓိဉာဏ်ရကြောင်းဖြစ်သော သတိ-သတိရတရားတို့၌ အောက်မေ့မှုကိုပွားများ၏။

www.dhammaransi.com



(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင် -သင်္ခါရတရားတို့၌ ပညာဖြင့်ဆင်ခြင် သုံးသပ်မှုကိုပွားများ၏။

(၃) ဝီရိယသမ္ဗောဇ္ဈင် -အားထုတ်မှုကိုပွားများ၏။

(၄) ပီတိသမ္ဗောဇ္ဈင် -နှစ်သိမ့်မှုကိုပွားများ၏။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင် -ကိုယ်စိတ်ငြိမ်းအေးမှုကိုပွားများ၏။

(၆) သမာဓိသမ္ဗောဇ္ဈင် -တည်ကြည်မှုကိုပွားများ၏။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင် -သင်္ခါရတရားတို့၌ အညီအမျှ ရှုမြင်မှုကိုပွားများ၏။

စက်ဆုပ်ဖွယ်ရာမဟုတ်သောအာရုံ၌ စက်ဆုပ်ဖွယ် အမှတ်သညာပြု၍နေလိုမူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်အမှတ် သညာပြု၍ နေနိုင်၏။

စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ် သညာပြု၍နေလိုမူနေနိုင်၏။

စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၊ စက်ဆုပ်ဖွယ်အာရုံ တို့၌ စက်ဆုပ်ဖွယ်အမှတ်သညာပြု၍နေလိုမူနေနိုင်၏။

ထိုအာရုံများ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်သညာ ပြု၍နေလိုမူနေနိုင်၏။

ထိုအာရုံနှစ်မျိုးကိုရှောင်ကြဉ်၍ အောက်မေ့ဆင်ခြင်မှု (သတိသမ္ပဇဉ်)နှင့်ပြည့်စုံလျက် သင်္ခါရတရားတို့၌ အညီအမျှ ရှုမြင်၍နေလိုမူ နေနိုင်၏။

(ဆဠင်္ဂုပေက္ခာဖြင့်နေခြင်းကို ဆိုလိုပါသည်)

www.dhammaransi.com



ဤ၌ စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၌ စက်ဆုပ်ဖွယ် အမှတ်သညာပြု၍ နေသည်ဆိုသည်မှာ-အသုဘဘာဝနာ၊ အနိစ္စဘာဝနာဖြင့် နေခြင်းကိုဆိုလိုပါသည်။

စက်ဆုပ်ဖွယ်၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်သညာ ပြု၍နေသည်ဆိုသည်မှာ မေတ္တာဖြင့်ပွား၍ဖြစ်စေ၊ဓာတုမန သိကာရဆင်ခြင်၍ဖြစ်စေ နေခြင်းကို ဆိုလိုပါသည်။

ရဟန္တာများသည် ထိုသို့နေနိုင်ပါသည်။

"တင့်တယ်မှုကိုအာရုံပြု၍ဖြစ်သော နီဝရဏတို့မှ လွတ်မြောက်ခြင်း ရူပါဝစရစျာန်သို့ရောက်နေရ၏၊အထွတ်၏ အမြတ်ဖြစ်သောအရဟတ္တဖိုလ်သို့မရနိုင်၍ လောကီပညာမျှ သာဖြစ်သော မေတ္တာစေတ်ကို တင့်တယ်မှုရူပါဝစရစျာန်လျှင် အပြီးအဆုံးအပိုင်းအခြားပန်းတိုင်ရှိ၏"

ဟူ၍ ငါဘုရားဟောတော်မူ၏။မေတ္တာစျာန်ကို အခြေခံ၍ ရဟန္တာအဖြစ်တိုင်အောင် ပြီးဆုံးနိုင်ကြောင်းဆိုပါသည်။

**နီဝရဏပ္ပဟာနဝဂ်သုတ္တမသုတ်၌-**

"မေတ္တာစေတောဝိမုတ္တိ-မေတ္တာစိတ်ကိုစေလွှတ်သော စိတ်ကို သင့်လျော်သောအကြောင်းဖြင့် နှလုံးသွင်းသောသူ အား မဖြစ်ပေါ်သေးသော ဗျာပါဒသည် မဖြစ်ပေါ်-ဖြစ်ပေါ် ပြီးသော ဗျာပါဒသည်လည်း ကင်းပျောက်၏"

**ဧကင်္ဂုတ္တရအဋ္ဌကထာသံဃာတဝဂ်-ဒုတိယ၊တတိယ၊စတုတ္ထ သုံးသုတ်၌-**

www.dhammaransi.com



"လစ်ဖျစ်တစ်တွတ်ခန့်မျှလည်း မေတ္တာနှင့်ယှဉ်သော စိတ်ကို အကယ်၍မှီဝဲအံ့၊ ပွားများအံ့၊ နှလုံးသွင်းအံ့၊ ဤပုဂ္ဂိုလ် သည်စျာန်မှ ဆိတ်သုဉ်းကင်းကွာမှုမရှိမူ၍နေသူ၊ ဘုရားရှင် သွန်သင်မှုကိုလိုက်နာနေသူ၊ဘုရားရှင်၏အဆုံးမကိုနာယူ၍ နေသူပြည်သူဆွမ်းကို အချည်းနှီးမဖြစ်ရလေအောင် သုံးဆောင် နေမှု ဟုဆိုထိုက်၏"

စူဠအစ္ဆရာသင်္ဃာတသုတ်၌-

"မေတ္တာပွားများခြင်းသည် အမှုကိစ္စအားလုံးတို့၏ ရှေးဦးပြုဖွယ်ဖြစ်သည်၊ရှေးဦးပြုဖွယ်ဖြစ်သည်ဆိုသည်မှာ-အပ္ပ နာသို့ရောက်မှ ဥပစာရသို့ရောက်မှသာမဟုတ်ချေ၊သတ္တဝါ အားလုံးသို့ အကျိုးစီးပွားချမ်းသာစေလိုသောစိတ်၊ ဖြန့်ပွားရုံ မျှသည်လည်း ရှေးဦးပြုဖွယ်ဖြစ်တော့သည်၊မေတ္တာပွားသည် မည်တော့၏"

စတုတ္ထ-ပထမ-မေတ္တာသုတ်၌-

"ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် မေတ္တာ နှင့်တကွဖြစ်သောစိတ်ဖြင့် အရပ်မျက်နှာတစ်ခုကိုဖြန့်လွှမ်း၍ နေ၏၊နှစ်ခု၊သုံးခု၊လေးခုမြောက်သောအရပ်မျက်နှာကို ဖြန့် လွှမ်း၍နေ၏၊ဤနည်းအားဖြင့် အရပ်ဆယ်မျက်နှာရှိ အလုံးစုံ သောသတ္တဝါတို့၌ မိမိနှင့်ထပ်တူညီမျှပြု၍ သတ္တဝါအားလုံး ပါဝင်သောသတ္တလောကကို ကျယ်ပြန့်သော၊ကြီးမြတ်သော၊

www.dhammaransi.com



ပိုင်းခြားကန့်သတ်မရှိ၊ များပြားသော၊ဘေးရန်မရှိသောစိတ်၏ ဆင်းရဲခြင်းမရှိသောမေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် ဖြန့်လွှမ်းနေ၏။

ထိုပုဂ္ဂိုလ်သည် ထိုမေတ္တာစျာန်ကိုသာယာ၏၊ကြိုက်နှစ်သက်၏၊ထိုမေတ္တာစျာန်ဖြင့်သာလျှင် အားရကျေနပ်ခြင်းသို့ရောက်၏၊ထိုမေတ္တာစျာန်၌တည်၍ နှလုံးသွင်းစွဲလမ်း၍မေတ္တာစျာန်ဖြင့် ကြိမ်ဖန်များစွာဝင်စားနေလေ့ရှိသည်ဖြစ်၍ ထိုစျာန်မှ မလျှောကျဘဲ သေလွန်သော် ပထမစျာန်ဘုံ ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ရောက်ရ၏"

**ဒုတိယမေတ္တာသုတ်၌-**

"မေတ္တာဖြင့်ယှဉ်သောစိတ်ဖြင့်ဖြန့်လွှမ်း၍နေ၏၊ထိုပုဂ္ဂိုလ်သည် ထိုဘုံ၌စျာန်စိတ်နှင့်တကွဖြစ်သော ရုပ်, ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ်, တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည်ဖြင့် ရှု၍ သေသည်နောက် သုဒ္ဓါဝါသဘုံ၌ရောက်ရကြောင်း၊သုဒ္ဓါဝါသဘုံ၌ဖြစ်ခြင်းသည် ပုထုဇဉ်တို့နှင့်မဆက်ဆံကြောင်း၊ မေတ္တာစျာန်မှ ဝိပဿနာကူးပုံကို ဟောကြားထားပါသည်"

**အင်္ဂုတ္တိုရ်-ကရဇကာယသုတ်၌-**

"ဤသို့ပွားများအပ်သော မေတ္တာဟူသောစိတ်၏ လွတ်မြောက်မှုသည် ဤသာသနာတော်၌ ပညာရှိသောရဟန်းအား ထိုထက်အလွန်အရဟတ္တဖိုလ်ဟူသော လွတ်မြောက်မှု

www.dhammaransi.com



ကို ထိုးထွင်းသိမြင်မှုမရသေးပါမူ ဈာနလာဘီအနာဂါမ်ဖြစ်ရန်အလို့ငှာဖြစ်ပေ၏”

ဟူ၍ ဟောတော်မူထားပါသည်။

**အင်္ဂုတ္တိုရ်ဝေလာမသုတ်၌-**

“အကြင်သူသည် ယုတ်စွအဆုံး နို့သာတစ်ရှုတစ်ရှိုက်ခန့်အချိန်မျှလောက် မေတ္တာစိတ်ကိုပွားများရာ၏၊ ဤမေတ္တာပွားများခြင်းသည် သရဏဂုံ,ငါးပါးသီလဆောက်တည်ရခြင်းထက် သာ၍အကျိုးကြီးမြတ်သည်”

ဟူ၍ ဟောတော်မူထားပါသည်။

**သတ္တင်္ဂုတ္တရမေတ္တာသုတ်၌-**

“ငါသည် ခုနှစ်နှစ်တို့ပတ်လုံး မေတ္တာစိတ်(မေတ္တာဈာန်သမာဓိ)ကို ပွားများခဲ့ဖူးပြီး ခုနှစ်နှစ်တို့ကာလပတ်လုံး မေတ္တာစိတ်ကို ပွားများခဲ့၍ ခုနှစ်နှစ်ကုန်သော သံဝဋ္ဋကပ်၊ ဝိဝဋ္ဋကပ်(မဟာကပ်)တို့ပတ်လုံး ဤလူ့ပြည်သို့မလာရပြီ၊ငါသည် မီးဖျက်၍ ကမ္ဘာပျက်လတ်သော် ပဋိသန္ဓေအားဖြင့် အာဘဿရာဗြဟ္မာဘုံသို့ ကပ်ရောက်ရ၏၊ကမ္ဘာတည်ပြန်သော် သတ္တဝါဆိတ်သုဉ်းသော(ပထမဈာန်)ဗြဟ္မဗိမာန်၌ဖြစ်ရ၏။

ထိုဗြဟ္မာဘုံ၌ ဗြဟ္မာဖြစ်၏၊ မဟာဗြဟ္မာဖြစ်၏၊လွှမ်းမိုးနှိပ်စက်နိုင်သူဖြစ်၏၊မည်သူကမျှ မလွှမ်းမိုးနိုင်၊စင်စစ် အတိတ်၊အနာဂါတ်၊ပစ္စုပ္ပန်အမြင်သစ်သူဖြစ်၏၊အခြားသူတို့ကို မိမိ

www.dhammaransi.com



အလိုသို့လိုက်ပါစေနိုင်၏၊စိတ်အလိုအတိုင်း ဖြစ်စေနိုင်၏။

မေတ္တာခုနှစ်နှစ်ပွားမှုကြောင့် ဗြဟ္မာပြည်မှယုတ်သော် နတ်တို့ကိုအစိုးရသောသိကြားမင်း (၃၆)ကြိမ်ဖြစ်ဖူး၏၊တရားစောင့်သောတရားနှင့်အညီ မင်းပြုသောသမုဒ္ဒရာလေးစင်အခြားရှိသောလေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကိုအောင်မြင်သောတိုင်းနိုင်ငံကို တည်ငြိမ်စေသဖြင့် မင်းစည်းစိမ်ခိုင်မြဲသောရတနာခုနှစ်ပါးနှင့်ပြည့်စုံသောစကြာဝတေးမင်းအကြိမ်တစ်ရာမက ဖြစ်ခဲ့ခါဘူးပြီ။

ငါအား အရာတစ်ထောင်မကသော ရဲရင့်သော သူရဲကောင်းအင်္ဂါရုပ်ရှိသော သူစစ်ရန်ကိုတွန်းလှန်နိုင်ကုန်သော သားတော်တို့သည် ရှိကုန်၏၊ငါသည် သမုဒ္ဒရာအဆုံးအပိုင်းအခြားရှိသောဤမြေပြင်ကို တုတ်မဆောင်၊လက်နက်မဆောင် ၍တရားသဖြင့်အောင်မြင်စွာ အုပ်စိုးခဲ့ဘူးပြီ။

ဇမ္ဗူဒိပ်ပြင်ကိုအစိုးရသော စကြာဝတေးမင်းအပြင် ဦးထိပ်၌အဘိသိက်သွန်းအပ်သောမြေကို အစိုးရသောလူတို့၏ အကြီးအမှူးဖြစ်သောမင်းဖြစ်ခဲ့ဖူးရပြီ၊ တုတ်၊လက်နက်မဆောင်ဘဲ ဤမြေပြင်ကို အောင်နိုင်၏၊တရားနှင့်အညီ မင်းပြု၍နိုင်ထက်ကလူမပြုစုဘဲ တရားသဖြင့် ဆုံးမအုပ်ချုပ်ခဲ့ပြီ။

ကာမဂုဏ်အလုံးစုံနှင့်လည်းကောင်း၊ ရတနာခုနှစ်ပါးနှင့်လည်းကောင်းပြည့်စုံသောများသောဥစ္စာ၊ များသောအသုံးအဆောင်ရှိသော ကြွယ်ဝသောအမျိုး၌ ဖြစ်ဘူးလှပြီ။

www.dhammaransi.com



ဤကြီးမားမြင့်မြတ်ခြင်းအကြောင်းရင်းကား မေတ္တာစသောကောင်းမှုပင်တည်း”
ဟု ဟောတော်မူခဲ့ပါသည်။

မေတ္တာပွားမှုကြောင့် ဗြဟ္မာဘုံသို့ရောက်ရခြင်းကို မဟာဂုတ်မေတ္တာကံ၏အကျိုးဖြစ်သည်၊သိကြားမင်း စကြာဝတေးမင်းစသည်ဖြစ်ရခြင်းကား ကာမာဝစရကုသိုလ်ကံအကျိုးဟု ဋီကာ၌ ဖော်ပြထားပါသည်။

ကြီးပွားမြင့်မြတ်မှုအားလုံး၏ အခြေခံအင်အားကား မေတ္တာပင်ဖြစ်ပါသည်။

**အင်္ဂုတ္တိုရ်-သုနေတ္တသုတ် ခမ္မိကသုတ်တို့၌-**

“သုနေတ္တဆရာကြီးသည် တပည့်ပေါင်းများစွာတို့အား မေတ္တာဝါဒကို ဟောပြရာအပြည့်အစုံနားလည်ကျင့်ပွားနိုင်သူများ ဗြဟ္မာပြည်သို့ ရောက်ကြသည်။အပြည့်အစုံနားမလည်၍ မကျင့်ပွားနိုင်သူတို့ကား နတ်ပြည်ခြောက်ထပ်ရောက်ကြရ၏၊အောက်ထစ်အဆုံးလူ့ပြည်၌ မင်း၊သူဌေး၊သူကြွယ် ဖြစ်ရသည်။

ထိုအခါ သုနေတ္တဆရာကြီးသည် တမလွန်ဘဝ၌ တပည့်တို့နှင့်တူမျှသော ဘဝဂတိအဖြစ်မျိုးသည် ငါ့အားမသင့်လျော်၊ငါသည် မေတ္တာစျာန်ကို ဒုတိယစျာန်စသည်ကို ထိုထက်တက်၍ ပွားများရသော် ကောင်းလေစွ”

www.dhammaransi.com



ဤသို့ အကြံပေါက်၍ ခုနစ်နှစ်ပတ်လုံး စတုတ္ထစျာန် အထိ တိုးတက်ကျင့်ပွားသည်။

ယင်းသို့ မေတ္တာစျာန်ပွားခြင်းကြောင့် မဟာကပ်ခုနစ် နှစ်ပတ်လုံး ဗြဟ္မာဖြစ်ရသည်၊ သိကြားမင်း ခုနစ်ကြိမ်၊စကြာ ဝတေးမင်း အကြိမ်တစ်ရာမက ဖြစ်ရသည်။

မေတ္တာစျာန်ကြောင့် ယင်းသို့အသက်ရှည်ကြသော နတ်ဗြဟ္မာဘဝကိုရရှိခဲ့ကြသော်လည်း အရိယာတို့၏ သီလ၊ သမာဓိ၊ပညာကို မသိရှိ မရသောကြောင့် ပဋိသန္ဓေ အို-နာ-သေ ဆင်းရဲက မလွတ်ကြရချေ။

## သတ္တသူရိယသုတ်နှင့်ဝိသုဒ္ဓိမဂ်တို့၌-

ကမ္ဘာပျက်ခါနီးအနှစ်တစ်သိန်းအလွန်၌ ကမ္ဘာပျက် မည်ကိုသိကြသော လောကဗျူဟာမည်သော ကာမာဝစရ နတ်တို့သည် ဆံပင်ဖားလျားချ၍ ဖရိုဖရဲဆံပင်ဖြင့် ငိုကြွေးကြ ကုန်လျက် အဝတ်နီကိုဝတ်ဆင်ရာ လူတို့၏သွားလာရာခရီး လမ်းမ၌-

" အို-အချင်းတို့---နောင်နှစ်ပေါင်းတစ်သိန်းလွန်သော အခါ ကမ္ဘာပျက်ပြီး မိုးရွာသွန်းလတံ့၊ဤကမ္ဘာကြီးပျက်လတံ့၊ မဟာသမုဒ္ဒရာကြီးရေခန်းခြောက်လတံ့၊ဤကမ္ဘာမြေကြီးနှင့် တကွမြင့်မိုရ်တောင်သည်လည်းပျက်စီးလတံ့၊ ဗြဟ္မာပြည်တိုင် အောင် ဤကမ္ဘာကြီးပျက်စီးလတံ့၊အချင်းတို့ မေတ္တာတရားကို

www.dhammaransi.com



ပွားများကြကုန်လော့၊ကရုဏာ,မုဒိတာ, ဥပေက္ခာတရားတို့ကို ပွားများကြကုန်လော့၊မိမိ၏အမျိုးအကြီးအကဲတို့ကို ရိုသေလေးစားကြကုန်လော့"

ဟု ကြွေးကြော်နှိုးဆော်ကြသည်။

ထိုနတ်တို့၏ကြွေးကြော်နှိုးဆော်စကားကို ကြားကြကုန်၍ အများလူတို့သည်လည်းကောင်း၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ်တို့သည်လည်းကောင်း၊သံဝေဂတရားဖြစ်ကြကုန်၏၊အချင်းချင်းနူးညံ့သောစိတ်ရှိကြကုန်လျက် မေတ္တာစသောကာမာဝစရကုသိုလ်ကောင်းမှုတို့ကိုပြု၍ နတ်ပြည်သို့ဖြစ်ကြရကုန်၏၊နတ်ပြည်နတ်သုဒ္ဓါကိုစားသုံးရ၍ သိမ်မွေ့သောဝါယောကသိုဏ်း၌ ပရိကာမ်ပြု၍ ဈာန်ကိုရကုန်၏။

ထိုမှတစ်ပါးသော အပါယ်လေးဘုံသားတို့သည် ဘဝအဆက်ဆက်က ဆည်းပူးခဲ့သော ကံ၏အစွမ်းဖြင့် နတ်ပြည်၌ ဖြစ်ကြရကုန်၏၊အပရာပရိယကံနှင့်ကင်း၍ သံသရာ၌ကျင်လည်နေရသော သတ္တဝါမည်သည်မရှိချေ၊ထိုအပါယ်ဘုံသားတို့သည်လည်း နတ်ပြည်၌ရှေးနည်းတူပင် ဈာန်ကိုရကြကုန်၏၊ ကမ္ဘာပျက်သောနေ့ကား ငရဲထောင်ဖွင့်သောနေ့ဖြစ်သည်။

ဤသို့လျှင် နတ်ပြည်၌ဈာန်ရသည်ဖြစ်၍ သတ္တဝါအားလုံးတို့သည် ဗြဟ္မာပြည်၌ ဖြစ်ကြရကုန်၏။

(မိစ္ဆာဒိဋ္ဌိအယူခိုင်မြဲသူတို့ကား ငရဲမှမလွတ်ကုန်၊စကြာဝဠာကျောဘက်တစ်နေရာ၌ ငရဲဒုက္ခကိုဆက်လက်ခံကြရ၏)

www.dhammaransi.com



မူလပဏ္ဏာသစူဠအဿပုရသုတ်၌-

"အပြစ်ကင်းစင် ရွှင်လန်းဝမ်းသာသမာဓိရသော ပုဂ္ဂိုလ်သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာနှင့်ယှဉ်သောစိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍နေ၏၊ အရပ်မျက်နှာရှိ အလုံးစုံသောသတ္တဝါများအပေါ်၌ သိမ်းကျုံးလျက် မြင့်မြတ်သောပိုင်းခြားကန့်သတ်ချက်မတင်၊တွင်း-ပြင်ဘေးရန်လည်း မလွတ်၊မေတ္တာစိတ်သက်သက်ဖြင့် ပျံ့နှံ့စေ၍နေ၏။

ဥပမာသော်ကား ကြည်လင်ချိုအေးသော ရေကောင်းရေသန့်ရှိသောရေကန်သည်ရှိရာ၏၊ ထိုရေကန်သို့ နွေနေပူကိုဖြင့်နှိပ်စက်ခံရ၍ အစာရေစာဆာလောင်မွတ်သိပ်သဖြင့် ပင်ပန်းနွမ်းနယ်နေသောယောကျ်ားသည် လာငြားအံ့၊ထိုရေကန်ကို မြင်သဖြင့်နွေနေပူ ပူလောင်ခြင်း ရေငတ်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ၏။

ထို့အတူ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုး၊ မည်သည့်အမျိုးမှမဆို ရဟန်းပြုခဲ့သော ပုဂ္ဂိုလ်သည် ဤဗြဟ္မဝိဟာရတရားလေးပါးကို ပွားများလတ်သော် မိမိကိုယ်၌ ငြိမ်းချမ်းခြင်းကိုရ၏"

ဟူ၍ ဟောတော်မူခဲ့ပါသည်။

www.dhammaransi.com



မူလပဏ္ဏာသ ကာကစူပမသုတ်၌-

"တစ်ပါးသောသူသည် မေတ္တာစိတ်ထား၍ဖြစ်စေ၊ ဒေါသစိတ်ထား၍ဖြစ်စေ၊ ဟစ်စုံတစ်ရာပြောဆိုလာရာ၏၊ထိုအခါ သင်တို့သည် ကိုယ့်စိတ်နှင့်ကိုယ့်ကို ဤသို့နှလုံးသွင်းလေ့ကျင့်ရမည်။

-ငါ၏စိတ်သည် ဖောက်ပြန်ပြောင်းလဲခြင်းမဖြစ်စေရ၊ ကြမ်းကြုတ်ယုတ်မာသောစကားကိုလည်း မထွက်ဆိုမိစေရ၊ဒေါသမလွှမ်း၊ မေတ္တာလွှမ်းကာ ချမ်းသာကြီးပွားစေလိုသောစိတ်ထား၍သာ ငါနေမည်။

-ထိပါးပြောဆိုလာသူကိုလည်း မေတ္တာစိတ်ဖြန့်လွှမ်းပို့လွှတ်၍သာနေမည်၊သတ္တလောကတစ်ခုလုံးကိုလည်း ကျယ်ပြန့်မြင့်မြတ်စွာ ကန့်သတ်ချက်မတင်၊ တွင်း-ပြင်ဘေးရန်လည်းမစွက်၊မေတ္တာစိတ်သက်သက်ဖြင့် ဖြန့်လွှမ်းပို့လွှတ်၍သာငါနေမည် နှလုံးသွင်းလေ့ကျင့်ကြကုန်လော့။

မေတ္တာစိတ်ထားရှိသူကို မည်သည့်အရာကမျှ မဖျက်ဆီးနိုင်သော မဟာပထဝီမြေကြီးနှင့်ကောင်းကင်စသော ဥပမာဖြင့်နှိုင်းယှဉ်၍ မေတ္တာအင်အားကြီးမားပုံကို ဟောကြားခဲ့ပါသည်။

လူတစ်ယောက်သည် ပေါက်တူးတစ်လက်ကိုယူပြီး ဤပထဝီမြေကြီးကို တူးဖြိုဖြန့်ကြဲပစ်မည်ဆိုကာပြုလုပ်ပါက

www.dhammaransi.com



မဟာပထဝီမြေကြီးကို ဖြိုဖျက်၍မရ၊ ပင်ပန်းရုံသာရှိသည်။

ကောင်းကင်ပြင်ကို ဆေးခြယ်လိုသူသည် ကောင်းကင်ကိုဆေးခြယ်၍မရ ပင်ပန်းရုံသာရှိသည်။

ဂင်္ဂါမြစ်ရေကုန်ခမ်းအောင် မြက်ခြောက်ဖြင့် မီးရှို့သူသည် ပင်ပန်းရုံသာရှိသည်။

ဝါဂွမ်းကဲ့သို့ နူးညံ့သောသားရေအိပ်ကိုတုတ်၊အိုးခြမ်းဖြင့်အသံမြည်အောင်ရိုက်နှက်ကာ အသံမထွက်နိုင်၊ ပြုလုပ်သူသာ ပင်ပန်းမည်။

ထိုနည်းတူ မေတ္တာစိတ်ပွားများနေသူကို မည်သူကမျှ ဖျက်ဆီး၍မရ ဟု ဆိုလိုပါသည်။

**ဒုကနိပါတ အရကဇာတ်၌-**

အရကရသေ့သည် မိမိ၏တပည့်များကို ဆုံးမရာ၌-

"တပည့်တို့-မင်းစသည်ကိုဖြစ်စေ၊ရဟန်းပုဏ္ဏားတို့ဖြစ်စေ၊မည်သူမဆို မြေပြင်မှအထက်ဘဝဂ် မြေပြင်မှအောက် အဝီစိတိုင်အောင် လူတို့နေသောစကြာဝဠာ ဖီလာကန့်လန့် (အလျား၊အနံ)အရပ်မျက်နှာတို့၌ နေကြကုန်သောသတ္တဝါအပေါင်းတို့သည် ဘေးရန်ကင်းပါစေ၊စိုးရိမ်ကြောင့်ကြကင်းကြပါစေ၊ ဆင်းရဲဒုက္ခကင်းကြပါစေ၊ကျန်းမာချမ်းသာကြပါစေ၊ ကိုယ်ကိုစောင့်ရှောက်တည်နိုင်ကြပါစေ-ဟု အခါခပ်သိမ်းတိုင်းတာ၍မရသော မေတ္တာစိတ်ဖြင့် သတ္တဝါအားလုံးကို သနားကြင်နာစွာစောင့်ရှောက်ပါ"

www.dhammaransi.com



အတိုင်းအရှည်မသိသောသတ္တဝါသာလျှင် အာရုံရှိသောပြည့်ပြည့်စုံစုံ ကောင်း၍ပွားများအပ်သော သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားကို လိုလားသောရူပါဝစရစိတ်၌ ယှဉ်သော ကံမျိုးရှိပေသည်၊ထိုရူပါဝစရကံ၌ အတိုင်းအရှည်အားဖြင့် ပြုအပ်သောကာမာဝစရကံသည် ရှိပေ၏။ကာမာဝစရကံသည် ရူပါဝစရကံကို မလွှမ်းမိုးနိုင်ချေ။ရူပါဝစရကံသည်သာ ကာမာဝစရကံကို လွှမ်းမိုးကျော်လွှားနိုင်သည်။

ထို့ကြောင့် မေတ္တာစိတ်ထားကို နှလုံးသားဖြင့် မြဲမြဲစွာထားပြီး ပွားများကြရန်ဘုရားရှင်က သုတ်တော်အသီးသီး၌ အခွင့်သင့်သလို အထက်ပါသုတ်တော်များလာအတိုင်း ဟောကြားထားခဲ့ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မေတ္တာကင်း၍သက်တမ်းအာဟာရများဆုတ်ယုတ်ရသည်

ထို့ကြောင့် မေတ္တာစိတ်သည် နာမ်စိတ်ပင် ဖြစ်သော်လည်း ရုပ်စိတ်ကို ကျေးဇူးပြုနေပါသည်။

"တရားမေတ္တာ၊ ပွားသောအခါ၌၊ သြဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏"

ဟု ဆိုသည့်အတိုင်း မေတ္တာစိတ်သက်ဝင်မှ ကတိသစ္စာတည်သည်၊ တစ်ဦးနှင့်တစ်ဦးမေတ္တာနှင့်ကတိသစ္စာ တည်သောအခါတို့၌ မြေသြဇာတို့သည် တက်၍နွယ်မြက်သစ်ပင်တို့

www.dhammaransi.com



သည်လည်း ဆေးဘက်ဝင်ကြပါသည်။

ဤလောကဝယ် ငတ်မွတ်ခြင်း၊ဝပြောသာယာခြင်းတို့မှာ 'မိုး'သာလျှင် အကြောင်းရင်းဖြစ်သကဲ့သို့ ဤလောကဝယ် ကြီးပွားကြောင်းပျက်စီးကြောင်းတို့မှာ မေတ္တာတရားသာလျှင် အကြောင်းရင်းရှိပါသည်။

ဤလောကကမ္ဘာတည်ဆောက်မှုနှင့်လူသားတို့၏ ဘဝအဆင့်ဆင့်ကိုကြည့်လျှင် မေတ္တာစေတ်အားနည်းမှုကြောင့် အစာအာဟာရများ၊သြဇာ၊အဆီ၊အစေး ညှိုးဖျော့ ယိုယွင်းသွားသည်ကို တွေ့ရပါသည်။

ဤကမ္ဘာကို ရေ၊လေ၊မီးဖျက်ပြီးနောက် ကမ္ဘာပြုမိုးကြီး ရွာချပေးခဲ့သည်။

ထိုမိုးရေတို့သည် အချိန်ကြာသော် ဤလူ့ဘုံတည်ရာဌာနၶ ရေသည်ကျိုပြီးသောနွားနို့အထက်၌တက်၍နေသော အဆီကဲ့သို့ တင်းမာ၍နေသည်။

ထိုအခါ အထက်ဗြဟ္မာပြည်မှသက်တမ်းစေကုန်သောကြောင့်လည်းကောင်း၊ ကံကုန်သောကြောင့်လည်းကောင်း၊ စုတေ၍ လူ့ပြည်သို့ ဥပပတ်ပဋိသန္ဓေအားဖြင့် ဖြစ်လာကြသောလူတို့သည် ဗြဟ္မာတို့ကဲ့သို့ပင် မေတ္တာစသော ဗြဟ္မဝိဟာရတရားတို့ကိုပွားများ၍ ပီတိကိုသာ စားသောက်နေကြသည်၊ ဗြဟ္မာတို့ကဲ့သို့ပင် မိမိတို့ကိုယ်ရောင်ဖြင့်လင်း၍ ကောင်းကင်၌ ကောင်းကင်၌သွားလာကျက်စားနေကြသည်။

www.dhammaransi.com



အတိုင်းအရှည်မသိသောသတ္တဝါသာလျှင် အာရုံရှိသောပြည့်ပြည့်စုံစုံ ကောင်း၍ပွားများအပ်သော သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားကို လိုလားသောရူပါဝစရစိတ်၌ ယှဉ်သော ကံမျိုးရှိပေသည်၊ထိုရူပါဝစရကံ၌ အတိုင်းအရှည်အားဖြင့် ပြုအပ်သောကာမာဝစရကံသည် ရှိပေ၏။ကာမာဝစရကံသည် ရူပါဝစရကံကို မလွှမ်းမိုးနိုင်ချေ။ရူပါဝစရကံသည်သာ ကာမာဝစရကံကို လွှမ်းမိုးကျော်လွှားနိုင်သည်။

ထို့ကြောင့် မေတ္တာစိတ်ထားကို နှလုံးသားဖြင့် မြဲမြံစွာထားပြီး ပွားများကြရန်ဘုရားရှင်က သုတ်တော်အသီးသီး၌ အခွင့်သင့်သလို အထက်ပါသုတ်တော်များလာအတိုင်း ဟောကြားထားခဲ့ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မေတ္တာကင်း၍သက်တမ်းအာဟာရများဆုတ်ယုတ်ရသည်

ထို့ကြောင့် မေတ္တာစိတ်သည် နာမ်စိတ်ပင် ဖြစ်သော်လည်း ရုပ်စိတ်ကို ကျေးဇူးပြုနေပါသည်။

**"တရားမေတ္တာ၊ ပွားသောအခါ၌၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏"**

ဟု ဆိုသည့်အတိုင်း မေတ္တာစိတ်သက်ဝင်မှ ကတိသစ္စာတည်သည်၊ တစ်ဦးနှင့်တစ်ဦးမေတ္တာနှင့်ကတိသစ္စာ တည်သောအခါတို့၌ မြေဩဇာတို့သည် တက်၍နွယ်မြက်သစ်ပင်တို့

www.dhammaransi.com



သည်လည်း ဆေးဘက်ဝင်ကြပါသည်။

ဤလောကဝယ် ငတ်မွတ်ခြင်း၊ဝပြောသာယာခြင်းတို့မှာ 'မိုး'သာလျှင် အကြောင်းရင်းဖြစ်သကဲ့သို့ ဤလောကဝယ်ကြီးပွားကြောင်းပျက်စီးကြောင်းတို့မှာ မေတ္တာတရားသာလျှင် အကြောင်းရင်းရှိပါသည်။

ဤလောကကမ္ဘာတည်ဆောက်မှုနှင့်လူသားတို့၏ဘဝအဆင့်ဆင့်ကိုကြည့်လျှင် မေတ္တာဓာတ်အားနည်းမှုကြောင့် အစာအာဟာရများ၊သြဇာ၊အဆီ၊အစေး ညှိုးဖျင်းယိုယွင်းသွားသည်ကို တွေ့ရပါသည်။

ဤကမ္ဘာကို ရေ၊လေ၊မီးဖျက်ပြီးနောက် ကမ္ဘာပြုမိုးကြီးရွာချပေးခဲ့သည်။

ထိုမိုးရေတို့သည် အချိန်ကြာသော် ဤလူ့ဘုံတည်ရာဌာနၶ ရေသည်ကျိုပြီးသောနွားနို့အထက်၌တက်၍နေသောအဆီကဲ့သို့ တင်းမာ၍နေသည်။

ထိုအခါ အထက်ဗြဟ္မာပြည်မှသက်တမ်းစကုန်သောကြောင့်လည်းကောင်း၊ ကံကုန်သောကြောင့်လည်းကောင်း၊ စုတေ၍ လူ့ပြည်သို့ ဥပပတ်ပဋိသန္ဓေအားဖြင့် ဖြစ်လာကြသောလူတို့သည် ဗြဟ္မာတို့ကဲ့သို့ပင် မေတ္တာစသော ဗြဟ္မဝိဟာရတရားတို့ကိုပွားများ၍ ပီတိကိုသာ စားသောက်နေကြသည်၊ ဗြဟ္မာတို့ကဲ့သို့ပင် မိမိတို့ကိုယ်ရောင်ဖြင့်လင်း၍ ကောင်းကင်၌ ကောင်းကင်၌သွားလာကျက်စားနေကြသည်။

www.dhammaransi.com



ထို့နောက် မြေဆီဟု ဆိုအပ်သော 'ရသပထဝီ'ကို စားသောက်ခြင်းဟူသော မေတ္တာ၏အနီးကပ်ရန်သူဖြစ်သော (လောဘ)အတွက်ကိုယ်ရောင်ကိုယ်ဝါပျောက်ကွယ်ခြင်းသို့ ရောက်သည်။

ထို့နောက် အချင်းချင်း မေတ္တာပျက်ကင်း၍ မာန်ထောင်လွှားခြင်းအတွက်ကြောင့် ရသပထဝီပျောက်ပြီး ပျားလဘို့ကဲ့သို့ ချိုမြိန်သောအရသာရှိသော 'မြေလွှာ'ကို စားသောက်ရသည်။

ထို့နောက် အချင်းချင်းမေတ္တာကင်းပျက်၍ မာန်ထောင်လွှားခြင်းကြောင့် မြေလွှာကွယ်ပျောက်၍ ပျားလဆို့ကဲ့သို့ ချိုမြိန်သော 'ပဒလတာမည်သောနွယ်ချို'တစ်မျိုးစားသောက်ရသည်။

ထို့နောက် အချင်းချင်းမေတ္တာပျက်ကင်း၍ မာန်ထောင်လွှားခြင်းကြောင့် နွယ်ချိုပျောက်ပြီး သလေးဆန်သီးကို စားသောက်ရသည်။

ထို့နောက် အများချမ်းသာဖို့ မေတ္တာပျက်၍ တစ်ကိုယ်တည်းချမ်းသာလို၍ သလေးဆန်တို့ကို သိုမှီးလာသည့်အတွက် ဆန်သီးသောသလေးပင်များမှ စပါးသီးသီးလာကြသည်။

ဤသို့ အစဉ်အတိုင်းဆုတ်ယုတ်လာခြင်းမှာ အများအတွက်ချမ်းသာစေလိုသောမေတ္တာဓာတ်ကင်းပျက်လာပြီး တစ်ကိုယ်တည်းချမ်းသာလိုခြင်း၊ တစ်ကိုယ်တည်း ထင်ရှား

www.dhammaransi.com



ကျော်စေလိုခြင်း စသော တစ်ကိုယ်ကောင်းကြံသော လောဘ၊ဒေါသ၊မာနပဟူသော မေတ္တာ၏ရန်သူတို့အတွက်ကြောင့်ပင် ဖြစ်ပါသည်။

ဤသို့လျှင် အများအတွက် ချမ်းသာလိုသော မေတ္တာပျက်၍တစ်ကိုယ်ကောင်းကြံကြသောစိတ်များကြောင့် လူတို့၏သက်တမ်းသည် အသက်အသင်္ချေယျတမ်းမှ တစ်စ-တစ်စ ဆုတ်ယုတ်လာခဲ့ရာ လူတို့သက်တမ်း (၈၀၀၀၀)တန်းရောက်လာသည်။

အသက်(၈၀၀၀၀)တမ်းသို့ရောက်လာသောအခါ ကိုယ်ချင်းစာတတ်သော မေတ္တာတရားနည်းပါး၍-

-သူတစ်ပါးဥစ္စာကိုခိုးယူခြင်း (အဒိန္နာဒါန)

-သူတစ်ပါးအသက်ကိုသတ်ခြင်း (ပါဏာတိပါတ)

တရားနှစ်ပါးတို့ ဖြစ်ပေါ်လာကြသည်။

ထိုတရားနှစ်ပါးပေါ်လာ၍ လူ့သက်တမ်းသည် (၈၀၀၀၀)တမ်းမှ (၄၀၀၀၀)တမ်းသို့ကျအောင် ဆုတ်ယုတ်လာခဲ့သည်။

အသက်(၄၀၀၀၀)တမ်းသို့ရောက်သောအခါ ကိုယ်ချင်းစာမေတ္တာတရားနည်းပါး၍-

-မဟုတ်မမှန်ပြောဆိုခြင်း (မုသာဝါဒ)

ထင်ရှားပေါ်လာသည်။

ထိုမုသာဝါဒပေါ်လာသောအခါ လူ့သက်တမ်းသည်

www.dhammaransi.com



လူ့သက်တမ်းသည် (၄၀၀၀၀)တမ်းမှ (၂၀၀၀၀)တမ်းကျအောင် ဆုတ်ယုတ်လာခဲ့သည်။

လူ့သက်တမ်း (၂၀၀၀၀)အရောက်တွင်-

-ဂုန်းချောခြင်း (ပိသုဏဝါစာ)

တရား ထင်ရှားဖြစ်ပေါ်လာသည်။

ထိုအခါ လူ့သက်တမ်း(၂၀၀၀၀)မှ(၁၀၀၀၀)တမ်းသို့ ကျအောင် ဆုတ်ယုတ်လာသည်။

လူ့သက်တမ်း(၁၀၀၀၀)တမ်းသို့ရောက်သောအခါ-

-သူတစ်ပါးသားမယားကို သွားလာလွန်ကျူးခြင်း (ကာမေသုမိစ္ဆာစာရ)

တရား ထင်ရှားဖြစ်ပေါ်လာသည်။

ထိုတရားထင်ရှားဖြစ်ပေါ်လာသောအခါ လူ့သက်တမ်း(၁၀၀၀၀)မှ(၅၀၀၀)တမ်းသို့ ဆုတ်ယုတ်လာပြန်သည်။

ထို(၅၀၀၀)တမ်းသို့ရောက်သောအခါ-

-ဆဲရေးတိုင်းထွာခြင်းခံသောအားဖြင့် သူတစ်ပါးနား မခံနိုင်ဖွယ်ရာ လွန်စွာကြမ်းတမ်းသောစကားဟု ဆိုအပ်သော ဖရုသဝါစာ

-အနက်အဓိပ္ပာယ်ကင်း၍ပိန်ဖျင်းသောစကားဟု ဆိုအပ်သော သမ္ဖပ္ပလာပ တို့သည် ထင်ရှားဖြစ်ပေါ် လာသည်။

www.dhammaransi.com



ထိုကာလသက်တမ်းသည် (၅၀၀၀)တမ်းမှအသက် (၂၅၀၀)တမ်းသို့ ဆုတ်ယုတ်လာသည်။

ထိုသက်တမ်းကာလတွင်-

-သူတစ်ပါးစည်းစိမ်ကို မိမိစည်းစိမ်ဖြစ်အောင်ကြံခြင်း ဟုဆိုအပ်သော အဘိဇ္ဈာ

-သူတစ်ပါး သေကျေပျက်စီးအောင်ကြံခြင်းဟူသော ဗျာပါဒ

တို့သည် ထင်ရှားဖြစ်ပေါ်လာသည်။

ထိုတရားများဖြစ်ပေါ်လာသောအခါ လူ့သက်တမ်းသည် (၂၅၀၀)မှ (၁၀၀၀)တမ်းသို့ ဆုတ်ယုတ်လာခဲ့သည်။

အသက်(၁၀၀၀)တမ်းသို့ရောက်သောအခါ-

-မကောင်းမှု-ကောင်းမှုပြုခြင်းကြောင့် အပြစ်အကျိုး မရှိဟူသော မိစ္ဆာဒိဋ္ဌိ တရားထင်ရှားဖြစ်ပေါ်လာသည်။

မိစ္ဆာဒိဋ္ဌိတရားထင်ရှားဖြစ်ပေါ်လာသောအခါ အသက်(၁၀၀၀)တန်းမှ (၅၀၀)တမ်းသို့ ဆုတ်ယုတ်လာခဲ့သည်။

အသက်(၅၀၀)တမ်းသို့ ရောက်သောအခါ-

-မိကြီး-မိထွေးတို့၌တပ်ခြင်း -အဓမ္မရာဂ

-လွန်လွန်မင်းမင်းတပ်ခြင်း -ဝိသမလောဘ

-ယောကျ်ားချင်း၊မိန်းမချင်း တပ်ခြင်း-ဝိသမရာဂ

တို့ ဖြစ်ပေါ်လာသည်။

www.dhammaransi.com


ထိုတရားများ ဖြစ်ပေါ်လာသောအခါ လူ့သက်တမ်း (၅၀၀)မှ(၃၀၀)တမ်း၊ (၂၅၀)တမ်းသို့ ဆုတ်ယုတ်လာခဲ့သည်။

အသက်(၂၅၀)တမ်းသို့ရောက်သောအခါ-

-မိခင်ကိုမရိုသေခြင်း

-ဖခင်ကိုမရိုသေခြင်း

-ရဟန်းကိုမရိုသေခြင်း

-ရဟန္တာကိုမရိုသေခြင်း

-ကြီးသူတို့ကိုမရိုသေခြင်း

ဟု ဆိုအပ်သော အယုတ်တရားတို့သည် ထင်ရှားဖြစ်ပေါ်လာသည်။

ထိုအယုတ်တရားများ ထင်ရှားဖြစ်ပေါ်လာသောအခါ အသက်(၂၅၀)တမ်းမှ (၁၀၀)တမ်းသို့ ဆုတ်ယုတ်လာသည်။

ဤကမ္ဘာလောကကြီးသည် တစ်နေ့တစ်ခြားမေတ္တာ ဗြဟ္မစိုရ်တရားနည်းပါး၍ ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်သွားသဖြင့် နောက်ဆုံးသော် အသက်(၁၀)နှစ်တမ်းသို့ ရောက်ပါမည်။

အသက်(၁၀)နှစ်တမ်းသို့ရောက်သော (၅)နှစ်အရွယ် သားသမီးတို့သည် လက်ထပ်ထိမ်းမြားရန် အချိန်ရောက်ပြီဟု သတ်မှတ်ကြမည်။

ထိုသက်တမ်းတွင် လူတို့အစာအာဟာရ ထောပတ်၊ ဆီဦး၊ဆီ၊ပျား၊တင်လဲ၊ဆားတို့သည် ကွယ်ပျောက်သွားပါမည်။

www.dhammaransi.com



ယခုအခါ သလေးဆန်ဖြင့်ချက်အပ်သော သားပွဲမ်း ထမင်းသည် မွန်မြတ်သောဘောဇဉ်ဖြစ်သကဲ့သို့ ထိုအချိန်ဝယ် လူး-ထမင်းသည် မွန်မြတ်သောဘောဇဉ်ဖြစ်လာပါမည်။

အသက်(၁၀)နှစ်တမ်းသို့ရောက်သောအခါ ကုသိုလ်ကမ္မပထတရားတို့သည် အားလုံးကွယ်ပျောက်သွားပြီး အကုသိုလ်ကမ္မပထတရားတို့သာ ထွန်းပေါ်ထင်ရှားလာပါမည်၊ ကုသိုလ်ကောင်းမှုဟူသောစကားသည် ကွယ်ပျောက်သွားပါမည်။

ထိုသက်တမ်းကာလဝယ် လူတို့သည်-

-မိဘကို ရိုသေခြင်းကင်းကုန်မည်

-ရဟန်းသူတော်ကောင်းတို့ကို ရိုသေခြင်းကင်းကုန်မည်

-အမျိုး၌ကြီးသောသူတို့ကို ရိုသေခြင်းကင်းကုန်မည်

-တရားပျက်သူတို့ကိုသာ သူတော်ကောင်းထင်၍ ပူဇော်ကြမည်၊ ချီးမွမ်းကြမည်

ထိုသက်တမ်းကာလဝယ် အမိဟူ၍လည်းကောင်း၊ မိထွေးဟူ၍လည်းကောင်း၊ဦးရီး၏မယားဟူ၍လည်းကောင်း၊ ဆရာ၏မယားဟူ၍လည်းကောင်း၊အလေးအနက်ပြုအပ်သော သူ၏မယားဟူ၍လည်းကောင်း မထားတော့ပေ။

-ဆိတ်၊သိုး၊ကြက်၊ဝက်၊ခွေးတို့ကဲ့သို့ ဤလောကသည် ရောနှောခြင်းသို့ရောက်မည်

www.dhammaransi.com



-တစ်ယောက်သည် တစ်ယောက်၌ပြင်းထန်သော ရန်ငြိုးဖွဲ့မည်၊ပြင်းထန်သောအမျက်ဒေါသဖြစ်ကြမည်
-ပြင်းထန်သောပြစ်မှားခြင်းများ ပြုလုပ်ကြမည်
-ပြင်းထန်သောသတ်လိုစိတ်များဖြစ်ပေါ်ကြမည်
-အမိကသား၌၊ သားကအမိ၌၊အဘကသား၌၊ သားက အဘ၌၊မောင်ကနှမ၌၊နှမကမောင်၌ ပြင်းသောရန်ငြိုးဖွဲ့ခြင်း၊ပြင်းသောအမျက်ထွက်ခြင်း၊ပြင်းသောပြစ်မှားခြင်း၊ပြင်းသောသတ်လိုစိတ်များ ဖြစ်ပေါ်ကြမည်

သားသတ်မုဆိုးက သားသမင်ကိုမြင်သောအခါ ပြင်းသောသတ်လိုစိတ်ဖြစ်သကဲ့သို့ ဖြစ်ကြပါမည်။

အသက်(၁၀)နှစ်တမ်းနောက်ဆုံးရောက်သောအခါ ခုနှစ်ရက်လက်နက်ဖြင့် ပျက်စီးခြင်းဖြစ်မည်။

ထိုသူတို့သည် တစ်ယောက်ကိုတစ်ယောက်သားသမင်ကဲ့သို့ ထင်မှတ်ကြကာ ထက်မြတ်သောလက်နက်ဖြင့် သတ်ဖြတ်ကြမည်။

ထိုသို့ သက်တမ်းဆုတ်ယုတ်လာမည်ဖြစ်ရာ လူတို့၏ သက်တမ်းဆုတ်ယုတ်သလို အစာအာဟာရများသည် ဩဇာအဆီ အစေးများဆုတ်ယုတ်လာမည်ဖြစ်ပါသည်။

(လူ့သက်တမ်းဆုတ်ယုတ်ရာတွင် လူတို့နှစ်သက္ကရာဇ် ၁၀၀- ပြည့်တိုင်း တစ်နှစ်ဆုတ်ယုတ်သွားပါသည်)

www.dhammaransi.com



လူတို့သက်တမ်းအာဟာရများဆုတ်ယုတ်ရခြင်း၏ အကြောင်းမှာ လူတို့သည် ကိုယ်ချင်းစာဟူသော မေတ္တာတရားကင်းပါးခြင်းကြောင့်သာဖြစ်ပါသည်။

ဤသို့ သက်တမ်းနှင့်အာဟာရဆုတ်ယုတ်လာရခြင်းမှာ အကုသိုလ်အယုတ်တရားတို့ ဖြစ်ပေါ်လာသောကြောင့် ဆုတ်ယုတ်သည်ဟု ဆိုက ဆိုနိုင်ပါသည်။

ထိုအကုသိုလ်တရားပေါ်ရခြင်းမှာလည်း-

-မိမိသည်ချမ်းသာခြင်းကိုသာ လိုလားတောင့်တနှစ်သက်၏၊ဆင်းရဲခြင်းကိုမလိုလားမနှစ်သက်၊မတောင့်တသကဲ့သို့ အခြားသူတို့သည်လည်း ချမ်းသာခြင်းကိုသာ လိုလားတောင့်တနှစ်သက်ကြမည်၊ဆင်းရဲခြင်းကိုလိုလားတောင့်တနှစ်သက်ကြမည်မဟုတ်

-တစ်ခြားသူကမိမိကိုစော်ကားကျူးလွန်လာလျှင်မိမိကမနှစ်သက်သကဲ့သို့ တစ်ခြားသူကလည်းနှစ်သက်မည်မဟုတ်သောကြောင့် သူတစ်ပါးအားစော်ကားလွန်ကြူးရန်မသင့်

ဟူသောကိုယ်ချင်းစာမေတ္တာတရားမရှိကြသောကြောင့် ထိုအကုသိုလ်အယုတ်တရားများဖြစ်ပေါ်ကြရပါသည်။

ကိုယ်ချင်းစာမေတ္တာတရားရှိလျှင် အကုသိုလ်ဒုစရိုက်အယုတ်တရားများလွန်ကြူးခြင်းရှိမည်မဟုတ်ကြောင်း ဘုရား

www.dhammaransi.com



ရှင်ကမဟာဝဂ္ဂသောတာပတ္တိသံယုတ် မူလပဏ္ဏာသ အနုမာန သုတ်၌ဟောကြားထားပါသည်။

အင်္ဂုတ္တိုရ်ပါဠိတော်၌-

"ရဟန်းတို့ လူငယ်သည် လူငယ်ဘဝမှစ၍ဒေါသစသောနီဝရဏမှကင်းကြောင်း ကောင်းသောမေတ္တာစိတ်ကို ကိုယ်ချင်းစာပခါနထား၍ပွားများနေရာ၏၊ထိုသူငယ်သည် မကြီးပွားကြောင်းမကောင်းသောအယုတ်တရားကို ပြုနိုင်ပါဦးမည်လော"

"မြတ်စွာဘုရား ကိုယ်ချင်းစာမေတ္တာတရားပွားနေသူသည် အယုတ်တရားကိုပြုမည်မဟုတ်ပါဘုရား"

"ရဟန်းတို့ ဒုစရိုက်အယုတ်တရားကိုမပြုသောသူအားကိုယ်စိတ်နှစ်ဖြာဆင်းရဲခြင်းသည် ဖြစ်နိုင်ပါမည်လော"

"မြတ်စွာဘုရား--မဖြစ်နိုင်ပါဘုရား"

"ရဟန်းတို့ ယောကျ်ားသည်လည်းကောင်း မိန်းမသည်လည်းကောင်း ရဟန်းသည်လည်ကောင်း ဤမေတ္တာဗြဟ္မဝိဟာရတရားကိုနေ့စဉ်ပွားများအပ်သည်သာတည်း" ဟူ၍ဟောတော်မူခဲ့ပါသည်။

ဤဒေသနာတော်များအရ မေတ္တာတရားပျက်ပြားခြင်းသည် လူသားတို့သက်တမ်းအဟာရဆုတ်ယုတ်ကြောင်းအရင်းမူလဟူ၍သိကြပြီးလျှင် မေတ္တာ၏ရန်သူဖြစ်သောလောဘ,ဒေါသ အယုတ်တရားများကို ပယ်ရှားကြရပါမည်။

www.dhammaransi.com



## မေတ္တာပွား၍သက်တမ်းပြန်ရှည်လာမည်

ထိုသူတို့သည် တစ်ယောက်ကိုတစ်ယောက် သားသမင်ကဲ့သို့ထင်မှတ်ကြကာ ထက်မြက်သောလက်နက်တို့ဖြင့် အချင်းချင်းသတ်ဖြတ်ကြမည်။

ထိုအခါ အချို့သောသူတို့၏စိတ်၌ ဤသို့သောအကြံသည်ဖြစ်ပေါ်လာပါမည်။

"ငါတို့ကလည်း တစ်စုံတစ်ယောက်သောသူကိုမသတ်ဖြတ်မိပါစေနှင့်၊ငါတို့ကိုလည်း တစ်စုံတစ်ယောက်သောသူကမသတ်ဖြတ်မိပါစေနှင့်၊ငါတို့သည် မြက်ထူသောအရပ်၊တောထူသောအရပ်၊ကူးနိုင်ခဲသောမြစ်၊တစ်ဘက်မညီညွတ်သောတောင်သို့ဝင်၍ သစ်သီး,သစ်မြစ်ကိုစားသောက်၍နေရပါမူကောင်းလေစွ"

ထို့နောက်ထိုသူများသည် ထိုအရပ်များသို့ပြေးဝင်ခိုလှုံ၍နေကြပြီး သစ်ဥသစ်သီးများကို စားနေကြပါမည်။

ခုနှစ်ရက်မြောက်သောနေ့ လက်နက်ဘေးငြိမ်းသွားသောအခါ ထိုထိုနေရာအရပ်တို့မှ ထွက်လာကြမည်။တစ်ဦးကိုတစ်ဦးတွေ့ဆုံကြ၍ မေတ္တာဝင်ကြကာ လည်ပင်းကိုဖက်ကြလျက်-

"အိုအဆွေတို့--သင်တို့ကိုမြင်ရသေးသည်တကား သင်တို့အသက်ရှင်လျက်ရှိသေးသည်တကား"

www.dhammaransi.com



ဟုဆိုကြလျက် ကြင်ကြင်နာနာယုယုယယဖြင့် ဆက်ဆံပြောဆိုလာကြသည်၊စိတ်နှလုံးသက်သာအေးချမ်းခြင်းသို့ရောက်ကြရသည်။

"ငါတို့သည် ကိုယ်ချင်းစာမေတ္တာတရားမရှိကြ၍ အကုသိုလ်အမှုတို့ကို ဆောက်တည်ကြသဖြင့် ဤသို့အကျိုးများပျက်စီးခြင်းသို့ရောက်ကြရသည်၊ငါတို့သည် ကိုယ်ချင်းစာမေတ္တာတရားမွေး၍ ကုသိုလ်တရားကိုမွေးကြကုန်စို့"
ဟုတိုင်ပင်ကြပြီးလျှင် သူ့အသက်သတ်ဖြတ်ခြင်းကိုရှောင်ကြဉ်ကြမည်။

ထိုအခါ ထိုတရားကိုကျင့်သည့်အတွက်ကြောင့် လူသက်တမ်းသည်(၁၀)နှစ်အတမ်းမှ (၂၀)တမ်းတိုင်အောင်တက်လာမည်။

သက်တမ်း(၂၀)သို့ရောက်သောအချိန်မှစ၍

| | |
|---|---|
| -သူတစ်ပါးပစ္စည်းခိုးယူမှု | -အဒိန္နာဒါန |
| -သူ့သားအိမ်ယာပြစ်မှားမှု | -ကာမေသုမိစ္ဆာစာရ |
| -လိမ်ညာပြောဆိုမှု | -မုသာဝါဒ |
| -ချောပစ်ကုန်းတိုက်မှု | -ပိသုဏာဝါစာ |
| -ကြမ်းတမ်းစွာပြောဆိုမှု | -ဖရုသဝါစာ |
| -အကျိုးမရှိစကားပြောဆိုမှု | -သမ္ဖပ္ပလာပ |
| -သူတစ်ပါးပစ္စည်းရလိုမှု | -အဘိဇ္ဈာ |

www.dhammaransi.com



-သူတစ်ပါးပျက်စီးစေလိုမှု -ဗျာပါဒ
-မှားသောအယူ ယူမှု -မိစ္ဆာဒိဋ္ဌိ

ဤအကုသိုလ်တရားများကို တစ်ခုပြီးတစ်ခုပယ်ဖျောက်ကျင့်ကြံလာသဖြင့် အဓမ္မရာဂ ဝိသမလောဘ မိစ္ဆာဓမ္မတို့ကို ပယ်ရှားလာကြမည်။

-အမိဦးရိုသေခြင်း
-အဘဦးရိုသေခြင်း
-ရဟန်းဦးရိုသေခြင်း
-သူတော်သူမြတ်ဦးရိုသေခြင်း
-အမျိုးဦးကြီးသူကိုရိုသေလေးမြတ်ခြင်း

ဟူသောကုသိုလ်တရားတို့ကို တစ်စတစ်စတိုး၍ကျင့်ကြံလာကြမည်။

ထိုသို့ကျင့်ကြံသောကြောင့်
အနှစ် (၂၀)မှ ၄၀
အနှစ် (၄၀)မှ ၈၀
အနှစ် (၈၀)မှ ၁၆၀
အနှစ် (၁၆၀)မှ ၃၂၀
အနှစ် (၃၂၀)မှ ၆၄၀
အနှစ် (၆၄၀)မှ ၂၀၀၀
အနှစ် (၂၀၀၀)မှ ၄၁၀၀
အနှစ် (၄၀၀၀)မှ ၈၀၀၀

www.dhammaransi.com



အနှစ် (၈၀၀၀)မှ ၂၀၀၀၀
အနှစ် (၂၀၀၀၀)မှ ၄၀၀၀၀
အနှစ် (၄၀၀၀၀)မှ ၈၀၀၀၀
အနှစ် (၈၀၀၀၀)မှ ဆက်၍ဆက်၍ အသင်္ချေယျတမ်းတိုင်အောင်တစ်စတစ်စ တိုးပွားသွားပါမည်။

ဤသို့လျှင်ကိုယ်ချင်းစာတရားဟူသော မေတ္တာတရားတိုးပွားသောကာလတရားကို ကျင့်ကြ၍ချမ်းသာသုခလည်း တိုးပွားလာကြသည်။

ထို့ကြောင့် မိမိ၏ချမ်းသာကို အလိုရှိသောသူသည်လည်းကောင်းသူတစ်ပါးချမ်းသာခြင်းကိုအလိုရှိသောသူသည်လည်းကောင်း မေတ္တာဗြဟ္မဝိဟာရတရားကို ကြိုးစားအားထုတ်ကြရပါသည်။

မေတ္တာဗြဟ္မဝိဟာရတရားသည် မိမိအကျိုး သူတစ်ပါးအကျိုးကိုပြီးစေတတ်ပါသည်။

ဒေါသသည် မိမိအကျိုး သူတစ်ပါးအကျိုးနှစ်မျိုးစလုံးကိုဖျက်ဆီးတတ်သည်။

"ဤလောက၌ အကြင်သူသည် ရှေးမေ့လျော့စဉ်အခါက အကုသိုလ်တရားတို့ကိုများစွာပြုမိခဲ့သော်လည်း နောင်သောအခါ မေတ္တာတရားတိုးပွား၍ မေတ္တာတရားလက်မလွတ်စေဘဲ သေခြင်းသို့ရောက်သည်ဖြစ်အံ့၊ နောက်ကပြုခဲ့ပြီးသောအကုသိုလ်ဒုစရိုက်တရားတို့သည် ဒုတိယဘဝ၌အကျိုး

www.dhammaransi.com



ပေးခြင်းငှါ မစွမ်းနိုင်ကြပါ။

ဥပမာသော်ကား အနည်းငယ်မျှသောရေသည် များစွာသောရေကိုလွှမ်းမိုး၍မသွားနိုင်၊များစွာသောရေကသာ အနည်းငယ်သောရေကို ယူဆောင်သွားဘိသကဲ့သို့ ထိုအခါ အကုသိုလ်ဒုစရိုက်တို့ကို မေတ္တာကလွှမ်းမိုးသွားနိုင်၏

အကယ်၍စျာန်သမာပါတ်သို့ရောက်အောင်ပွားနိုင်သဖြင့်ထိုစျာန်သမာပါတ်ကိုပင်ပွား၍ မေတ္တာ၏ရန်သူဖြစ်သောဒေါသတရားကိုအကြွင်းမဲ့ပယ်ရှားနိုင်သည်ဖြစ်ကသေသည်အခြားမဲ့၌ဗြဟ္မာဘုံသို့ရောက်၍ ထိုဗြဟ္မာဘုံမှတစ်ဖန်ပြန်မလာဘဲ နိဗ္ဗာန်သို့သာတစ်ခါတည်းရောက်ရတော့သည်" ဟူ၍ဘုရားရှင်ကဟောကြားထားပါသည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## မေတ္တာခြံမြလုံပါသည်

ဂေါတမဗုဒ္ဓသည် သတ္တဝါဝေနေယျတို့အား မေတ္တာဖွဲ့ကြင် ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းဖြင့် ရိုင်းပင်းစီးပွား၊ဒီရေလားသို့ မြင့်မားစေလိုသော မဟာကရုဏာဆန္ဒနှင့်လောကကြီးအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့်လူသားတို့ တိုးတက်ကြီးပွားစည်ပင်၍ တစ်ဘက်မှလည်း အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ရောက်ရှိစေရန် မဂ္ဂတို့ကို ထုတ်ဖော်၍နည်းလမ်းညွှန်ပြပေးခဲ့ပါသည်။

www.dhammaransi.com



လောကလူသားတို့ အေးချမ်းသာယာရေးအတွက် လူသားတိုင်းသည် ကာယကံဆိုး၊ ဝစီကံဆိုး၊ မနောကံဆိုးတို့ကို မေတ္တာစိတ်ဝင်၍ တားဆီးပိတ်ပင် ရှောင်ကြဉ်တတ်ရပါမည်။

ဤသို့ တားဆီးနိုင်ခြင်းသည်ပင်-

-မကောင်းမှုပြုရမည်ကိုရှက်ခြင်း (ဟိရိတရား)

-မကောင်းမှုပြုရမည်ကိုကြောက်ခြင်း (ဩတ္တပ္ပတရား)

ဟူသော လောကကိုစောင့်ရှောက်သော (လောကပါလ)တရား နှစ်ပါးကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်ပါသည်။

ဤလောကပါလတရားနှစ်ပါးကို-

-သန့်ရှင်းကြည်လင်ဖြူစင်သောတရား (သုက္ကဓမ္မ)

-နတ်ဗြဟ္မာတို့နှစ်သက်မြတ်နိုးသောတရား(ဒေဝဓမ္မ)

-လောကကိုထွန်းလင်းတောက်ပကြည်လင်စေသော တရား (ဒီပဓမ္မ)

ဟု ဆိုပါသည်။

ဤလောကပါလတရားသည် လောကတစ်ခုလုံးနှင့် လူသားအားလုံးတို့အား စောင့်ရှောက်ပါသည်၊ လူနှင့်တိရစ္ဆာန် လောကကို စည်းကမ်းဘောင်ခြားထားပေးပါသည်။

ဤလောကပါလတရား ဆိတ်သုဉ်းပျောက်ကွယ်ပျက် စီးသွားပါက လောကလူသားတို့သည် အမိနှင့်သား၊ မောင်နှင့် နှမ မခွဲခြားတော့ဘဲ တိရစ္ဆာန်နှင့်မခြား ရိုင်းပြသွားဖွယ် ရှိပါ သည်။

www.dhammaransi.com



ထိုသို့ ဖြစ်သွားပါက လောကရှိလူသားအားလုံးကို လောကီ-လောကုတ်အကျိုးများ ပျက်စီးဆုတ်ယုတ်သွားနိုင်ပါသည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## မေတ္တာနှင့်သစ္စာ

ဤလောကရှိလူသားတို့ ထိန်းသိမ်းစောင့်ရှောက်ရမည့်တရားတို့တွင် လောကပါလတရားအပြင်-

-မေတ္တာဟူသောတရား

-သစ္စာဟူသောတရား နှစ်ပါးသည်လည်း အလွန်အရေးပါသောတရားဖြစ်ပါသည်။

ဟင်းချက်ရာတွင် ဆားမပါရင်မပြီးသလို သစ်ဖောင်ဝါးဖောင်များချည်နှောင်ရာဝယ် ကြိုးမပါရင်မပြီးသလို လူ့လောက လူ့အဖွဲ့အစည်း ဖွဲ့စည်းရာ၌လည်းကောင်း၊ ပေါင်းသင်းဆက်ဆံသွားလာလုပ်ကိုင်ရာ၌လည်းကောင်း၊ မေတ္တာတရား သစ္စာတရား မပါလျှင် မပြီးပါ။

ဤတွင် မေတ္တာသဘောမှာ-တစ်ဦးအပေါ်တစ်ဦး အကျိုးလိုလားသော(ဝါ)ကောင်းကျိုးချမ်းသာတွေဖြစ်နေသည်ကို မြင်လိုသောသဘောပင်ဖြစ်ပါသည်။

လူသတ္တဝါဟူသည် လောကအတွင်း၌ တစ်ဦးချင်းတစ်ယောက်ချင်း ထီးထီးကြီးနေထိုင်ကြသည် မဟုတ်ပါ၊

www.dhammaransi.com



အချင်းချင်းစုပေါင်းဖွဲ့စည်း၍ မြို့-ရွာ အသင်းအပင်းသဘော ဖြင့် စုပေါင်းနေထိုင်ကြပါသည်။

ထိုသို့ စုပေါင်းဖွဲ့စည်းနေထိုင်သော သဘောအရင်းခံ ရှိရာ၌ တစ်ဦး၏အကျိုးကိုတစ်ဦးကလိုလားသော မေတ္တာ တရားမရှိခဲ့လျှင် ကြိုးကြိမ်စသည်တို့ဖြင့် ချည်နှောင်ထားသော သစ်ဖောင်-ဝါးဖောင် စသည်တို့ကဲ့သို့ မကြာခင် ဖရိုဖရဲ ပြိုကွဲ ပျက်စီးသွားရမည်သာဖြစ်ပါသည်။

ဇာတ်တကင်္ဂုမင်းဇာတ်တော်၌ ငုံးအများ တစ်ဦးအပေါ် မေတ္တာသက်ဝင်နေသောအခါ မုဆိုး၏ပိုက်ကွန်ကို မ,ချီသွား ကြပြီး ပိုက်ကွန်မှလွတ်မြောက်ခဲ့ရသည်၊အလားတူပင် ဝက် သတ္တဝါအသင်းစုသည် မိမိတို့ကိုသတ်စားလေ့ရှိသော ရန်သူ ကျားကို အချင်းချင်းစည်းလုံးညီညာမေတ္တာဖြင့် တော်လှန်ဖြို ဖျက်နိုင်ခဲ့ကြသည်။

အိမ်ထောင်စုတစ်ခုတွင် မိဘ၊ သားသမီး၊ စုပေါင်း နေထိုင်ကြရာ၌ မိဘနှစ်ပါးသည် သားသမီးများအပေါ်၌ ကောင်းကျိုးကိုလိုလား၏၊ သားသမီးတို့အတွက် အနစ်နာခံ ဆောင်ရွက်ပေးသည်၊ သားသမီးများဆင်းရဲရောက်မည်ကို စိုးရိမ်သည်၊သားသမီးများချမ်းသာဖွံ့ဖြိုးနေသည်ကိုမြင်ရလျှင် ရွှင်ပြကြည်နူးနေသည်၊သားသမီးများကလည်း မိဘများအပေါ် ဤကဲ့သို့ပင် မေတ္တာဖွဲ့ရှင်သဘောဝင်ထားသည်။

မေတ္တာဓာတ်ဖြင့် ကောင်းစွာဖွဲ့စည်းအပ်သော အိမ်

www.dhammaransi.com



ထောင်စုဆွေမျိုးစု၊ အသင်းစု၊ ရွာသူရွာသားစု၊ နယ်သူ-နယ်သားစု၊ မြို့သူမြို့သားစု တိုင်းပြည်သူ-ပြည်သားစုကို ရန်သူတစ်ပါးတို့ စိုးမိုးနှိပ်စက်ခြင်းငှာ မစွမ်းနိုင်မှု၍ မည်သည့်အရာ ဌာနဥမဆို ဆုံးရှုံးခြင်းသို့ မရောက်ဘဲအောင်နိုင်ခြင်းသို့သာ ရောက်ရသည်။

ဤသည်မှာ ထိုသူများသည် ကောင်းကျိုးကိုလိုလားသော မေတ္တာဖွဲ့ယှက်ထားအပ်သော စည်းလုံးညီညွတ်မှုကြောင့်ပင်ဖြစ်ပါသည်။

ဤကဲ့သို့ကောင်းကျိုးလိုလားသော မေတ္တာတရားဖွဲ့ချည်ထားမှုကြောင့် တစ်ဦးအပေါ် တစ်ဦးက သစ္စာစောင့်သိကြသည်။

အပြောတစ်မျိုးအလုပ်တစ်မျိုးမလုပ်ဘဲ ပြောတိုင်းလုပ် လုပ်တိုင်းပြော အတွင်းအပြင် ချောမောပြေပြစ်ကြပါသည်။

အတွင်းမီးကို အပြင်မပေါက်ကြား စည်းကမ်းထားကြသည်။

ဤသို့ စည်းစောင့်ကြသည်ကိုပင် မေတ္တာယှဉ်သော သစ္စာစောင့်မှုဟု ဆိုရပါသည်။

လောကဝယ်မေတ္တာရှိမှ သစ္စာရှိနိုင်ပါသည်။ လောကဥပမာအားဖြင့်ဆိုရသော်-

-မေတ္တာသည် ရေနှင့်တူပါသည်

-သစ္စာသည် ပန်းပွင့်နှင့်တူပါသည်

www.dhammaransi.com



သစ္စာတည်းဟူသောပန်း ပွင့်လန်းရှင်လန်းလာအောင် မေတ္တာရေဖြင့် သွန်းလောင်းပက်ဖျန်းပေးရပါမည်။

မေတ္တာတရားခေါင်းပါးနေသူ၌ သစ္စာတရားမရှိနိုင်ပါ၊ သတ္တဝါဟူသမျှတို့သည် အချင်းချင်းအကျိုးကိုလိုလားသော မေတ္တာရှိနေပါလျှင် သစ္စာဖောက်ခြင်း၊မဟုတ်မမှန် လုပ်ကြံပြောဆိုခြင်းများ မရှိနိုင်တော့ပါ။

လူတစ်မျိုးက အခြားလူတစ်မျိုးကို အနိုင်ယူလိုသော အခါ၌ ခွဲနည်းဥပါယ်ကိုအသုံးပြုကြလေ့ရှိပါသည်။

ခွဲနည်းဥပါယ်ဆိုသည်မှာ- အချင်းချင်းမေတ္တာသဘောဖြင့် ချစ်ခင်ပေါင်းစည်းနေသော လူ့အသိုင်းအဝိုင်းကို မေတ္တာပျက်ကာ ကွဲပြားသွားအောင် ကြံဆောင်လုပ်ကိုင်ခြင်းပင် ဖြစ်ပါသည်။

လူ့အသိုင်းအဝိုင်းသည် မေတ္တာဖြင့်နှောင်ဖွဲ့ထားပါလျှင်အချင်းချင်းသစ္စာစောင့်ကြသဖြင့် အတွင်းရေးကိုမသိနိုင်၊ အတွင်းရေးကိုမသိနိုင်သည့်အတွက် ကွဲပြားအောင်မပြုလုပ်နိုင်ကြပေ။ထို့ကြောင့် လူ့အသိုင်းအဝိုင်းပြိုကွဲသွားအောင် ခွဲနည်းဥပါယ်ကို သုံးစွဲကြလေ့ရှိသည်။

ဘုရားရှင်လက်ထက်က ဝေသာလီပြည်လိစ္ဆဝီမင်းတို့သည် အချင်းချင်းမေတ္တာခေတ်ဖွဲ့ယှက်ထားသဖြင့် အင်အားပြည့်ဝပြီး အခြားမည်သည့်တိုင်းပြည် မင်းကမျှလာရောက်တိုက်ခိုက်သိမ်းပိုက်၍မရခဲ့ပေ။

www.dhammaransi.com



ဝေသာလီကိုသိမ်းယူလိုသော ရာဇဂြိုဟ်အဇာတသတ်မင်းသည် လိစ္ဆဝီအသိုင်းအဝိုင်းကို ပြိုကွဲသွားအောင် ဖြိုနိုင်သော နည်းပရိယာယ်တတ်ကျွမ်းသည်၊ဝဿကာရပုဏ္ဏားကို စေလွှတ်ကာ လိစ္ဆဝီမင်းသားအချင်းချင်း အထင်မှား-အမြင်မှား မေတ္တာတရားပျက်အောင် လုပ်ကိုင်စေခဲ့သည်။

မကြာခင် လိစ္ဆဝီမင်းသားအချင်းချင်းတို့ မေတ္တာပျက်ကုန်ပြီး အချင်းချင်းစောင့်ထိန်းရမည့်သစ္စာတရားကို မစောင့်ထိန်းကြတော့ဘဲ အတွင်းရေးများကို ထုတ်ဖော်ပြောခဲ့ကြသည်။

ဤသို့ မေတ္တာမဖက် သစ္စာဖျက်၍ ဖရိုဖရဲရှိသောအခါ အဇာတသတ်သည် ဝေသာလီကို အလွယ်တကူသိမ်းပိုက်နိုင်ခဲ့သည်။

စည်းလုံးညီညွတ်မှုမေတ္တာ၊ သစ္စာစွမ်းအားကြီးလှသည်ဟု နာမည်ကြီးခဲ့သော ဝေသာလီလိစ္ဆဝီတို့သည် မရှုမလှ ပြိုကွဲပြီး လူမျိုးလည်းပျောက် တိုင်းပြည်လည်းပျောက်သွားရလေတော့သည်။

မည်သည့်လူမျိုးနှင့်နိုင်ငံမဆို နိုင်ငံသားအချင်းချင်း အကျိုးလိုလားသောမေတ္တာတရားရှိနေကြဖို့ အရေးကြီးလှပါသည်၊မေတ္တာတရားရှိလျှင် သစ္စာတရားလည်း အလိုလိုရှိလာပါမည်။

မေတ္တာတရားကင်းမဲ့သောနေရာ၊ ကင်းမဲ့သောနိုင်ငံ

www.dhammaransi.com



နှင့်လူမျိုးသည် သစ္စာပျက်စီး၍ လူမျိုးရောနိုင်ငံပါ ဆုံးရှုံးတိမ်ကော ပ-ပျောက်သွားရတတ်ပါသည်။

သို့အတွက် အမျိုး၏ယဉ်ကျေးသိမ်မွေ့သောဂုဏ်သိက္ခာနှင့်အမျိုး၏ကြီးပွားချမ်းသာမှုကို တိုးတက်မှုတို့ကို လိုလားကြသော အမျိုးကောင်းသား-အမျိုးသမီးကောင်းများသည် မိမိနိုင်ငံ မိမိလူမျိုးဂုဏ်သိက္ခာမြင့်မားရေး မပြိုကွဲမပျက်စီးရေးအတွက်-

-လောကပါလတရားကို အစဉ်ထိန်းသိမ်းရပါမည်

-မေတ္တာတရားကို လုံအောင်ခြုံရပါမည်

-သစ္စာတရားကို ထိန်းသိမ်းရပါမည်

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## စတုရာရက္ခ (အစောင့်အရှောက်တရားလေးပါး)

ဗုဒ္ဓမြတ်စွာ၏သာသနာတော်တွင် ခေတ်အဆက်ဆက်ပင် အစောင့်အရှောက်တရားလေးပါးကို ပရိယတ်၊ပဋိပတ် ဝန်ဆောင်မထေရ်ကြီးများ ယောဂီပုဂ္ဂိုလ်များအစဉ်အဆက် ကျင့်ကြံအားထုတ်ခဲ့ကြပါသည်။

အစောင့်အရှောက်တရားလေးပါးမှာ-

၁။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း

၂။ မေတ္တာကမ္မဋ္ဌာန်း

www.dhammaransi.com



၃။ အသုဘကမ္မဋ္ဌာန်း
၄။ မရဏာဿတိကမ္မဋ္ဌာန်း တို့ဖြစ်ကြပါသည်။

ထိုတရားလေးပါးအနက် တစ်ပါးပါးကို ကျင့်ကြံသူတို့အား ပစ္စုပ္ပန်၌တွေ့ကြုံရမည့် သောက၊ ဒုက္ခ၊ ဒေါမနဿ၊ ပရိဒေဝ၊ ဥပါယာသ စသော အတွင်းအပြင်ဘေးရန်များ၊ တမလွန်ကြုံတွေ့ရမည့် အပါယ်ဘေးစသော ဆင်းရဲဒုက္ခများမှ လွတ်ကင်းအောင် စောင့်ရှောက်တတ်သည် ဟူ၍ ဟောတော်မူထားပါသည်။

ဤအစောင့်အရှောက်လေးပါးတွင် မေတ္တာကမ္မဋ္ဌာန်းဟူ၍ပါထားပါသည်၊ထိုမေတ္တာကမ္မဋ္ဌာန်းဟူသည် ဗြဟ္မဝိဟာရတရားလေးပါးတွင်လည်း အပါအဝင်ဖြစ်ပါသည်။

ဗြဟ္မဝိဟာရဟူသည် သတ္တဝါတို့အပေါ်၌ မေတ္တာပွား၍ဖြစ်စေ၊ ကရုဏာ၊ မုဒိတာ၊ဥပေက္ခာ တို့တွင် တစ်ပါးပါးပွား၍ဖြစ်စေ၊ မြတ်သောနေခြင်း၊ မြတ်သောသူတော်စင်ယောဂီပုဂ္ဂိုလ်များ၏နေခြင်းဖြင့်နေသည်ကို ဗြဟ္မဝိဟာရဟုခေါ်ပါသည်၊ထိုကဲ့သို့ ပွားများခြင်းသည် မြင့်မြတ်သောအကျင့်ဖြစ်သောကြောင့် ဗြဟ္မစိုရ်ဟုခေါ်သည်။

အထက်ဗြဟ္မာပြည်ရှိ ဗြဟ္မာတို့သည် ထိုတရားလေးပါးဖြင့် အပြစ်ကင်းစွာနေကြသကဲ့သို့ သူတော်စင်ယောဂီပုဂ္ဂိုလ်များသည်လည်း မေတ္တာစသော တရားလေးပါးကို ရှုပွားနေထိုင်ပါက အပြစ်ကင်းသောနေခြင်း၊မြတ်သောနေခြင်းပင်

www.dhammaransi.com



ဖြစ်ပါသည်။

ထိုဗြဟ္မဝိဟာရတရား(၄)ပါးဟူသည်-

၁။ မေတ္တာ- ချစ်ခင်ခြင်း -သတ္တဝါများအပေါ် အကျိုးစီးပွား ချမ်းသာသုခကိုလိုလားခြင်း

၂။ ကရုဏာ-သနားခြင်း -ဆင်းရဲဒုက္ခရောက်နေသူများကို ကယ်ဆယ်စောင့်ရှောက်လိုခြင်း

၃။ မုဒိတာ-ဝမ်းမြောက်ခြင်း-ဥစ္စာစည်းစိမ် ရာထူးဂုဏ်သိန်တို့ နှင့်ပြည့်စုံသူများကိုတွေ့မြင်က ဝမ်းမြောက်ဝမ်းသာရှိနေခြင်း

၄။ ဥပေက္ခာ - အလယ်အလတ်ထားခြင်း -မုန်း-ချစ်မပြု၊ တည့်မတ်စွာ ရှုမြင်ခြင်း၊ သူ့ဘာဝသူ့ကံအတိုင်း ဖြစ်ကြရသည်ဟုရှုမြင်သဘောထားတတ်ခြင်း

သူတစ်ပါးကောင်းစားစေလိုသောစိတ်ကို အဖန်ဖန် အထပ်ထပ်ဖြစ်ပွားအောင် ပြုလုပ်ခြင်း၊အာရုံပြုခြင်း၊ပို့လွှတ်ပေးခြင်းသည် မေတ္တာဘာဝနာပို့သည်မည်ပါသည်။

ထိုမေတ္တာဘာဝနာသည် သတ္တဝါတိုင်းကို အန္တရာယ်မရှိ ဆူးမငြိလုံခြုံမှုပေးပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com

# အခန်း(၂)
# မေတ္တာကွန်ရက်များ

## မေတ္တာအမျိုးအစားများ

မေတ္တာကို အမျိုးအစားခွဲလျှင် (၃)မျိုးတွေ့ရပါသည်။

၁။ **မေတ္တာကာယကံ**- မေတ္တာဖြင့်ပြုအပ်သောကိုယ်အမှုအရာ အားလုံး

-မိခင်သည် သားသမီးငယ်အား အချမ်း-အပူမနှိပ်စက်ရလေအောင် စောင့်ရှောက်ခြင်း၊မှတ်၊ခြင်၊ယင်လေ၊နေပူ၊မြွေ၊ကင်း၊သန်းတို့ ကိုက်ခဲခြင်းအတွေ့တို့မှကင်းလွတ်စောင့်ရှောက်ခြင်း၊ နို့ရည်တိုက်ကျွေးခြင်း၊ ထမင်းကျွေးခြင်း၊ရေချိုးပေးခြင်း စသည်ဖြင့် သားငယ်အား ဆင်းရဲမရောက်စေမူ၍ တစ်နေ့တစ်ခြား ကြီးပွားခြင်းငှာ ကိုယ်ဖြင့်စောင့်ရှောက်ခြင်းသည် ကာယကံမေတ္တာ

www.dhammaransi.com



- သားသမီးဖြစ်သူတို့ကလည်း မိဘတို့အား အစား အစာကျွေးခြင်း၊ ရေချိုးပေးခြင်း၊ ခြေဆုပ်လက်နယ်ပြု ပေးခြင်း၊ အဝတ်ဆင်ယင်ပေးခြင်း၊ ပြုဖွယ်ကိစ္စများ ပြုလုပ်ပေးခြင်း စသည်ဖြင့် မိဘတို့အပေါ်ချစ်အပ် သောအမှုအရာဖြင့် ပြုအပ်သော အရာများသည် ကာယကံမေတ္တာ

အလားတူ ဆရာနှင့်တပည့်၊ မိတ်ဆွေ၊လင်နှင့်မယား တစ်ဦးအပေါ်တစ်ဦးအပြန်အလှန်ချစ်ခင်နှစ်သက်စွာ ပြုစုပေးခြင်း၊ စောင့်ရှောက်ခြင်း၊ ကျွေးမွေးခြင်း စသည် တို့သည်လည်း ကာယကံမေတ္တာမည်ပါသည်။

၂။ **မေတ္တာဝစီကံ** - မေတ္တာစိတ်ဖြင့်ပြောဆိုအပ်သော နှုတ် အမှုအရာအားလုံး

- မိခင်သည် ငါ့သားရောဂါကင်းပါစေ၊ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ပါစေ၊လိုသမျှရပါစေ၊ ဘေးရန် ခပ်သိမ်းကင်းငြိမ်းပါစေ စသည်ဖြင့် ဆုတောင်းမေတ္တာ ပြုခြင်းသည် ဝစီကံမေတ္တာ

အလားတူ သားသမီးကမိဘကို၊ဆရာက တပည့်ကို၊ တပည့်ကဆရာကို၊ မိတ်ဆွေက မိမိကို၊ မိမိက မိတ်ဆွေကို၊ လင်ကမယားကို၊မယားကလင်ကို၊ မေတ္တာဖြင့် ပြောဆိုဆက်ဆံခြင်းသည် ဝစီကံမေတ္တာ

www.dhammaransi.com



၃။ **မေတ္တာမနေသာက်**-ကြံစည်အပ်သောနှုတ်အမူအရာအားလုံး
-မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ မိတ်ဆွေအချင်းချင်း၊ လင်နှင့်မယား စသည်တို့ကို အပြန်အလှန်စိတ်သက်သက်ဖြင့် ကြံစည် မေတ္တာပို့ခြင်းသည် မေတ္တာမနေသာက်

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## မေတ္တာနှင့်အနီးအဝေးရန်သူများ

ဗြဟ္မဝိဟာရဆိုသောတရားတို့တွင် တစ်ပါး-တစ်ပါးသော ဗြဟ္မဝိဟာရတရား၌ အနီး-အဝေးအစွမ်းအားဖြင့် ရန်သူ (၂)ပါးရှိပါသည်။

### ၁။ မေတ္တာ၏အနီးရန်သူ

-ပုဂ္ဂိုလ်တစ်ယောက်၏အကျိုးမဲ့ကိုပြုလိုသဖြင့် အနီးမှချောင်း၍လိုက်နေသောရန်သူကဲ့သို့ ဂုဏ်ကျေးဇူးကိုမြင်တတ်ခြင်းအားဖြင့် မေတ္တာနှင့်သဘောတူသောကြောင့် လောဘသည် နီးသောရန်သူမည်ပါသည်။
နီးသောရန်သူသည် အကျိုးစီးပွားမဲ့ကို အလွယ်တကူနှင့်ပြုလုပ်နိုင်သကဲ့သို့ ရာဂသည်မေတ္တာ၏အကျိုးမဲ့ကို အလွယ်တကူပြုလုပ်နိုင်၏။
သို့အတွက် မေတ္တာပွားသူသည် ရာဂတည်းဟူသောရန်သူမှကင်းလွတ်အောင် အထူးသတိထားရသည်။

www.dhammaransi.com



ဤရာဂဟူသည် တရားကိုယ်အားဖြင့် လောဘပင် ဖြစ်ပါသည်။လောဘဟူသောရန်သူက အနီးမှာကပ်၍ မပြတ် နှိပ်စက်နေသောကြောင့် အားလုံးသောသတ္တဝါတို့အပေါ်၌ မေတ္တာသက်ဝင်၍ အလွန်ခဲယဉ်းပါသည်။

မေတ္တာ၏သဘောစစ်မှာ မိမိကိုယ်နှင့်အမျှ အလုံးစုံ သောသတ္တဝါတို့အပေါ်၌ ချစ်နိုင်မှသာ ဖြစ်ပေါ်လာ၏။

တစ်ဦးတစ်ယောက်၏ချမ်းသာ၊ တစ်မျိုးတစ်ဆွေ၏ ချမ်းသာကိုသာအလိုရှိ၍ အခြားသောသတ္တဝါတို့၏ ချမ်းသာ ကို အလိုမရှိခဲ့လျှင် မေတ္တာမဖြစ်နိုင်ပါ။

လောက၌ အများအားဖြင့် အချို့သောသူတို့သည်-

-မိမိတစ်ကိုယ်ကောင်းကိုသာကြံ၏၊ မိမိသားမယား ချမ်းသာဖို့မကြံ

-အချို့ မိမိတစ်အိမ်သားချမ်းသာဖို့ကြံ၏၊အခြားသူ များချမ်းသာဖို့မကြံ

-အချို့ကမိမိတစ်ဆွေတစ်မျိုးချမ်းသာဖို့ကြံ၏၊အခြား သူများချမ်းသာဖို့မကြံ

-အချို့က မိမိလူမျိုးတစ်မျိုးသာချမ်းသာဖို့ကြံ၏၊အခြား လူမျိုးချမ်းသာဖို့မကြံ

ဤကဲ့သို့ကြံသူများ၍ မေတ္တာတရားနည်းပါးကြသည်၊ မေတ္တာတရားနည်းပါးကြသောကြောင့်-

-တစ်ကိုယ်ကောင်းချမ်းသာဖို့ လောဘဖြစ်သူနှင့်

www.dhammaransi.com



အိမ်သူအိမ်သားများမသင့်မြတ်ကြ
-မိမိ မိသားစုချမ်းသာဖို့လောဘဖြစ်သူနှင့်အခြား
အိမ်သားများမသင့်မြတ်ကြ
-မိမိမိတ်ဆွေတစ်မျိုးချမ်းသာဖို့ လောဘဖြစ်သူနှင့်
အခြားလူစိမ်းတို့ မသင့်မြတ်ကြ
-မိမိလူမျိုးတစ်မျိုးချမ်းသာဖို့လောဘဖြစ်သူနှင့်အခြား
လူမျိုး မသင့်မြတ်ကြ

ဤသို့ မသင့်မြတ်ကြ၍ မကြာခဏခိုက်ရန်ဒေါသဖြစ်ကြရသည်၊ထိုသို့ ဖြစ်ရခြင်းမှာ လောဘတည်းဟူသော ရန်သူအတွက်ကြောင့် ဖြစ်ပါသည်။

ထိုလောဘဖြစ်ခြင်း၏အကြောင်းမှာ-
-ကောင်းမွန်ထူးဆန်းသော အာရုံငါးပါး အသုံးအဆောင်များ ပေါများသောအခါ
-သာမညဖြစ်သော စားသောက်ဖွယ်စုသည်တို့ ရှားပါးလာသောအခါ

ထိုလောဘတရားသည် များစွာဖြစ်တတ်ပါသည်၊တစ်ဦးအပေါ် တစ်ဦးမေတ္တာအလွန်ကင်းတတ်ပါသည်။

ဥပမာ-ရေရှားသောနွေဥတု၌ ရေသည်များစွာအဖိုးထိုက်တန်သကဲ့သို့ မေတ္တာ၏ရန်သူဖြစ်သော လောဘတရားများ များ၍ မေတ္တာတရားနည်းပါးလာသောအခါ မေတ္တာပွားရန်အထူးလိုအပ်ပါသည်။

www.dhammaransi.com



လောဘတရားဖြစ်လာသောအခါ ထိုလောဘ၏အခြံအရံဖြစ်သော မာန-ဒိဋ္ဌိတို့သည် ပေါ်လာကြပြန်သည်။

ထိုမာန-ဒိဋ္ဌိတို့က ပေါ်လာသဖြင့် သူတစ်ပါးအလိုသို့ မလိုက်နိုင်ကြဘဲ၊ မိမိပြုသောအရာကသာမှန်သည်၊သူတစ်ပါးပြုသောအရာကား မမှန်ဟု နှလုံးသွင်းပြီးလျှင် မိမိနှင့်အယူအဆကွဲပြားသူများအပေါ်၌ မေတ္တာမသက်ဝင်နိုင်တော့ချေ။

မိမိသာမှန်သည်၊ မြတ်သည်၊ တတ်သည်၊လိမ္မာသည်ဟူ၍ မိမိကိုယ်ကို တောင်လွှား၍ အခြားသူများကို ရှုတ်ချပြီးလျှင် အခြားသူများအပေါ်၌ မေတ္တာမသက်ဝင်နိုင်ခြင်းများဖြစ်ပေါ်လာကြရပါသည်။

ဤကမ္ဘာလောကကြီး တစ်စ-တစ်စပျက်စီးဆုတ်ယုတ်လာခြင်းများလည်း ထိုမာန-ဒိဋ္ဌိတရားများကြောင့် ဖြစ်ပါသည်။

## ၂။ မေတ္တာ၏အဝေးရန်သူ

ယောကျ်ား၏သွားလာရန် ခဲယဉ်းသောတောင်စသောအရပ်ဒေသ၌နေသော ရန်သူကဲ့သို့ သဘောချင်းမတူ၍ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဒေါသသည် မေတ္တာ၏ဝေးသောရန်သူမည်ပါသည်။

မီးအားကြီးသောနေရာ၌ ရေသည်ခန်းခြောက်ခြင်းသို့ရောက်ရသကဲ့သို့ အကြင်သူ၏သန္တာန်၌ ဒေါသတရားဖြစ်ပွားလာသော် မေတ္တာတရားကင်းပျောက်သွားပါသည်။

အဖသည် သားနှင့်မသင့်တင့်ခြင်း၊ သမီးသည် အမိ

www.dhammaransi.com



နှင့်မသင့်တင့်ခြင်း၊မောင်သည် အမနှင့်မသင့်တင့်ခြင်း၊ အကိုသည် ညီနှင့်မသင့်တင့်ခြင်း၊ အဖွဲ့အသင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ မသင့်တင့်ခြင်း၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုးမသင့်တင့်ခြင်း၊တစ်ပြည်နှင့်တစ်ပြည်မသင့်တင့်ခြင်း စသည်တို့မှာ ဒေါသဟူသော ရန်သူက အခြေခံကစ၍ ဖြစ်ကြရသည်။

ထိုဒေါသဟူသောရန်သူကြောင့် တစ်ယောက်ကိုတစ်ယောက် သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှင်းဆဲခြင်းတို့ကို ရက်ရက်စက်စက်ပြုလုပ်တတ်ကြသည်။

ထိုဒေါသတရားဖြစ်ပေါ်လာသောအခါ ထိုဒေါသ၏ အခြံအရံဖြစ်သော -

| | |
|---|---|
| ဣဿာ | -သူတစ်ပါးကောင်းစားသည်ကိုမနာလိုခြင်း |
| မစ္ဆရိယ | -မိမိပိုင်သောပစ္စည်းတို့ကို သူတစ်ပါးအား မပေးလိုခြင်း |
| ဉပနာဟ | -ရန်ငြိုးဖွဲ့ခြင်း |
| မက္ခ | -သူ့ကျေးဇူးကိုချေဖျက်ခြင်း |
| ပလာသ | -သူတစ်ပါးကိုပြိုင်လိုခြင်း |
| ထမ္ဘ | -ခက်ထန်ကြမ်းကြုတ်ခြင်း |
| သာရမ္ဘ | -သူတစ်ပါးအား ချုပ်ချယ်ခြင်း |

ဟူသော အယုတ်တရားများ ဖြစ်ပေါ်လာကြပါသည်။

ယနေ့ခေတ်ကာလဝယ် သတ္တဝါတို့၏သန္တာန်၌ထို အယုတ်တရားများ အလွန်အားကောင်းစွာ ဖြစ်ပေါ်နေကြပါ

www.dhammaransi.com



သည်။ထို့ကြောင့် -

-တစ်ယောက်ကောင်းစားနေသည်ကိုတစ်ယောက်က မနာလိုခြင်း

-မိမိကောင်းစားနေသည်ကို သူတစ်ပါးကောင်းစား လာမှာကိုစိုးရိမ်ခြင်း

-ကျေးဇူးရှင်များ၏ကျေးဇူးကိုချေဖျက်ခြင်း

-တစ်ဦးကိုတစ်ဦးရန်ငြိုးဖွဲ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း

တရားများ ထွန်းကားနေပြီး မေတ္တာတရားအလွန်ကင်းသော အခြေအနေများသို့ ဆိုက်ရောက်နေကြပါသည်။

ဥသျှစ်သီးတစ်လုံးကို မီးဖုတ်လိုက်လျှင် အပင်ပေါ်က ဥသျှစ်သီးများကွဲအက်ခြင်းသို့ရောက်သကဲ့သို့ တစ်ယောက် ကောင်းစားသည်ကို တစ်ယောက်မနာလိုသော ဣဿာတရား ကြောင့် များစွာသောသူတို့အား ထိခိုက်ပျက်စီးစေပါသည်။

ဣဿာတရားထူပြောသောခေတ်ကာလဝယ် တစ်ဦး ၏ဣဿခေတ်က တစ်ဦးမှာထိခိုက်သဖြင့်-

-လယ်ယာသီးနှံလုပ်ကိုင်စားသူတို့မှာ အသီးအနှံဆုံး ပါး၍ အကျိုးစီးပွားပျက်စီးတတ်ရသည်။

-ရောင်းဝယ်ဖောက်ကားကုန်သည်တို့မှာ အမြတ် အစွန်းမရှိ ဆုံးရှုံးရတတ်သည်။

-လက်လုပ်လက်စားတို့ အလုပ်အကိုင်မရှိ ပျက်စီး တတ်သည်။

www.dhammaransi.com



ထို့ကြောင့် ထိုအယူတ်တရားများကို ဖယ်ရှား၍ မေတ္တာတရားဒကို ပွားများကြရမည်။

လူတို့အား သေကြေပျက်စီးစေနိုင်သော စွမ်းအားထက်သော အနုမြူကဲ့သို့သောလက်နက်တီထွင်ထုတ်လုပ်မှုကို ပညာဉာဏ်စွမ်းကြီးသည် ဟု ဆိုရသော်လည်း သတ္တဝါတို့ သေကြေပျက်စီးကြောင်းဖြစ်သော အကြံအစည်သည် ဗျာပါဒဝိတက်သာဖြစ်သည်။

တရားကိုယ်မှာ ဒေါသပင် ဖြစ်ပါသည်။ဒေါသသည် ပညာမဟုတ်ပါ။ပညာသည်လည်း သတ္တဝါတို့ပျက်စီးကြောင်း မဟုတ်ပါ။ကြီးပွားကြောင့်သာ ဖြစ်ပါသည်။

ထို့ကြောင့် ထိုဗျာပါဒဝိတက်ဖြင့် သူတစ်ပါးပျက်စီးကြောင်းကိုကြံ၍ လုပ်ကိုင်လာသော စွမ်းအားကြီးလက်နက်ဉာဏ်အစွမ်းသည် မေတ္တာယှဉ်သောဉာဏ်စွမ်းမဟုတ်ပါချေ။

သတ္တဝါတို့အသက်(၁၀)နှစ်တမ်းသို့ရောက်သောအခါ

-အနာဖြင့်ပျက်စီးခြင်း (ရောဂန္တရကပ်)

-ငတ်မွတ်ပျက်စီးခြင်း (ဒုဗ္ဘိက္ခန္တရကပ်)

-လက်နက်ဖြင့်ပျက်စီးခြင်း (သတ္တန္တရကပ်)

ဟူသော ကပ်ကြီးသုံးပါးကပ်ရောက်သောအခါ သတ္တဝါတို့၏ ဒေါသကြောင့် ကိုင်ဆွဲမိရာကိုင်းပင်၊ ကြူပင်တို့သည်ပင် စွမ်းအားထက်မြတ်သောလက်နက်များဖြစ်လာကြသည်ဟု ဆိုပါသည်။

www.dhammaransi.com



ထိုဒေါသကြောင့် ယခုအခါဝယ် တစ်ကမ္ဘာလုံးအနှံ့ အပြား၌ ထူးဆန်းအံ့ဖွယ်စွမ်းအားထက်သော လက်နက်များ ပေါ်ပေါက်နေရပါသည်၊ထိုလက်နက်တို့ဖြင့် သတ်ဖြတ်နေကြ ပါသည်။

ဤသည်မှာ မေတ္တာကင်းမဲ့ကြသောကြောင့် ဖြစ်ပါ သည်။

အထက်ပါမေတ္တာ၏ အနီးအဝေးရန်သူ (၂)မျိုးနှင့် ပတ်သတ်၍-

-လောဘသည် လူလိမ်နှင့်တူသည်

-ဒေါသသည် ဓားပြနှင့်တူသည်

ဤလောက၌ သတ္တဝါတို့သည် လူလိမ်များ၏လိမ်ညာ ခြင်းကို မကြာ-မကြာခံရတတ်သော်လည်း ဓားပြတိုက်ခြင်းကို မှုနည်းပါးသည်။တစ်ဖန်-

- လောဘသည် သူခိုးနှင့်တူသည်

-ဒေါသသည် ဓားပြနှင့်တူသည်

ဤလောက၌ သတ္တဝါတို့သည် အနည်းနှင့်အများ မဆို အခိုးခံရဖူးသည်ကများ၏၊ ဓားပြတိုက်ခံရသူကရှားသည်။

ထိုနည်းတူစွာ သတ္တဝါတို့၏သန္တာန်ဝယ် နံနက်မိုးလင်း ၍မျက်စိပွင့်လာ၍ ပြန်လည်အိပ်ပျော်သည့်ကာလအထိ လောဘနှိပ်စက်ခြင်းကို ခံနေကြရသည်၊ အိပ်ပျော်နေသော အချိန်လောက်သာ ကင်းလွတ်ကြသည်။

www.dhammaransi.com



ထို့ကြောင့် သတ္တဝါများ ဒေါသဟူသောရန်သူထက် လောဘဟူသောရန်သူက ပို၍ကြောက်ဖွယ်ရာဖြစ်ပါသည်။

လောဘတည်းဟူသောရန်သူက အနီးမှာကပ်၍ မပြတ်နှိပ်စက်နေသောကြောင့် အားလုံးသောသတ္တဝါများ အပေါ် မေတ္တာသက်ဝင်ရန် အလွန်ခဲယဉ်းလှပါသည်။

**မေတ္တာနယ်မြေ၌-**

-ဒေါသမရှိ၊ နူးညံ့သိမ်မွေ့၏၊ သည်းခံခွင့်လွှတ်နိုင်၏၊ အနစ်နာခံနိုင်၏၊ချစ်ခင်ယုယလို၏၊ကူညီရိုင်းပင်းလို၏၊ပေးကမ်းစွန့်ကြဲလို၏၊ရင်ကိုအေးမြစေ၏၊ လောက၏အလှဆုံး၊သာယာချမ်းမြေ့ဆုံး စည်းလုံးညီညွတ်မှုစွမ်းအားကို အပေးဆုံးတရားဖြစ်သည်၊ ဤနယ်မြေ၌ သစ္စာတရားရှိ၏၊သစ္စာသည် အမြတ်ဆုံးတရား၊သစ္စာမြေပေါ် ရပ်တည်ပြီး ကိုယ်ကျင့်တရား တည်ဆောက်နိုင်သည်၊ လူလူချင်းဆက်ဆံ၍ ရသည်။သစ္စာသည် မှန်ကန်မှု၊ဖြောင့်မတ်မှု၊တရားမျှတမှုဖြစ်၍ လူအချင်းချင်း မကွေးမကောက်ဖြောင့်မတ်စွာ ဆက်ဆံနိုင်သည်။

မေတ္တာနှင့်သစ္စာသည် ကမ္ဘာလောကကြီး၏ အလှဆုံးနှင့် အမြတ်ဆုံးတရားဖြစ်သည်။

မေတ္တာရှင်သည် သစ္စာရှင်ဖြစ်နိုင်သည်၊သစ္စာရှင်သည် မေတ္တာရှင်ဖြစ်နိုင်သည်။

www.dhammaransi.com



လူသားတို့၏ဘဝများစွာနှင့်ကမ္ဘာလောကကြီးကို အကောင်းဘက်သို့ ပြုပြင်ပြောင်းလဲ၍ အားကြီးသောစွမ်းအားနှစ်ပါးဖြစ်ပါသည်။

**ဒေါသနယ်မြေ၌-**

-ပူလောင်၏၊ အခိုးတစ်ငွေ့ငွေ့ထွက်နေသော မီးနှင့်တူသည်၊ ပူပြင်းသည်။

လောက၌ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုသောစကားရှိသည်၊ရေသည် သဘာဝအားဖြင့် မီးကိုနိုင်သောသတ္တိရှိသည်၊ အလားတူ မေတ္တာသည်လည်း ဒေါသကိုနိုင်ပါသည်။

ထို့ကြောင့် မည်မျှပင် ဒေါသကြီးသူဖြစ်နေပါစေ၊မိမိက ဖြူစင်အေးမြသော မေတ္တာတရားသည်သာ ရင်မှာကိန်းအောင်းနေပါက ထိုသူသည် အလိုလိုဒေါသပြေပျောက်သွားပါသည်။

သို့အတွက် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အပေါ် အမျက်ရန်ငြိုးဖြစ်ပေါ်လာလျှင် ထိုပုဂ္ဂိုလ်အား-

ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ဘေးရန်ခပ်သိမ်းကင်းပါစေ၊ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာ မိမိ၏ခန္ဓာဝန်ကို ဆောင်ရွက်နိုင်ပါစေ။

စသည်ဖြင့် မိမိကြိုက်နှစ်သက်ရာ မေတ္တာပို့ဖြင့် မေတ္တာပွားများပါက အမျက်ရန်ငြိုးကင်းဝေးပါမည်။

မေတ္တာပွားများရာ၌-

www.dhammaransi.com



-ရာဂတည်းဟူသော အနီးကပ်ရန်သူ
-ဒေါသတည်းဟူသော အဝေးရန်သူ
ဤအစွန်းနှစ်ပါးကို ရှောင်၍ပွားများရပါမည်။
-အကျိုးစီးပွားကိုမျှော်၍ပွားသောမေတ္တာ
-ဒုက္ခပေးမည်ကိုကြောက်၍ ပွားများသောမေတ္တာ

ဤမေတ္တာများသည် ရာဂ၊ဒေါသ တည်းဟူသော အစွန်းနှစ်ဘက်မှ လွတ်ကင်းသော မေတ္တာမဟုတ်ကြောင်း သတိပြုကြရပါမည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## ကရုဏာနှင့်အနီးအဝေးရန်သူများ

ကရုဏာဆိုသည်မှာ-
-ဆင်းရဲဒုက္ခရောက်နေသူကို ထိုဆင်းရဲမှလွတ်မြောက်စေလိုသောသဘော
-ညှင်းပန်းနှိပ်စက်ခံနေရသူကို ထိုသို့ခံနေရခြင်းမှ လွတ်မြောက်စေလိုသောသဘော
-ဆင်းရဲဒုက္ခရောက်နေသူ (ဒုက္ခိတသတ္တဝါ)ကိုမြင်ရကြားရသောအခါ ဆင်းရဲဒုက္ခကို ဖယ်ရှားပေးလိုသောကြောင့် သူတော်ကောင်းတို့၏ စိတ်နှလုံး၌ တုန်လှုပ်ခြင်း၊နာကျင်စေခြင်းသဘော

www.dhammaransi.com



-ဆင်းရဲဒုက္ခရောက်နေသူကိုတွေ့လျှင် မိမိနှင့်သက်ဆိုင်သည်ဖြစ်စေ၊မသက်ဆိုင်သည်ဖြစ်စေ၊ထိုသူ၏ဆင်းရဲဒုက္ခကိုပယ်ဖျောက်ပေးလိုခြင်း ကူညီကယ်မလိုခြင်းသဘော

-သနားတတ်သူအား စိတ်ချမ်းသာမှုကို မဖြစ်စေဘဲတားမြစ်တတ်သောသဘော

ဤကဲ့သို့သောသဘောများကို 'ကရုဏာ'ဟုခေါ် ဆိုပါသည်။

ဆင်းရဲရောက်နေသူကို ဒုက္ခိတသတ္တဝါ ဟုခေါ်ပါသည်၊ဒုက္ခိတသတ္တဝါအမျိုးမျိုးရှိပါသည်။

-အချို့မှာ စားရမဲ့၊သောက်ရမဲ့၊ဝတ်ရမဲ့၊အခြေအနေမဲ့ဖြစ်ပြီး တွေ့ရာအိပ်၊တွေ့ရာနေ၊ရရာစား၊ရရာဝတ်ဖြင့်မပြည့်စုံမှုဆင်းရဲခံစားနေရပါသည်။

-အချို့မှာ ကုသမရသောရောဂါစွဲကပ်ပြီး လူတောသူတောထဲတိုးမရအောင် ဆင်းရဲစွာအသက်ရှင်နေရသည်။

-အချို့မှာစားဝတ်နေရေးအသင့်အတင့်ရှိသော်လည်းရာဇဝတ်မှုကစ်ခုခုကျူးလွန်မိ၍ အနှိပ်စက်ခံနေရသည်၊ အချုပ်ခံနေရသည်။

-အချို့မှာ ကိုယ်လက်အင်္ဂါအစိတ်အပိုင်း ချို့ယွင်းသဖြင့် ဆင်းရဲရောက်နေရသည်။

www.dhammaransi.com



-အချို့မှာ ဆွေမျိုးဖျက်ဆီးခြင်းစသည့် ဗျာသနတရား ငါးပါးကြောင့် ဆင်းရဲရောက်နေသည်။

-အချို့မှာ အို-နာကြောင့် ဆင်းရဲရောက်နေရသည်။

ထိုဒုက္ခိတသတ္တဝါများကို တွေ့မြင်ရသော် ကြားသိရသော် ထိုဆင်းရဲများကို ကိုယ်တိုင်ခံစားနေရသကဲ့သို့ ကိုယ်ချင်းစာပြီး သနားကြင်နာရမည်။

-ထိုဆင်းရဲမှ လွတ်မြောက်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းကူညီရမည်။

-သူ၏ဆင်းရဲကိုမျှ၍ ခံစားခွင့်ရလျှင်မျှခံနိုင်ရမည်။

-ဆင်းရဲရောက်သူ၏ လိုအပ်ချက်ကို စွမ်းနိုင်သမျှ ပံ့ပိုးကူညီပေးရမည်။

ဆင်းရဲရောက်နေသူကိုမြင်သဖြင့် "သနားပါတယ်၊ သနားစရာကောင်းလိုက်တာ" ဟုနှုတ်က မြွက်ဆိုရုံမျှဖြင့် မလုံလောက်ပါ။

ထိုဆင်းရဲသောသတ္တဝါမျက်နှာကွယ်သွားလျှင် ထိုသနားစိတ်သည် ပျောက်ကွယ်သွားတတ်ပါသည်၊သနားကရုဏာစိတ်မပျောက်စေရန် ထိုဆင်းရဲသတ္တဝါကို အမြဲအာရုံထားရမည်။

ထိုသူ၏ဆင်းရဲသက်သာစေရန် ကိုယ်ရောစိတ်ပါ လှိုက်လှိုက်လှဲလှဲကူညီပေးရမည်။

www.dhammaransi.com


ဥပမာ- ငတ်ပြတ်နေသူကိုတွေ့လျှင် မိမိစားနေသောအစာကို ကျွေးနိုင်ရမည်၊ မိခင်သည် သားတစ်ယောက်ကို ကြင်နာစွာစောင့်ရှောက်ပြုစုသလို ပြုစုစောင့်ရှောက် ရမည်။

ကရုဏာအပြစ်နှင့်အကျိုး

ကရုဏာပွားမည့်သူသည် ဒုက္ခိတသတ္တဝါအပေါ်၌ မပွားများမီ-

-ကရုဏာခေါင်းပါးခြင်းအပြစ်နှင့်

-ကရုဏာပွားခြင်းအကျိုး

တို့ကို ရှေးဦးစွာဆင်ခြင်ရမည်။

ကရုဏာတရားခေါင်းပါးသူသည် ဤဘဝ၌-

-ဥစ္စာစီးပွား၊ လာဘ်ရှားပါးတတ်သည်

-ရရှိပြီးသော စီးပွားဥစ္စာပျက်စီးတတ်သည်

-မကောင်းသတင်းကျော်ဇောတတ်သည်

-ပရိသတ်အလယ်၌ မျက်နှာမသာမယာဖြစ်တတ်သည်

-သေသောအခါ တွေဝေမိန်းမောသေရတတ်သည်

-သေပြီးနောက် အပါယ်သို့ရောက်ရတတ်သည်

ကံအကျိုးရှိသေး၍ လူလာဖြစ်ရသော်မှ-

-ယုတ်သောအမျိုး၌ဖြစ်ရသည်

-ရောဂါများသည်

www.dhammaransi.com



-အရုပ်ဆိုးအကျည်းတန်သည်

-အစားအစာ၊အဝတ်အစားဆင်းရဲရသည်

-အသက်တိုသည်

ဤသို့လျှင် ကရုဏာခေါင်းပါးခြင်း၏အပြစ်များကို ဦးစွာသိရှိထားရန် လိုအပ်ပါသည်။

အလားတူ ကရုဏာတရားပွားသည်၏အကျိုးကိုလည်း သိထားပါမည်၊ကရုဏာတရားပွားသူသည်-

-စီးပွားဥစ္စာ၊လာဘ်လာဘပေါများသည်

-ရရှိပြီးစည်းစိမ်ဥစ္စာမပျက်စီး တည်တံ့ခိုင်မြဲသည်

-ကောင်းသတင်းများကျော်ကြားသည်

-ပရိသတ်အလယ်၌ မျက်နှာကြည်လင်ရသည်

-မတွေမဝေဘဲသေရသည်

-သေပြီးနောက် သုဂတိဘဝသို့ရောက်ရသည်

ကံအကျိုးဆက်ကြောင့် လူလာဖြစ်ရသော်-

-အထက်တန်းအမျိုး၌ဖြစ်ရသည်

-အနာရောဂါကင်းပြီး ရုပ်အဆင်းလှပသည်

-အစားအသောက်၊ အဝတ်အစားပေါများသည်

-အသက်ရှည်သည်

ဤသို့လျှင် သနားကရုဏာပွားခြင်း၏ အကျိုးကိုလည်း သိရှိဆင်ခြင်တတ်ရမည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com



## ကရုဏာနှင့်နီး-ဝေးရန်သူ

ဆင်းရဲသော သတ္တဝါကိုတွေ့၍ မြင်ရ၍ သနားကရုဏာဖြစ်ပွားသောအခါ သတ္တဝါများအပေါ်တွင် မထူးခြားသော်လည်း မိမိနှင့်စပ်ဆိုင်သောသူများအပေါ်တွင်မှ သနားကရုဏာပိုမိုလွန်ကဲလာတတ်ပြီး သနားကရုဏာမှ ပူပင်သောကအဖြစ်သို့ ကူးပြောင်းသွားတတ်သည်။

ထိုအခါ ကရုဏာကိုကျော်လွန်၍ စိတ်မချမ်းသာဖြစ်မှု-ဒေါမနဿ၊ စိုးရိမ်ပူပန်မှု-သောက သို့ဦးတည်သွားတတ်ပါသည်။ ယင်းဒေါမနဿ သောကကို ဆုတ်နစ်သော ဒေါသဟု ခေါ်ဆိုပါသည်။

မိမိဘာသာ ဒေါမနဿဖြစ်၍ဖြစ်စေ၊ ဆင်းရဲဒုက္ခရောက်သူတစ်စုံတစ်ရာနှင့် တွေ့ကြုံရသူကိုမြင်သောအခါ အပူကူးစက်ပူပန်ခြင်း၊ စိတ်နှလုံးမသာမယာဖြစ်ခြင်းကြောင့်ဖြစ်စေ၊ သနားသလိုလိုနှင့်သောကဖြစ်နေတတ်သည်။

ထိုကဲ့သို့ သောက-ဒေါမနဿ ဖြစ်နေသည်ကိုပင် ကရုဏာဟု ထင်မှားနေတတ်သည်။

ဒေါမနဿသည် သနားစိတ်အနေဖြင့် ဟန်ဆောင်လာတတ်သောကြောင့် ဒေါမနဿသည် ကရုဏာ၏အနီးရန်သူဖြစ်သည်။

တစ်စုံတစ်ယောက်၏နှိပ်စက်ခြင်းကိုခံရသော ဆင်းရဲ

www.dhammaransi.com



သူကိုတွေ့ရလျှင် ဆင်းရဲသူကိုသနားသလောက် နှိပ်စက်သူအား ပြန်လည်လက်စားချေလိုစိတ် ညှင်းဆဲလိုစိတ် ဝင်လာတတ်ပြန်သည်။

ဥပမာ-လူနှစ်ယောက်ရန်ဖြစ်နေရာ၌ ခံရသူဘက်က သနားတတ်၏၊နိုင်နေသူကို ကရုဏာမှဒေါသပေါက်ဖွားလာခြင်းဖြစ်သည်။

ဤသို့ ဖြစ်ရသည်ကို ကရုဏာဒေါသောဟု အမည်တပ်ကာဖြင့် မြတ်သောအကျိုးပြု ကုသိုလ်စိတ်ဖြစ်လေဟန် အပြစ်မရှိကဲ့သို့ ထင်မှတ်တတ်သည်။

အဆိပ်ကိုသကြားဖုံးသော် အဆိပ်သည် အဆိပ်သာဖြစ်သကဲ့သို့ ညှင်းဆဲလိုမှုသည် ကရုဏာ၏အဝေးရန်သူပင်ဖြစ်ပါသည်။

ချစ်လွန်း-ဂရုစိုက်လွန်းသောကြောင့်လည်း ဒေါသဖြစ်တတ်သည်၊ ဥပမာ-မိဘကသားသမီးကို လိမ္မာစေချင်၊ပညာတတ်စေချင်၊ ဒုက္ခမရောက်စေချင်၍ သားသမီးကိုဆုံးမသည်။

သားသမီးက ဆုံးမသည့်အတိုင်း မလိုက်နာခဲ့သော် မလိမ္မာသောသားသမီးဆိုပြီး ဒေါသတကြီး ကြိမ်းမောင်းရိုက်နှက်ကြလေ့ရှိသည်၊ ဤကဲ့သို့ဖြစ်လာသောမိဘတို့၏ဒေါသသည် သားသမီးတို့အား မုန်းတီး၍ဖြစ်ပေါ်လာမည်မဟုတ်၊ သားသမီးများအား အလွန်ချစ်သောကြောင့်လည်းကောင်း၊ အလွန်သနားစိုးရိမ်သောကြောင့်လည်းကောင်း၊မိမိဖြစ်စေချင်

www.dhammaransi.com

သည့်အတိုင်းဖြစ်မလာသောကြောင့်လည်းကောင်း၊ စိတ်ဆိုးကြခြင်းဖြစ်သည်။ ဤသည်မှာ ဒေါသဖြစ်၍ အကုသိုလ်ပင်ဖြစ်ပါသည်။

အချို့မိဘများသည် သားသမီးကို ဆုံးမ၍မရသောအခါ ချုံးပွဲချငိုကြသည်။ ဤကဲ့သို့ သားသမီး၊ တပည့်များအပေါ် ကြင်နာသနားစိတ်ကို အခြေခံ၍ ဖြစ်ပေါ်လာကြသောမိဘ၊ ဆရာသမားတို့၏ အမျက်ထွက်စိတ်ဆိုးမှုကို ကရုဏာဒေါသ ဟု ဆိုပါသည်။

ကရုဏာလွန်သော် ဒေါသအချစ်ကြီး-အမျက်ကြီး ဟု ဆိုပါသည်။ ဥပမာအားဖြင့် ဝေဿန္တရာဇာတ်တော်၌ မင်းကြီးသည် သားနှင့်သမီးကို ဇူဇကာပုဏ္ဏားအား လှူဒါန်းပြီးနောက် မိမိရှေ့တွင် သားနှင့်သမီးကို ပုဏ္ဏားက နှိပ်စက်သောအခါ သားနှင့်သမီးကို အလွန်သနားပြီး စိုးရိမ်သောကဖြစ်ကာ မျက်ရည်ကျခဲ့ရသည်။

ထို့နောက် ပုဏ္ဏားအား ဖမ်းဆီးသတ်ဖြတ်ရန် ကြံစည်မိသည်။ နောက်မှ နောက်တစ်ဖန် ပူပန်ခြင်းသည် သူတော်ကောင်းတရားမဟုတ် ဟု ဆင်ခြင်ပြီးအမျက်ဒေါသကို သိမ်းဆည်းတော်မူသည်။

ဤ၌ မင်းကြီး၏ သားသမီးနှိပ်စက်စဉ် ဖြစ်ပွားနေမိသော သနားခြင်းသည် ကရုဏာအစစ်မဟုတ်ပါ၊ ကရုဏာအတုသာဖြစ်ပါသည်။

www.dhammaransi.com



အဘယ်ကြောင့်ဆိုသော် သားသမီးကို သနားရာမှ စိုးရိမ်သောကရောက်ခြင်း၊ငိုကြွေးခြင်း၊ ပူဆွေးအားအားသတ်ဖြတ်လိုခြင်းစသည့် ဒေါသလွှမ်းလာသောကြောင့် ဖြစ်သည်။

တစ်ဘက်သားအား သနားရာမှတစ်ဆင့်ခံဖြစ်ပွားလာသောဒေါသက စိတ်ကိုလွှမ်းမိုးလာသောကြောင့် မူလကုသိုလ်စိတ်ပျောက်သွားသည်။

ထိုဒေါသကြောင့် ပြန်လည်ညှင်းပန်း နှိပ်စက်သတ်ဖြတ်လိုသောဒေါသသည် ကရုဏာ၏အဝေးရန်သူဖြစ်ပါသည်။ထို့ကြောင့် ကရုဏာ၏-

-အနီးကပ်ရန်သူသည်သောက

-အဝေးရန်သူသည် ဒေါသ

ဤနှစ်မျိုးကို အထူးသတိထားရန်လိုအပ်ပါသည်။

ကရုဏာပွားရာ၌ အဓိကသည် ဒုက္ခိတသတ္တဝါ ပညာတ်ကိုအာရုံပြုရန်ဖြစ်သော်လည်း ဝိဘင်းပါဠိတော်၌-

"ဆင်းရဲရောက်နေပြီး အခြေအနေမကောင်းသော ပုဂ္ဂိုလ်ကိုတွေ့မြင်ရလျှင် သနားကရုဏာသက်ရာသကဲ့သို့ အလုံးစုံသောသတ္တဝါတို့ကို သနားခြင်းဖြန့်ထားရမည်"

ဟု ဟောတော်မူထားသည်ကို တွေ့ရပါသည်။

ဆင်းရဲသို့ရောက်နေသောသတ္တဝါတစ်ဦးကို အာရုံပြု၍ ကရုဏာပွားပြီးနောက် အာရုံစူးစိုက်မှု၊တည်ကြည်မှု၊ သမာဓိရလာသောအခါ ချစ်သူစသော အခြားသတ္တဝါများ

www.dhammaransi.com



အားလုံးအပေါ်ဖြန့်၍ ကရုဏာပွားရမည်ဖြစ်ပါသည်။

**ကရုဏာ-မေတ္တာ (၁၃၂) ပွားပုံ**

ကရုဏာပွားရာ၌ ဩဓိသပုဂ္ဂိုလ် (၅)ဦး၊အနောဓိသ မေတ္တာ(၇) စုစုပေါင်း (၁၂)ဦးကို ကရုဏာမေတ္တာ(၁)ပါးနှင့် မြှောက် ၁၂-ပါး ရသည်၊ အရပ်(၁၀)မျက်နှာနှင့်မြှောက် ၁၀×၁၂=၁၂၀ ရသည်၊ ယင်းကို မူလ (၁၂)ပါးနှင့်ပေါင်းက (၁၃၂) ရသည်။

**ကရုဏာမေတ္တာပွားပုံမှာ-**

-ဒုက္ခာမုစ္စန္တု
-ဆင်းရဲဘေးမှလွတ်မြောက်ပါစေ

ဟူ၍ ဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မုဒိတာနှင့်အနီးအဝေးရန်သူများ

မုဒိတာဟူသည် ဝမ်းမြောက်မှုပင် ဖြစ်ပါသည်။

သူတစ်ဖက်သား မိတ်ဆွေ အပေါင်းအသင်းမှအစ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးဦး ချမ်းသာသုခပြည့်စုံမှုကို တွေ့ရှိရ၊ မြင်ရ-ကြားရသောအခါ ဝမ်းမြောက်ဝမ်းသာသောစိတ်ဖြစ်ခြင်းပင်ဖြစ်ပါသည်။

ထိုမုဒိတာသည် ငွေကြေးမကုန်ဘဲရသော ကုသိုလ်ဖြစ်သည်။

www.dhammaransi.com



သူတစ်ပါးတို့အား အလွန်အမင်းဖြစ်စေ၊ အထိုက်အလျောက်ဖြစ်စေ၊စီးပွားဉစ္စာ ရာထူးဂုဏ်သိရ်ပြည့်စုံချမ်းသာနေသည်ကို မြင်တွေ့ရသောအခါ မနာလိုဣဿစိတ်အဝင်မခံရပါ၊ မိမိရသကဲ့သို့ ဝမ်းသာနိုင်မှ မုဒိတာဖြစ်ပါသည်။

ကရုဏာကို လူအများဖြစ်လွယ်ပါသည်၊မုဒိတာကား ဖြစ်ခဲပါသည်။

ဣဿ(မနာလိုမှု)စိတ်သည် မျက်မှောက်ယခုဘဝ၌လည်း အခြွေအရံမရှိ ဆင်းရဲတတ်၍ သေလျှင်အပါယ်လေးပါးပို့တတ်သည်၊လူဖြစ်ပြန်စေကာမူ အခြွေအရံဘုန်းကံနည်းပါးသူဖြစ်တတ်သည် ဟု ဘုရားရှင်က ဥပရိပဏ္ဏာသစူဠကမ္မဝိဘင်္ဂသုတ်တို့၌ ဟောထားပါသည်။

မုဒိတာဖြစ်လျှင် ငွေမကုန်ဘဲ ကုသိုလ်ထူးကြီးရသကဲ့သို့ မုဒိတာဖြစ်ရမည့်နေရာ၌ မုဒိတာမဖြစ်ဘဲ ဣဿာဖြစ်နေလျှင်မစားရ-မသောက်ရဘဲငရဲကြီးလှသော အကုသိုလ်ဖြစ်ပါမည်။

လောကီအာရုံကာမဂုဏ်နှင့်စပ်သော လာဘ်လာဘများကို ရှေးကမိမိရခဲ့ဖူး၊ ပြည့်စုံခဲ့ဖူးသည်ကို ပြန်လည်အောက်မေ့၍ ရွှင်လန်းဝမ်းမြောက်လာမိခြင်း၊လောလောဆယ်ရရှိနေ၍ ရွှင်လန်းဝမ်းမြောက်မိခြင်းသည် မုဒိတာမဟုတ်ပါ၊ကာမဂုဏ်ဝမ်းမြောက်ခြင်းမျှသာဖြစ်၍ မုဒိတာ၏အနီးရန်သူမည်ပါသည်။ (ဂေဟာဿိတသောမနဿ)

www.dhammaransi.com



နေတွတ်ဆရာက ကာမဂုဏ်ဖြင့် ဝမ်းမြောက်ခြင်းသည် မုဒိတာဖြင့် နေထိုင်ရလေဟန် လှည့်စားတတ်သည် ဟု ဆိုပါသည်။

မုဒိတာ၏အဝေးရန်သူကို ဝိသုဒ္ဓိမဂ် အဋ္ဌသာလိနီ၌ အရတိ ဟု ပြထားပါသည်၊အရတိ-သူတစ်ပါးကောင်းစားသည်ကို မနာလိုခြင်း၊မနှစ်သက်ခြင်းပင် ဖြစ်ပါသည်။

အာရတိတရားကိုယ်မှာ ဣဿာတရားပင်ဖြစ်သည်ဟု ဆိုရပါမည်၊ သို့သော် အရတိ၏အနက်အဓိပ္ပာယ်ကား ကျယ်ဝန်းပါသည်။

သူတော်ကောင်းတရား သူတော်ကောင်းအလုပ်တို့၌ ပျော်ရွှင်နှစ်သက်စွာမနေနိုင်၊မကျင့်သုံးနိုင်ခြင်းကိုလည်း အရတိ ဟု ခေါ်ပါသည်။

သူတော်ကောင်းတရား၌ နှစ်ခြိုက်ပျော်ရွှင်မှုသာလျှင် သူတစ်ပါးချမ်းသာကောင်းစားသည်ကို မနာလို၊ဝန်တိုစိတ်မရှိဘဲ အလွယ်တကူပင်ပျော်ရွှင်ဝမ်းမြောက်သောစိတ်ဝင်နိုင်မည်ဟု ဆိုပါသည်။

**မေတ္တာပွားနည်းမှာ-**

"ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု"

ရအပ်ပြီးသော စည်းစိမ်များမှ မဆုတ်ယုတ်ပါစေနှင့်

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

www.dhammaransi.com



## ဥပေက္ခာနှင့်အနီးအဝေးရန်သူများ

သတ္တဝါများအပေါ်၌ လျစ်လျူရှုခြင်းသဘောသည် ဥပေက္ခာဖြစ်ပါသည်၊ လျစ်လျူရှုဟူသည် လုံးဝဂရုမစိုက်တော့ဘဲ ပစ်စလတ်ခတ်ထားလိုက်ခြင်း မဟုတ်ပါ။

ဥပမာ-တပည့်တစ်ယောက်၊ သားသမီးတစ်ယောက် ဆိုဆုံးမမရ၍ ထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုလုပ်တော့ဘဲ ဖြစ်ချင်ရာဖြစ်တော့ ဟု ဆိုကာ ပေါက်လွှတ်ပဲစားလွှတ်ထားခြင်းမျိုးမဟုတ်ပါ။

စိတ်ထဲ၌စဉ်းစားပြီး ထိုသတ္တဝါအပေါ်အမုန်းဘက်သို့လည်းမရောက်စေ၊ အချစ်ဘက်သို့လည်းမရောက်စေဘဲ အလယ်အလတ်စိတ်ထားခြင်းမျိုးကို လျစ်လျူရှုသည်၊ဥပေက္ခာပြုသည် ဟု ဆိုလိုပါသည်။

ချိန်ခွင်လျှာကဲ့သို့ သုခိတဒုက္ခိတသတ္တဝါများအပေါ် အညီအမျှထားခြင်းသည် ဥပေက္ခာဖြစ်ပါသည်။

သို့အတွက် ဥပေက္ခာ၏အနီးကပ်ရန်သူသည် မောဟဖြစ်ပါသည်။

ချစ်သူအပေါ်၌ စွဲလမ်းတက်မက်သောရာဂနှင့်ရန်သူအပေါ်အမျက်ထွက်သောဒေါသသည် ဗြဟ္မစိုရ်ဥပေက္ခာ၏ အဝေးရန်သူဖြစ်ပါသည်။

ဗြဟ္မစိုရ်ဥပေက္ခာပွားမည့်သူသည် မောဟနှင့်ဒေါသ **အစွန်းနှစ်ဘက်ကို** ရှောင်ရှားရပါမည်။

www.dhammaransi.com



ဥပေက္ခာမပွားမီ ဥပေက္ခာ၏အကျိုးငြိမ်းအေးခြင်းသဘောကို ဆင်ခြင်ရပါမည်၊ထို့နောက်မှ ဥပေက္ခာကို ပွားရပါမည်။

ဝိဘင်းပါဠိတော်၌-

"မချစ်-မမုန်းသောပုဂ္ဂိုလ်တစ်ယောက်ကို တွေ့မြင်ရလျှင် လျစ်လျူရှုမှုဖြစ်ရာသကဲ့သို့ ထိုအတူပင် အလုံးစုံသောသတ္တဝါတို့ကို လျစ်လျူရှုခြင်းသည် ဥပေက္ခာဖြင့်ဖြန့်အပ်၏" ဟူ၍ ဟောထားပါသည်။

**ဥပေက္ခာပွားနည်းမှာ-**

မဟာဋီကာဝင် (ပထမတွဲ-ပထမပိုင်း-အနုဒီပနီ)၌ ဥပေက္ခာပွားရန်နည်းကို ပြထားသည်မှာ-

သဗ္ဗေသတ္တာ ကမ္မဿကာ-သတ္တဝါအားလုံးကံသာလျှင်
ကိုယ်ပိုင်ဥစ္စာရှိကုန်၏

သဗ္ဗေပါဏာ ကမ္မဿကာ-အသက်ရှုသူအားလုံးကံသာလျှင်
ကိုယ်ပိုင်ဥစ္စာရှိကုန်၏

သဗ္ဗေဘူတာကမ္မဿကာ -ထင်ရှားဖြစ်သူအားလုံးကံသာလျှင်
ကိုယ်ပိုင်ဥစ္စာရှိကုန်၏

စသည်ဖြင့် ပွားများပုံကို ပြထားပါသည်။

ထို့ပြင် အဘိဏှသုတ်လာ ကမ္မဒါယာဒါ၊ ကမ္မယောနီ၊ စသော အခြားပါဠိများကိုထည့်၍ပွားနိုင်ပုံကိုလည်း ပြထားပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com



## နဝင်္ဂဥပုသ်နှင့်မေတ္တာ

ကိုးပါးသီလကို နဝင်္ဂအင်္ဂုတ္တရပါဠိတော် သီဟနာဒဝဂ် နဝင်္ဂုပေါသထသုတ်၌-

"ရဟန်းတို့ အင်္ဂါကိုးပါးနှင့်ပြည့်စုံသောဥပုသ်ကို စောင့်သုံးခြင်းသည် အကျိုးကြီး၏၊ကျိုးဆက်ဂုဏ်အင်အာနိသင်များ၏ တန်ခိုးဂုဏ်ရောင်ထွန်းပြောင်ကြီးမား၏၊ ကြီးမားသော ပျံ့နှံ့ခြင်းရှိ၏"

ဟူ၍ အကျိုးတရားကို ဟောကြားထားပါသည်။

သီလအင်္ဂါ(၉)ပါးဖော်ပြထားရာ၌-ပါဏာတိပါတမှ ဥစ္စာသယန၊ မာသယနအထိ အဋ္ဌင်္ဂသီလ ဆောက်တည်နည်းအတိုင်း ဟောကြားထားပါသည်။အင်္ဂါ(၉)ပါးမြောက်၌-

"မေတ္တာသဟဂတေန စေတသာဧကံဒိသံဖရိတွာ ဝိဟရတိ၊တထာ ဒုတိယံ၊ တထာတတိယံ တထာ စတုတ္ထံ"

"မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် အရပ်မျက်နှာ တစ်ခုရှိ သတ္တဝါတို့ကို ပျံ့နှံ့စေ၍(ဝါ)ဖြန့်၍နေ၏၊ ထို့အတူ ဒုတိယ၊တတိယ၊စတုတ္ထ အရပ်မျက်နှာများရှိသတ္တဝါတို့ကို ဖြန့်၍နေ၏"

www.dhammaransi.com



သီလတောင်းရာ၌-

“အဟံဘန္တေ၊ တိသရဏေနသဟ၊ နဝင်္ဂသမန္နာဂတံ၊
ဥပေါသထသီလံ၊ ဓမ္မံယာစာမိ”

ဟု ဆို၍ တောင်းရပါသည်။နောက်ဆုံး၌-

“ယထာဗလံ၊ မေတ္တာသဟဂတေန၊ စေတသာ၊
သဗ္ဗာဝန္တံ၊လောကံဖရိတွာ ဝိဟရာမိ”
“မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် အလုံးစုံသတ္တဝါ
အပေါင်းရှိသောသတ္တလောကကိုဖြန့်၍ ပျံ့နှံ့စေ၍
နေထိုင်ပါမည်”

ဟု နှုတ်အားဖြင့် ပဋိညာဉ်အဓိဋ္ဌာန်ပြုရပါမည်။

ယခုခေတ်ကာလ၌ သံဃာတော်များက ချပေးသည်
မှာ-

“မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏ
ဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ”ဖြစ်သည်။
သမာဒိယာမိဆိုသည်မှာ ဆောက်တည်ခြင်းဖြစ်သည်
သီလံရက္ခိတဗ္ဗံ-သီလကိုစောင့်အပ်၏
ဘာဝနံဘာဝေတဗ္ဗံ-ဘာဝနာကိုပွားများအပ်၏

ဟု ဟောထားသည့်အတိုင်း မေတ္တာဘာဝနာဖြစ်၍ သမာဒိယာမိ ဟု မဆိုဘဲ ဖရိတွာဝိဟာရာမိ ဟု ဆိုလျှင် ဘုရားဟောပါဠိတော်နှင့် ညီညွတ်ပါသည်။

www.dhammaransi.com



ဤသီလတွင် နောက်ဆုံးအင်္ဂါသည် မေတ္တာပို့ဖြစ်သဖြင့် သမထဘာဝနာကုသိုလ်မျိုးဖြစ်သည်။

ရှေး(၈)ပါးက သီလကုသိုလ်မျိုးဖြစ်သည်။

ပရမတ္ထသရူပ အနုဝဏ္ဏနာ ကျမ်းပြုဆရာတော်နှင့် မင်းကွန်း တိပိဋကတ်ဆရာတော်စသည်တို့က-

"နဝင်္ဂပေါသထသုတ်၌ ရိုးရိုးရှစ်ပါးသီလကိုဆောက်တည်ပြီး မေတ္တာတရားကိုပွားများနေရမည်-ဟု ဘုရားရှင်က ဟောတော်မူလိုရင်းဖြစ်သည်၊ရှစ်ပါးသီလကို လုံခြုံအောင် ထိန်းသိမ်းပြီး မေတ္တာတရားကို ပွားများနေသူသည် နဝင်္ဂဥပုသ် သီလကို ကျင့်သုံးသူဖြစ်တော့သည်။

သီလမှာ ဆောက်တည်ရမဲ့တရားဖြစ်သည်။

ဘာဝနာဆိုသည်မှာ ဆောက်တည်ရသည့်တရားမျိုး မဟုတ်၊ ပွားများရသည့်တရားသာဖြစ်သည်။

ထို့ကြောင့် နဝင်္ဂဥပုသ်စောင့်သုံးလိုသူသည် မေတ္တာ အတွက်သိက္ခာပုဒ်တစ်ခုပြုလုပ်ဆောက်တည်စရာ မလိုပေ။ ရိုးရိုးရှစ်ပါးသီလခံယူပြီးနောက် စွမ်းနိုင်သလောက်မေတ္တာ တရားကိုပွားနေလျှင် အင်္ဂါ(၉)ပါးရှိသော နဝင်္ဂဥပုသ်သီလ စောင့်သုံးသည်ပင် ဖြစ်ကြောင်း ကောင်းစွာမှတ်ရမည်" ဟူ၍ ဆုံးဖြတ်မိန့်ကြားပါသည်။

ဤနဝင်္ဂဥပုသ်သီလ၌ မေတ္တာကိုထည့်၍ ဘုရားဟော

www.dhammaransi.com


တော်မူခြင်းသည် ထိုအချိန်အခါက ဥပုသ်သည်တို့၏ အရွှာသယအလိုကျအောင် ကျွတ်ထိုက်သောဝေနေယျသတ္တဝါများကိုငဲ့ပြီးဟောတော်မူခြင်းဖြစ်သည် ဟု အဋ္ဌကထာဆရာက မိန့်ဆိုပါသည်။

မေတ္တာဖြင့်ဖြန့်၍နေပါမည့် နှုတ်ပဋိညာဉ်ပြုထားသူသည် တစ်နေ့လုံးမေတ္တာစိတ်ဖြင့်မနေနိုင်ပါ။

ထို့ကြောင့် မဟာဂန္ဓာရုံဆရာတော်ကြီးက 'ယထာဗလံ-စွမ်းနိုင်သလောက်' ဟူ၍ ထည့်ပေးထားခြင်းဖြစ်ပါသည်။

မေတ္တာသည် သီလဥပုသ်မဟုတ်သော်လည်း မေတ္တာကို အမှမ်းတင်၍ စောင့်သုံးသောဥပုသ်သည် ရိုးရိုးဥပုသ်ထက် အကျိုးများသောကြောင့် မေတ္တာဘာဝနာအင်္ဂါထည့်၍ နဝင်္ဂဥပေါသထသီလကို ဘုရားရှင်လက်ထက်က အချို့စောင့်သုံးကြသည်။

ဤဥပုသ်ကိုစောင့်သုံးသူသည် ဥပုသ်သီလဆောက်တည်ပြီး စားဖွယ်စားပြီးသောအခါ ဆိတ်ငြိမ်ရာအရပ်တွင် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများမှသာ နဝင်္ဂသီလကို ကျနစွာစောင့်သုံးသည် မည်ပါသည်။

ဤကိုးပါးသီလကိုဆောက်တည်ရာတွင် မေတ္တာအင်္ဂါနှင့်ပတ်သက်၍ ဇေတံဒီသံဖရိတွာ-တစ်ခုသောအရပ်မျက်နှာကို

www.dhammaransi.com



ဖြန့်၍ စသည်ဖြင့်ဟောထားသည့်အတွက် မေတ္တာပွားများသောနေရာများ အရပ်မျက်နှာကိုမှတ်ပြီး ပွားများခြင်းက ပိုလွန်ပြီးထိရောက်နိုင်သောကြောင့် အရပ်(၁၀)မျက်နှာကို မေတ္တာပွားများသောအခါ မိမိလိုရာအရပ်မျက်နှာကစပြီး တစ်ရပ်စီတစ်ရပ်စီ ဆယ်မျက်နှာပြည့်အောင် အာရုံပြုကာ ပွားသင့်ပါသည်။

ဗြဟ္မဝိဟာရတရား(၄)ပါးအနက် ဤမေတ္တာကိုသာ အထူးထုတ်ပြီး ရှစ်ပါးသီလနှင့်တွဲစပ်ပြီး နဝင်္ဂဥပေါသထအနေဖြင့် ဟောတော်မူခြင်းမှာ မေတ္တာတရားက အကျိုးအာနိသင်ကြီးမားသည့်အတွက် ဟောကြားခြင်းဖြစ်ပါသည်။

အင်္ဂုတ္တိုရ်ပါဠိတော် ဧကာဒသကနိပါတ၌ မေတ္တာအကျိုး(၁၁)ပါးကို ဟောကြားခဲ့သလို စကြာမင်းလောင်းများသည် စကြာရတနာရောက်လာစေရန်အတွက် ဤနဝင်္ဂဥပုသ်ကို စောင့်သုံးရကြောင်း သီလဖလုပ္ပတ္တိကျမ်း၌ ဖွင့်ဆိုထားပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com

# အခန်း(၃)

## အေးစေ–မြစေ–မေတ္တာစေ

### မေတ္တာခံယူရမည့် ပုဂ္ဂိုလ်(၅)ဦး

ကြီးပွားချမ်းသာမှုကို အလိုရှိသောသူသည်(၅)ယောက် သောသူတို့ထံမှ မေတ္တာကိုခံယူရမည်ဟူ၍ ဘုရားရှင်က ပဉ္စ အင်္ဂုတ္တရပါဠိတော်၌ မဟာနာမ်ကို ဟောကြားခဲ့ပါသည်။ (၅)ဦးဟူသည်-

၁။ မိဘ

၂။ သားမယားကျွန်အမှုလုပ်

၃။ အလုပ်နီးချင်း၊ အိမ်နီးချင်း၊မိတ်ဆွေ
(သိဒ္ဓိရှင်ဣဒ္ဓိရှင်များအပါအဝင်)

၄။ သမ္မာဒေဝနတ်ကောင်းနတ်မြတ်
(ဗြဟ္မာများအပါအဝင်)

၅။ ရသေ့ ရဟန်းသူတော်မြတ်(ရတနာသုံးပါးအပါအဝင်)

www.dhammaransi.com



ဤ(၅)ဦးထံမှ မေတ္တာခံယူ၍ ထို(၅)ဦးသောသူတို့က မေတ္တာပို့သမှသာ ကြာရှည်လေးမြင့်စွာ အသက်ရှည်၍ ကြီးပွားချမ်းသာခြင်းသို့ ရောက်ပါမည်။

အကယ်၍ ထို(၅)ဦးထံမှ မေတ္တာပို့ခြင်းကို မခံယူရလျှင် ဘုန်းကံကြီးသော်လည်း အသက်မရှည်တတ်ပါ၊အသက်ရှည်သော်လည်း ဘုန်းကံမကြီးတတ်ပါ။

"မဟာနာမ်--အကြွင်ပြည်ရှည်မင်း၊အကြွင်အိမ်ရှေ့မင်း၊အကြွင်စစ်သူကြီး၊ အကြွင်ရွာသူကြီး၊ အကြွင်အဖွဲ့လူကြီး၊ အကြွင်အိမ်ရှင်၊အမှတ်မထင်အကြွင်တစ်စုံတစ်ယောက်သော အကြီးအမျူးဖြစ်သောသူတို့အား အကြွင်ကြီးပွားခြင်းကို အလိုရှိ၏၊ဆုတ်ယုတ်ခြင်းကိုအလိုမရှိသော် အကြွင်ငါးပါးသောသူတို့ထံမှ မေတ္တာကို ခံယူအပ်၏"

အဘယ်ငါးပါးတို့နည်းဟူမူ-

"မဟာနာမ်---အမျိုးသားတစ်ဦးသည် လုံ့လဝီရိယကြောင့်ရအပ်သော လက်ရုံးအားဖြင့် ဆည်းပူးအပ်သော ချွေးဒီးဒီးယိုစီးမှရအပ်သော တရားနှင့်ယှဉ်ကုန်သောတရားသဖြင့်ရအပ်သော ပစ္စည်းဥစ္စာတို့ဖြင့် မိဘတို့အား အရိုအသေပြု၏၊ အလေးအမြတ်ပြု၏။

အလေးအမြတ်ပြုခံရသောမိဘတို့က ကြာမြင့်စွာ အသက်ရှည်ပါစေ ဟု ကောင်းသောစိတ်ဖြင့် မေတ္တာပို့သကြကုန်၏"

www.dhammaransi.com



"မဟာနာမ်---မိဘတို့၏ချစ်ခြင်းမေတ္တာကို ခံယူရသောသူအား မကြီးပွားရှု မဆိုသင့်-မဆိုအပ်၊ကြီးပွားအံ့သောသူ ဟူ၍သာ ဆိုရပါမည်"

အလားတူ သားမယား၊ကျွန်အမှုလုပ်လည်းကောင်း၊ အိမ်နီးချင်း၊အလုပ်ရုံနီးချင်း၊ မိတ်ဆွေများ၊ သမ္မာဒေဝနတ်ကောင်းများ၊ ရဟန်းသူတော်မြတ်များတို့ကို ကောင်းစွာပြုစု၏၊ အလေးပြု၏၊မြက်နိုးပူဇော်၏။

ထိုအခါ ထိုသူများက ငါတို့၏အရှင်သည် ကြာမြင့်စွာ အသက်ရှည်ပါစေ၊ စောင့်ရှောက်နိုင်ပါစေ ဟု ကောင်းသော စိတ်ဖြင့် မေတ္တာပို့ခံရ၏။

အလားတူ အိမ်နီးချင်းမိတ်ဆွေချင်းတို့ကို ကောင်းစွာ ပြုစု၏၊အလေးပြု၏။

ထိုတရားတော်အရ တိုင်းပြည်ကိုအုပ်ချုပ်နေသော မင်းကြီး၊အမတ်ဝန်ကြီး၊အစိုးရအရာရှိတို့သည် တိုင်းသူပြည်သားတို့၏မေတ္တာကို ခံယူရသည်။

မြို့ရွာအကြီးအကဲသည် မြို့ရွာသူ-ရွာသားများ၏ မေတ္တာကိုခံယူရမည်။

အသင်းလူကြီး၊ အဖွဲ့လူကြီးသည် အသင်းသူ-အသင်းသားအဖွဲ့ဝင်များ၏ မေတ္တာကိုခံယူရမည်။

ထိုသို့နေရာအလိုက်မေတ္တာကိုခံယူကြလျှင် ထိုအကြီး

www.dhammaransi.com



အကဲပုဂ္ဂိုလ်များသည် ကြီးပွားချမ်းသာခြင်းသို့ ရောက်ရာ၏၊ ဆုတ်ယုတ်စရာအကြောင်းမရှိပါချေ။

ထိုသို့သောသူများ၏မေတ္တာကို မခံယူကြသည်ရှိသော် မကြာခင်ပျက်စီးခြင်းသို့ ရောက်ကြရသည်။

မြန်မာရာဇဝင်တွင် တိုင်းသူပြည်သားတို့ကို မတရားနှိပ်စက်ပြီး ပြည်သူပြည်သား၏မေတ္တာကို မခံယူသော စလေးခွေးသိုဘွားနရသူစသော မင်းတို့သည် ပြည်သူပြည်သားတို့၏ မေတ္တာကင်းကွာမှုကြောင့် မကြာစောလျင်စွာ ပျက်စီးကြရသည်။

အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ ကျစွာ၊ဘုရင့်နောင်စသောမင်းတို့သည် ပြည်သူတို့၏မေတ္တာကို ခံယူကြရသဖြင့် တာရှည်စွာ အမျိုးဘာသာ သာသနာကို အကျိုးကို သည်ပိုးလုပ်ဆောင်နိုင်ကြသည်။

ထို့ကြောင့် အကြီးအကဲလုပ်သူများသည် ပိုမို၍ မေတ္တာတရားကို လက်ကိုင်ထားရပါမည်။

## မေတ္တာခံယူပုံ

၁။ ဗုဒ္ဓဿ သီတလံ မေတ္တံအဟံဂဏှာမိ

-ဗုဒ္ဓဿမြတ်စွာဘုရား၏ ၊သီတံ-သန့်ရှင်းဖြူစင်ကြည်လင်အေးမြသော၊ မေတ္တံ-မေတ္တာတော်ဓာတ်၊တန်ခိုးအာနုဘော်ကို၊အဟံ-ကျွန်ုပ်သည် ဂဏှာမိ-ယူ၏

www.dhammaransi.com


ပျောက်အေး၊အေးရန်ကင်းကွာ၊လိုရာပြည့်ဝ၊ ချမ်းသာရရန်၊ရည်သန်ကိုးစား၊ အားထားကြည်ဖြူ ခံယူပါ၏။

၂။ ဓမ္မသာ သီတလံ မေတ္တံအဟံဂဏှာမိ

-ဓမ္မသာ-ချမ်းသာစီးပွား၊ပေးနိုင်ခြားသည့်၊တရားတော်မြတ်၊ ဓမ္မဓာတ်၏------

၃။ သံဃဿ သီတလံ မေတ္တံအဟံဂဏှာမိ

-သံဃဿ-သမ္မုတိပရမတ်၊ နှစ်ရပ်သောသံဃာတော်မြတ်၏------

၄။ မာတာပိတုနံ သီတလံ မေတ္တံအဟံဂဏှာမိ

-မာတာပိတုနံ-ကျေးဇူးကြီးမားမိဘများ၏---

၅။ အာစရိယနံ သီတလံ မေတ္တံအဟံဂဏှာမိ

-အာစရိယာနံ-ဆရာသခင်ကျေးဇူးရှင်တို့၏---

၆။ သန္တာနံ သပ္ပုရိသာနံ သီတလံ မေတ္တံအဟံဂဏှာမိ

-သန္တာနံ သပ္ပုရိသာနံ-သူတော်ကောင်းသူမြတ်အပေါင်းပို့၏----

၇။ သိဒ္ဓိမန္တာနံ၊ ဣဒ္ဓိမန္တာနံ၊ဝိဇ္ဇာစရာနံ သီတလံ မေတ္တံအဟံဂဏှာမိ

-သိဒ္ဓိမန္တာနံ၊ ဣဒ္ဓိမန္တာနံ၊ဝိဇ္ဇာစရာနံ -သိဒ္ဓိရှင်၊တန်ခိုးရှင် ပညာရှင်တို့၏----

၈။ ဒေဝတာနံ သီတလံ မေတ္တံအဟံဂဏှာမိ

-ဒေဝတာနံ-နတ်မြတ်နတ်ကောင်းနတ်အပေါင်းတို့၏

www.dhammaransi.com



၉။ ဗြဟ္မာခန့် သီတလံ မေတ္တာအဟံဂကျာမိ

-ဗြဟ္မာခန့်-ရှုပဗြဟ္မာ အရှုပဗြဟ္မာတို့၏----

ဤမေတ္တာခံယူမှုနှင့်ပတ်သက်၍ မေတ္တာများ မိမိထံ ရောက်-မရောက် စူးရှထိရောက်မှုရှိ-မရှိ နှင့်ပတ်သက်၍ မေး မြန်းဖွယ်သံသယဖြစ်ဖွယ်ရှိပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဗြဟ္မဝိဟာရဒီပကကျမ်းပြု ဆရာတော်က ဖွင့်ဆိုပြထားပါသည်။

"အချို့သောဆရာတို့သည် သူတော်ကောင်း သူတော် မြတ်လောင်းတို့ပေးဝေပို့သအပ်သော မေတ္တာကို အကျွန်ုပ် ဦးထိပ်ဖြင့်ခံယူပါ၏၊ထိုခံယူအပ်သောမေတ္တာသည် ကျွန်ုပ်၏ ကိုယ်လုံးအနှံ့၌ ပျံ့နှံ့တည်ပါစေကုန်သတည်း ဟု ခံယူကြ ကုန်၏။ထိုသို့မခံယူသော်လည်း မေတ္တာကိုပို့သောသူတို့၏ မေတ္တာရှိန်တော်အာနုဘော်ကြောင့် မေတ္တာပို့ခံရသော အလုံး စုံသောသူတို့မှာ ချမ်းသာသုခရကြကုန်သည်သာ ဟူ၍ မှတ် အပ်၏။

ဟိမဝန္တာတော မိဂသမ္မဒါမြစ်နား ကောသခွဲအတွင်း သိကြားမင်းစေခိုင်းသဖြင့် ဝိသကြုံနတ်သား ဖန်ဆင်းစီမံအပ် သော သခ်န်းကျောင်း၌ နေသော ဘုရားလောင်းတော် ဒုကုလ ပါရိက တို့၏ပေးဝေပို့သအပ်သောမေတ္တာအာနုဘော်ကြောင့် သူတော်ကောင်းတို့ပေးဝေပို့သအပ်သော မေတ္တာကို ဦးထိပ်

www.dhammaransi.com



ဖြင့်ခံယူပါ၏ ဟု မဆိုတတ်ကုန်သော်လည်း သားငှက်တိရစ္ဆာန်တို့သည် အချင်းချင်းစုံမင်နှစ်သက်မြတ်နိုးကုန်သည်ဖြစ်၍ တစ်ကောင်ကိုတစ်ကောင် မနှိပ်စက် အချင်းချင်းမညှင်းပန်းပေ ဟုလိုတဲ့"

ထို့ကြောင့် မိမိကမေတ္တာပို့သလို မိမိကလည်း မေတ္တာခံယူရန် လိုအပ်လှပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မေတ္တာရှိခြင်းအကြောင်းခြောက်ပါး

မေတ္တာရှိခြင်းအကြောင်းခြောက်ပါးရှိပါသည်။

၁။ သူတစ်ပါးတို့၏အပေါ်၌ ကိုယ်နှင့်စပ်သောမေတ္တာ၊ မျက်မှောက်မျက်ကွယ်ရှေ့ရှုတည်ခြင်း

၂။ နှုတ်နှင့်စပ်သောမေတ္တာ၊ မျက်မှောက်မျက်ကွယ်ရှေ့ရှုတည်ခြင်း

၃။ စိတ်နှင့်စပ်သောမေတ္တာ-မျက်မှောက်မျက်ကွယ်ရှေ့ရှုတည်ခြင်း

၄။ တရားသဖြင့်ရအပ်သောပစ္စည်းတို့ကို မိမိတစ်ဦးတည်း မသုံးဆောင်မူ၍ သူတော်သူမြတ်များနှင့် မျှတ၍ သုံးဆောင်ခြင်း

www.dhammaransi.com



၅။ အကျင့်သီလတို့သည် အကျိုးမပေါက်မကျားကုန်၍ ပညာရှိတို့ချီးမွမ်းအပ်သော တဏှာဒိဋ္ဌိတို့မကပ်ကုန်သော သမာဓိကိုဖြစ်စေတတ်ကုန်၏၊ထိုသို့သဘောရှိသောသီလအားဖြင့် တူမျှခြင်း

၆။ အကြင်အယူသည် ဖြူစင်၏၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်၏၊ထိုအယူအားဖြင့်လည်း တူမျှခြင်း

ဤ(၆)ပါးသောတရားနှင့်ပြည့်စုံရာ၌လည်း မေတ္တာသည်သာ ပဓာနဖြစ်၍ မေတ္တာဗြဟ္မဝိဟာရတရားကို ပွားများသူအား ဤတရား(၆)ပါးတို့သည် အလိုအလျောက်ပြည့်စုံပါသည်။

ထို့ကြောင့် မေတ္တာတရားကိုပွားများသောပုဂ္ဂိုလ်ကို တွေ့မြင်တိုင်းသောသူတို့က မိမိရင်၌ဖြစ်သော သားကဲ့သို့ ချစ်ခင်ကြပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com



## မေတ္တာမပို့မပွားမီပြုကျင့်ရမည့်ဝတ္တရား(၁၅)ပါး
## (မေတ္တာပုဗ္ဗပဋိဘာဂတရားများ)

မေတ္တာသုတ်၌-

"ကရဏီယ မတ္ထကုသလေန ယန္တံသန္တံပဒံအဘိသမေစ္စ"

"မည်သည့် အမှုကိစ္စမဆိုဆောင်ရွက်လိုသောသူသည် အေးငြိမ်းငြိမ်သက်သည့်သဘောရှိသောနိဗ္ဗာန်ကို ဉာဏ်ဖြင့်သက်ဝင်၍ပြုလုပ်ရမည်"

ဟူ၍ ဟောကြားထားပါသည်။

တောင်ထိပ်သို့တက်လိုသူသည် တောင်တစ်ဝက်တွင် ရပ်မနေရ၊ တောင်ထိပ်ရောက်အောင်တက်ရသကဲ့သို့ အမှုကိစ္စပြုလုပ်သောသူသည် အမှုကိစ္စကို ပြီးစီးအောင်ဆောင်ရွက်ရမည်။

မေတ္တာပို့သရာတွင် မေတ္တာမပို့မီပြုကျင့်ရမည့်ကျင့်ဝတ်တို့ကို ပြည့်စုံစွာကျင့်ရမည်၊ တစ်ကိုယ်ကောင်းကျင့်ခြင်းစသောအားဖြင့် ပျက်ကွက်ပါက နှုတ်ကမည်မျှပင် မေတ္တာပို့သသော်လည်း မေတ္တာပို့သရာရောက်မည်မဟုတ်ပါ။

ဤကြိုတင်ကျင့်ရမည့် ဝတ္တရား(၁၆)ပါးသာ ပြည့်စုံနေပါက နှုတ်ကမေတ္တာမပွားရသော်လည်း အမှုအလုပ်က မေတ္တာရှိကြောင်းပြသနေပြီးဖြစ်ရကား ကာယကံမေတ္တာ၊

www.dhammaransi.com



မနောကံမေတ္တာတို့ကို ပွားများပြီး ဟု ဆိုရပါမည်။

၁။ သက္ကောစ -မိမိပြုသင့်ပြုထိုက်သော အမှုကိစ္စများပြုလုပ်ခြင်းငှာစွမ်းနိုင်သည်၊ ဤလောကရှိလူသားတို့အား မိမိပြုအပ်သောဝတ္တရားနှင့်သူတစ်ပါးပြုအပ်သောဝတ္တရား ဟူ၍ရှိပါသည်။ မိမိပြုအပ်သောဝတ်တွင် ဆရာ-တပည့်-မိဘ သားသမီး-ဆရာရဟန်း၊ ဒါယကာ-လင်-မယား၊အလုပ်ရှင်-အလုပ်သမား-မိတ်ဆွေ အသီးသီးဝတ္တရားများရှိပါသည်။ ထိုဝတ္တရာများအား ကျေပွန်အောင်ပြုလုပ်ပါကနှုတ်ကမေတ္တာမပို့ရသေးသော်လည်း ကာယကံမေတ္တာပွားပြီးဖြစ်နေပါသည်။ ရဟန်းသည်ရဟန်းဝတ္တရား ဂန္ထဓုရ၊ဝိပဿနာဓုရပြုကျင့်နေက ဝတ္တရားပြည့်စုံပါသည်၊ ရဟန်းနှင့်မဆိုင်သော လူတို့၏အလုပ်ကိုလုပ်နေပါက ဝတ်မပြည့်စုံဟုဆိုရပါမည်။ မိမိပြုရမည့်ဝန်ကိုသာပြုရမည်၊ ဘုရားရှိခိုးနေသူသည် ဘုရားရှိခိုးနေရင်း ကာမဝိတက်၊ ဗျာပါဒဝိတက်များ ဝင်ရောက်နေပါကတာဝန်မပြည့်စုံရာရောက်သည်၊ ဘုရားရှင်က မဆိုက်ရောက်သေးသောဝန်ကို ဆောင်ရွက်

www.dhammaransi.com



သူ၏ဆိုက်ရောက်ပြီးဝန်ကို မဆောင်ရွက်သူကို လူမိုက်(၂)ဦးဟု ဟောပါသည်။
ထို့ကြောင့် မေတ္တာပို့ရမည့်သူသည် မိမိပြုလုပ်ရမည့်ဝန်ကိုသာ ဆောင်ရွက်ထားရပါမည်။

၂။ ဥဇုစ -ဖြောင့်မတ်ရမည်
-အလုပ်အားဖြင့်လည်းကောင်း၊နှုတ်ကအားဖြင့်လည်းကောင်း၊စိတ်အားဖြင့်လည်းကောင်း သူတစ်ပါးအပေါ် ၌တင်စီးလိုမှု၊ပြောမှု၊ နပ်မှု၊ ပါးမှုစသော မရိုးမဖြောင့်သောအမှုကောက်ကျစ်စဉ်းလဲသောအမှုတို့ကိုမပြုလုပ်ဘဲ မိမိ၏ ကိုယ်၊ နှုတ်၊ စိတ် ဖြောင့်မတ်နေရပါမည်။
ပြုပုံတစ်ခြား၊ ပြောပုံတစ်ခြား၊စိတ်ထားပုံတစ်ခြားအားဖြင့် အလုပ်နှင့်အပြော၊အပြောနှင့် အလုပ်၊ အပြင်တစ်မျိုး၊အတွင်းတစ်မျိုးထားခြင်းဟူသော ကောက်ကျစ်မှုမျိုးမရှိရပါ။
နန္ဒင်းဆိုးသောအဝတ်နှင့်တူသောစိတ်ရှိသော၊မျောက်စိတ်နှင့်တူသောစိတ်ရှိသော ချစ်လွယ်-မုန်းလွယ်သောစိတ်ရှိသောသူကို မပေါင်းရ ဟုဆိုသကဲ့သို့ မိမိစိတ်သည် ထိုကဲ့သို့ မရှိစေရ အမြဲဖြောင့်မတ်နေရမည်။

www.dhammaransi.com



၃။သုဟုဇုစ -အလွန်ဖြောင့်မတ်သည်၊အနစ်နာခံကာ ကွယ်ပေးတတ်သည်၊ ကိုယ်အားဖြင့်လည်း ကောင်း၊နှုတ်အားဖြင့်လည်းကောင်း၊ပစ္စည်း ဉစ္စာ၊ ရာထူးအာဏာအားဖြင့်လည်းကောင်း သူတစ်ပါးအပေါ်၌ တင်စီးလိုစိတ်မရှိ၊ သည်းခံနိုင်ခြင်းသည် အလွန်ဖြောင့်မတ်သူ ဟုဆိုရပါသည်။

လောကဥပမာအားဖြင့် မိဘထံမှအမွေခွဲရာ ၌ ညီတူညီမျှခွဲဝေယူခြင်း၊ အစ်ကိုက ပိုယူ၍ ညီက-ဩော်-သူကအကိုဘဲ ယူပါစေ ဟု စိတ်ထားနိုင်ခြင်းသည်လည်းကောင်း၊ လမ်း ခရီးဆုံရာ၌ မိမိကလမ်းဖယ်ပေးခြင်းသည် လည်းကောင်း၊အချင်းချင်းဆက်ဆံရာ၌ မိမိ ကအနစ်နာခံ၍ ဆက်ဆံခြင်းသည်လည်း ကောင်း၊ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီး မယားနှင့်လင်၊အရှင်နှင့်ကျွန်၊ ရဟန်းနှင့်ဒါ ယကာ၊မိတ်ဆွေအချင်းချင်း အနစ်နာခံ ဆောင်ရွက်ပေးခြင်း၊ ကာကွယ်မှုပေးခြင်းမျိုး သည် အလွန်ဖြောင့်မတ်သောဂုဏ်ဖြစ်ပါ သည်။

အချို့က အကျိုးရှိသည်ဖြစ်စေ၊အကျိုးမရှိ

www.dhammaransi.com



သည်ဖြစ်စေ၊ မည်သည့်နေရာမှ အနှစ်နာခံခြင်းမရှိဟူ၍ မဟုတ်မခံပြုလုပ်တတ်သည်၊ ဤသည်မှာ အကျိုးယုတ်မှုသာဖြစ်ပေသည်၊ သုဟုဇုစဂုဏ် မသက်ရောက်ပါ။ ဇာတ်တော်များတွင် မျောက်အများဒုက္ခရောက်နေချိန် မျောက်မင်းက ကယ်တင်ခြင်း၊ ဝက်များကို ကျားစဥ်းလဲက တစ်နေ့တစ်ကောင် သတ်စားနေသည်ကိုကာကွယ်ပေးခြင်း။
မင်းအိမ်တွင် ခွေးအများအသတ်ခံရမည့်ဘေးမှ ခွေးမင်းကကာကွယ်ပေးခြင်း။
ပုရောဟိတ်ပုဏ္ဏားရန်ငြိုးကြောင့် ကျီးအများအသတ်ခံရမည့်ဘေးကို ကာကွယ်ပေးခြင်း။
ဤသည်များသည် သုဟုဇုစဂုဏ်နှင့်ပြည့်စုံခြင်းများဖြစ်ကြပါသည်။

၅။ သုဝစောစသ-

-ဆိုလွယ်သည်ဖြစ်ရမည်။
ဆရာမိဘတို့က ဆိုဆုံးမလမ်းညွှန်ပြသည်များကို သို့လော-သို့လောဟု မတွေးတောမဆင်ခြင်တတ်ဘဲ ရွှေအိုးကြီးကိုဖော်ပေးလာသူကဲ့သို့ ကျေးဇူးတင်စွာဖြင့် မြေဝယ်မကျနားထောင်တတ်သူဖြစ်ရပါမည်။

www.dhammaransi.com



ဤသုဝစောစသော ဂုဏ်များ လူငယ်ကသာ
လူကြီး၏စကားကို နားထောင်ရမည်ဟု
မဆိုလိုပါ၊လူကြီးကလည်း လူငယ်ပြောသော
စကားဖြစ်စေကာမူ အကြောင်းယုတ္တိနှင့်သင့်
လျော်သောစကားဖြစ်မူ လက်ခံရသည်။
အချို့သည် ဂုဏ်၊အသက်ကြီးသော်လည်း
အချိုးကျခဲ့ပါသည်။
အချို့ဆရာမှာ စာတတ်ပြီး လောဘကြီး
တတ်၏၊အချို့ဆရာမှာ စာတတ်ပြီး ဒေါသ
ကြီးတတ်၏၊အချို့ဆရာမှာ စာတတ်ပြီး
အနေအထိုင်မတတ်၊ အချို့သောလူများမှာ
ပစ္စည်းပေါ-နှမြောတတ်၊
ပစ္စည်းပေါ လောဘကြီး ဒေါသကြီး
ပစ္စည်းပေါ မာနကြီး အနေအထိုင်မတတ်
စသည် အလွန်အချိုးကျခဲ့ပါသည်။
ထို့ကြောင့် ဂုဏ်ကြီးသူများက ဂုဏ်ငယ်သူ
ထက် သုဝစောစသော ဂုဏ်နှင့်ပြည့်စုံရန်လိုပါ
သည်၊ဤဂုဏ်နှင့်မပြည့်စုံပါက နှုတ်ကမည်
မျှပင်မေတ္တာပို့သော်လည်း မေတ္တာပို့ရာ
မရောက်ပါ၊ဤဂုဏ်အင်္ဂါနှင့်ပြည့်စုံပါက
မေတ္တာပို့ပြီးသကဲ့သို့ ဖြစ်ပါသည်။

www.dhammaransi.com



ဆိုလွှယ်ကြပါစေ၊ အဆိုမခက်စေရပါ။တစ်ဦး စကား တစ်ဦးကနားထောင်ပါ-ငါ့ဟာမှ ဟုတ်သည်၊ မှန်သည်ဟု မစွဲလမ်းရပါ။

၆။ မုဒုစ -နူးညံ့သောကိုယ်မှု-နှုတ်မှု-စိတ်မှုရှိရမည်
-သုစရိုက်တရားများကို စောင့်ထိန်းခြင်း သည် ကိုယ်နူးညံ့သည်မည်၏။
-လူကြီးမိဘဆရာသမားတို့ကို ရိုသေသော အမူအရာဖြင့် ဆည်းကပ်ခြင်းသည် ကိုယ် နူးညံ့သည်မည်၏။
-သွားသောအခါ၊လာသောအခါ၊နေသော အခါ အလုပ်လုပ်သောအခါ သိမ်မွေ့နူးညံ့ ခြင်းသည် ကိုယ်နူးညံ့သည်မည်ပါသည်။
-ဝစီသုစရိုက်ပြုခြင်း၊ကုသိုလ်ကောင်းမှုပြုရန် တိုက်တွန်းခြင်း၊ သင့်တင့်လျောက်ပတ်သော အခါ၌ တရားတော်ကိုဟောခြင်း၊သရဇ္ဈာယ် ခြင်းတို့သည် နှုတ်နူးညံ့သည်မည်ပါသည်။ သက်ကြီးရွယ်ကြီး၊ မိဘဆရာသမားစသည် တို့ကို ရိုသေစွာပြောဆိုဆက်ဆံသုံးနှုန်းခြင်း သည် နှုတ်နူးညံ့သည်မည်ပါသည်။ နန္ဒိဝိသာလန္ဒွားလားသည် နှစ်သက်ဖွယ် သောစကားကို ဆိုပေးသဖြင့် ဝန်လေးသော

www.dhammaransi.com



လှည်းကိုဆောင်၍အရှင်အားနှစ်ထောင်သောဥစ္စာကိုရစေသည်။
သူဌေးသားငယ်သည် မုဆိုးအား နှစ်သက်ဖွယ်သောစကားကိုဆိုသဖြင့် အမဲတစ်ထမ်းလုံးရခဲ့ဘူးသည်။
ကျေးသားငယ်သည် သာယာဖွယ် နှစ်သက်ဖွယ်သောစကားကိုဆိုသဖြင့် မင်းကြီး၏ အလေးမြတ်ပြုခြင်းကို ခံရသည်။
သို့သော် အကျိုးရှိမည့်အရာ၌ မနှစ်သက်ဖွယ်သောစကားကို ဆိုရပါမည်။ဘုရားရှင်သော်မှ ရံခါအကျိုးရှိစေမည့်အရာ၌အချည်းနှီးသောယောကျ်ား(မောဃပုရိသ)ဟူ၍ သုံးနှုန်းခေါ်ဝေါ်ခဲ့သည်ကိုလည်း သတိပြုရပါမည်။
ထိုမနှစ်သက်ဖွယ်သောစကားသည် စိတ်ကသိမ်မွေ့သောကြောင့် မနူးညံ့သောစကားဟူ၍ မဆိုရပါ။စိတ်နူးညံ့ရမည်ဟု ဆိုရာ၌-အလုံးစုံသောသတ္တဝါတို့အား အကျိုးစီးပွားလိုလားခြင်း၊ချစ်ခင်ခြင်း၊ ဆင်းရဲသောသူတို့ကိုမြင်သောအခါ ကြင်နာသနားခြင်း၊ ချမ်းသာသောသူတို့ကိုမြင်သောအခါ ဝမ်း

www.dhammaransi.com



မြှောက်ခြင်း၊အနာခံလိုခြင်း၊ သူတစ်ပါးအားပေးကမ်းလိုစိတ်မွေးခြင်း၊သီလစောင့်ထိန်းခြင်း၊သမထဝိပဿနာပွားများခြင်း၊ရတနာသုံးပါး၌ကြည်ညိုစိတ်မွေးခြင်း ဤသည်များသည် စိတ်၏နူးညံ့ခြင်းမည်ပါသည်။

အကြင်သူသည် ကိုယ်နှုတ်နှလုံးနူးညံ့၏၊ ထိုသူသည်မည်သူနှင့်မျှဆန့်ကျင်ဘက်မရှိသောကြောင့် မေတ္တာပွားပြီးသားဖြစ်နေသည်၊ကိုယ်နှုတ်နှလုံးမနူးညံ့သူများမူ အများနှင့်ဆန့်ကျင်ဘက်ရှိသောကြောင့် မေတ္တာပွားရာမရောက် ဖြစ်နေရသည်။

ထို့ကြောင့်မေတ္တာပွားလိုသူသည်မေတ္တာမပွားမီရှေးအဘို့က ကိုယ်နှုတ်နှလုံးနူးညံ့အောင်အထူးသတိထားရပါမည်။

၇၊အနတိမာနီ အလွန်မာနမထောင်လွှားရာ

မိမိ၌ရှိသောသီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်၊ဥစ္စာဂုဏ်၊အမျိုးမြတ်ခြင်းဂုဏ်၊ရာထူးအာဏာဂုဏ်၊ အဆင်းလှခြင်းဂုဏ် စသည်ကိုအစွဲပြု၍ မာနရောက်တတ်သူလည်းရှိ၏။ ထိုကဲ့သို့မာနရောက်သူများမှာ အလှူရှင်

www.dhammaransi.com



မှန်းသိအောင်မဏ္ဍပ်တိုင်သို့တက်ပြသူနှင့်
တူသည်။အလွန်ရှက်ဖွယ်ကောင်းသည်။
တစ်ချို့ကမိမိ၌ အနည်းငယ်ရှိသောဂုဏ်
ကိုအများအထင်ကြီးလာအောင် ပြုလုပ်
တတ်သူများလည်းရှိသည်။
ထိုသူများသည်သမုဒ္ဒရာရေကို မမြင်ဘူး
သောရေတွင်းရေအိုင်ထဲက ဖားသူငယ်အ
သွင်ရှိသည်။
ခြင်္သေ့ကဲ့သို့ဆောင့်ကြောင့်ထိုင်ကာမျှဖြင့်
မိမိကိုယ်ကိုခြင်္သေ့ဟုမာန်တက်သည့်ဖား
သူငယ်ကဲ့သို့လည်းကောင်း
ကျားရေကိုမိမိကိုယ်၌ဖုံးအုပ်ထားပြီး မုယော
စပါးကိုစားရသောမြည်းကဲ့သို့လည်းကောင်း
ဆင်ကြီးကိုမာန်မူသော ချေးပိုးထိုးကောင်
ကဲ့သို့လည်းကောင်း
ပထဝီဇယမန္တန်ကိုတတ်သဖြင့်ဗာရာဏသီ
ကိုရန်မူလိုသည့်မြေခွေးကဲ့သို့လည်းကောင်း
ဝိဝဏ္ဏျပမင်းသားကိုကျွန်မသားဟူ၍နှိမ့်ချခဲ့
သောသာကီဝင်မင်းတို့ကဲ့သို့လည်းကောင်း
မိမိ၌အနည်းငယ်ရှိသောမာန်ကိုအထင်
ကြီးထောင်လွှားသဖြင့်ပျက်စီးကြရသော

www.dhammaransi.com



ဇာတက-ရာဇဝင်များအရမာနရောက်မှု
သည်ပျက်စီးကြောင်းတရားသာဖြစ်သည်။
ဤအရာများသည် လောဘဟူသော
အမိုက်မှောင်ကြီးဖိစီးနှိပ်စက်သဖြင့် ပျက်
စီးကြောင်းတရားဟူ၍မထင်နိုင်ကြပဲ မာန
ကိုလက်ကိုင်ထားနေကြသည်။
ဤမာနတရားထားရာတွင် သူတပါးအပေါ်
၌ထောင်လွှားမာန်မူခြင်းသာ မကောင်းဟူ
၍ ဆိုရပါသည်း။
ဘုရားထီးတင်သောအခါငြမ်းပါမှဖြစ်သ
ကဲ့သို့ပစ္စုပ္ပန်ကြီးပွားရေး၊တမလွန်ကြီးပွား
ချမ်းသာရေးတို့တွင်မာန်ပါမှကြီးပွားနိုင်
သည်။
လောကသဘာဝ၌လူသည် မာန်မာနတရား
မရှိက ထိုသူအားမလေးစားတတ်၊မထီမဲ့
မြင်ပြုတတ်၏၊မာန်ရှိသူကိုမှ လေးစား
တတ်ကြ၏။
မာန်မာနမရှိလျှင်အဆိပ်မရှိသောလင်းမြွေ
ရေမြွေကဲ့သို့မည်သည့်နေရာမှအသုံးမကျ
ဖြစ်တတ်သည်။သို့အတွက် မာနကိုထားသင့်
သောနေရာ၌ထားအပ်၏။

www.dhammaransi.com



မည်သူသည် သီလ၊သမာဓိ၊ပညာနှင့်ပြည့်စုံသည်၊ငါသည်လည်း သူကဲ့သို့ဖြစ်အောင် ကြိုးစားမည်။

မည်သူသည် မည်သည့်အတတ်ပညာတတ်၍ ချမ်းသာသည်၊ မည်သည့်တရားကျင့်၍ တရားထူးရသည်၊ရအောင် အားထုတ်မည်၊ ကြိုးစားမည်ဟု မာန်ထားခြင်းသည် အကျိုးရှိသောမာန်ထားခြင်းမည်ပါသည်။

မည်သူ့ကိုမျှဒုက္ခမပေး၊ ကိုယ့်အတွက်ထားခြင်းဖြစ်၍ ကောင်းသောနေရာ၌အသုံးချသဖြင့် အလွန်ပင် အဖိုးထိုက်တန်ပါသည်။

တစ်ဦးအပေါ် တစ်ဦး မာနထောင်လွှားခြင်း မရှိပါမူ အချင်းချင်းဆန့်ကျင်ဘက်ကင်း၍ မေတ္တာပွားပြီးဖြစ်သည်။

နှုတ်ကမည်သို့ပင် မေတ္တာပွားရွတ်ဆိုနေကာမူ စိတ်ကထောင်လွှားမာန်ဝင်နေပါက ချစ်၍ရောက်မည်မဟုတ်ပေ။

ထို့ကြောင့် မေတ္တာပွားမည့်သူသည် မာန်ကို ရှောင်ရှားရပါမည်။

၈။ သန္တုဿကော-ရောင့်ရဲလွယ်သည်ဖြစ်ရာ၏။

-ဖြစ်တတ်သမျှနှင့် ရောင့်ရဲရမည်၊ဖြစ်တတ်

www.dhammaransi.com



သောအမှုထက်ပို၍မပြုရပါ၊ရတတ်သမျှ
ထက်ပို၍လိုချင်သောစိတ်မရှိရပါ၊
-မိုးကို လှေကားထောင်တက်မည်
-ကျောက်ခဲမှ ဆီရအောင်ကြိတ်မည်
-နွားချို့ နွားနို့ထွက်အောင် ပြုလုပ်မည်
စသည်ဖြင့် မဖြစ်နိုင်သောအရာကို မကြံ
စည်ရမပြုရပါ။

ရောင့်ရဲခြင်း(၃)မျိုးရှိသည်။

၁။ ယထာလာဘသန္တောသ
-မိမိတို့ဂုဏ်၊ မိမိတို့လုပ်အားအရ ရသော
ပစ္စည်းဖြင့် ရောင့်ရဲခြင်း။

၂။ ယထာဗလသန္တောသ
-မိမိခွန်အားဖြင့် လျော်သောပစ္စည်းဖြင့်
ရောင့်ရဲခြင်း၊ ဇရာဒုဗ္ဗလဂိလာနမြင်သော
မိမိထံသို့လေးလံသောသင်္ကန်းကြီးများ
ရောက်ရှိရာ ထိုသင်္ကန်းများကို အခြားပေါ့ပါး
သောသင်္ကန်းဖြင့်လှယ်၍ သုံးဆောင်ခြင်း

၃။ ယထာသာရုပ္ပသန္တောသ
-မိမိရသောပစ္စည်းတို့တွင် မိမိနှင့်မလျောက်
ပတ်သောပစ္စည်းကို သူတစ်ပါးရသော
လျောက်ပတ်သည့်ပစ္စည်းဖြင့် လဲလှယ်၍

www.dhammaransi.com



သုံးဆောင်ခြင်း

ဤသန္တောသ(၃)ပါးနှင့်ပြည့်စုံလျှင်မေတ္တာပို့ပြီးသား ဖြစ်တော့သည်။

၉။ သုဘာရောစ-မွေးမြူလွယ်သည်ဖြစ်ရာ၏

-မိဘကိုမှီ၍ အသက်မွေးရသောသားသမီးဖြစ်လျှင် မိဘပေးသမျှနှင့်ရောင့်ရဲတတ်ရ၏။

-သားသမီးကိုမှီ၍ အသက်မွေးရသော မိဘဖြစ်လျှင် သားသမီးကျွေးမွေးသမျှနှင့်ရောင့်ရဲတတ်ရ၏။

အလားတူခင်ပွန်းကိုမှီ၍၊ မယားကိုမှီ၍၊ ဆရာကိုမှီ၍၊တပည့်ကိုမှီ၍ သူတို့အားလုံးသည် မှီခိုနေသူ၏ပေးသမျှ၊ကျွေးသမျှနှင့်ရောင့်ရဲနိုင်ရမည်။

-လှူဒါယကာတို့ကိုမှီခို၍ အသက်မွေးရသောရဟန်းသည် ပစ္စည်းလေးပါးဒါယကာတို့၏လှူသမျှနှင့်ရောင့်ရဲနိုင်ရမည်။

-ရတာနှင့်မရောင့်ရဲနိုင်လျှင် မွေးမြူလွယ်သူမဖြစ်တော့ပါ။

-မွေးမြူလွယ်သူဖြစ်လျှင် စမ်းရေတွင်း၌ရှိသောရေသည် သုံးချို၍မကုန်သကဲ့သို့မည်သူကိုမျှ မည်သူကမျှ အပူမရှာရကား

www.dhammaransi.com



တစ်ဦးကိုတစ်ဦးမေတ္တာပို့ပြီးသား အဖြစ်သို့ ရောက်လေသည်။

၁၀။ အပ္ပကိစ္စော-နည်းသောကိစ္စရှိရမည်။

-တစ်စုံတစ်ခုသောအလုပ်ကိုပြုလုပ်ရာ၌ ကောက်ရိုးကုန်သည်အလား၊ဝန်ကျယ်၍ အကျိုးမများသောအလုပ်ကို မပြုလုပ်ဘဲ ရွှေကုန်သည်၊ကျောက်ကုန်သည်အလား ဝန်သေး၍ အကျိုးများသောအလုပ်သဘောမျိုး လုပ်ရပါမည်။ရဟန်းသည် ရဟန်း၏ဂန္ထဓုရ ဝိပဿနာဓုရအလုပ်သာရှိရမည်၊ အခြားလူမှုကိစ္စများမရှိရပါ၊လူမှာလည်း ဟိုနားစပ်စပ် အလုပ်၊ ဒီနားစပ်စပ်အလုပ်မျိုးမလုပ်ရပါ။ မိမိအတွက်အကျိုးရှိစေမည့်အလုပ်တစ်ခု ကိုသာ မြဲမြဲစွာလုပ်ရန်လိုအပ်ပါသည်။ မိမိအလုပ်ကို မိမိနိုင်နင်းစွာ လုပ်ဆောင်နိုင် ဆွေမျိုးသားချင်းတို့၏ကိစ္စရှိလျှင်လည်း ကူပံ့နိုင်၍ မေတ္တာရှိရာရောက်သည်။ အလုပ်များ-အလုပ်ရှုပ်နေလျှင် အလုပ်ကိုလူ ကမနိုင်၍ အကျိုးလည်းပျက်၊အိမ်နီးချင်းနှင့် ဆွေမျိုးသားချင်းတို့၏ အမှုကိစ္စမရှိသော အခါ မကူညီနိုင်သဖြင့် မေတ္တာရှိရာမရောက်

www.dhammaransi.com



နိုင်ပါ။

မိမိမှာအလုပ်ကိစ္စနည်းမှသာ အလုပ်ကိုနိုင် နင်းစွာရှိပြီး သူတစ်ပါးကိုကူညီနိုင်မည်၊ မေတ္တာထားနိုင်မည်၊ မိမိမှာအလုပ်ရှုပ်နေလျှင် အလုပ်အတွက် စဉ်းစားစရာတွေများနေလျှင် အခြားသူများ၏အမှုကိစ္စများကိုလည်းမကူ ညီနိုင်သဖြင့် မေတ္တာရှိရာမရောက်ဖြစ်ရသည် ထို့ကြောင့် မေတ္တာပို့မည်ဆိုလျှင် ကိုယ် အလုပ်၊ စိတ်အလုပ်နည်းပါးရပါမည်။

၁၁။ သလ္လဟုကဝုတ္တိ-ပေါ့သောအသက်မွေးမှုရှိရမည်

-ဟိတ်မာန်လုပ်ခြင်း၊ကြွားဝါခြင်းမရှိ၊ပကတိ အတိုင်းဖြစ်သမျှ ရသမျှနှင့် အသက်မွေးနေ ထိုင်မှု ပြုတတ်ရမည်။

-ရဟန်းများဘဝမှာ ဟိတ်ဟန်ကြီးနှင့်လူများ အထင်ကြီးအောင် ဆိုဖာကုလားထိုင်၊ခြွေရံ နောက်လိုက်သင်းပင်းများနှင့် နေတတ်သည်၊ ပိုးဖဲကတ္တီပါသင်္ကန်း ဝတ်ဆင်တတ်ကြသည်။ ထိုကဲ့သို့ ကိန်းခန်း ဟိတ်ဟန်မလုပ်ဘဲနေထိုင် သွားလာစားသောက်တတ်ရပါမည်၊လူတို့ တွင်လည်း ကိုယ်မှမရှိဘဲရှိသယောင် ကိန်း ခန်းဟိတ်ဟန်လုပ်တတ်သည်၊သူတစ်ပါးထံ

www.dhammaransi.com



မှငှားရမ်းပြီး ဝတ်စားဆင်ယင်တတ်ကြသည်၊
တစ်လ(၁၀၀၀)ဝင်ငွေရှိသူက တစ်သိန်းဝင်
ငွေရှိသူထင်ရအောင် ဝတ်ဆင်သုံးစွဲစား
သောက်တတ်သည်။
ထိုကဲ့သို့ကိန်းခန်းဟိတ်ဟန်ထုတ်၍ ကြွားဝါ
ခြင်းဖြင့် အသက်မွေးမှုမရှိအောင်နေရမည်။
မိမိမှာရှိသောဂုဏ်သိန်အားလျော်စွာ ဝတ်
စားနေထိုင်ဆင်ယင်မှုကို မဆိုလိုပါ၊မိမိဂုဏ်
နှင့်မတန်အောင် ကြွားဝါလို့ ကိန်းခန်းဟိတ်
ဟန်လုပ်လိုမှုကို ဆိုလိုပါသည်။
ထိုသို့ တစ်ဦးအပေါ်တစ်ဦး ကိန်းခန်းဟိတ်
ဟန်မထုတ်၊ မကြွားဝါလျှင် အချင်းချင်း ချစ်
ခင်ပြီးသား-မေတ္တာပွားပြီးသား ဖြစ်နေပါမည်
ထပ်မံ၍မေတ္တာပွားသော် အဘယ်ဆိုဖွယ်ရာ
ရှိပါအံ့တော့နည်း။

၁၂။ သန္တုဋ္ဌိယော-ငြိမ်သက်သောဣန္ဒြေရှိရမည်။
-မျက်စိလျှပ်ပေါ်ခြင်း၊ နားလျှပ်ပေါ်ခြင်း၊နှာ
ခေါင်းလျှပ်ပေါ်ခြင်း၊လျှာလျှပ်ပေါ်ခြင်း၊ ကိုယ်
လျှပ်ပေါ်ခြင်း၊စိတ်လျှပ်ပေါ်ခြင်း ဟူသော
အာရုံခြောက်ပါး၌ ဒွါရခြောက်ပါးမှရာဂ
စသော အယုတ်တရားများ မဖြစ်ပေါ်အောင်

www.dhammaransi.com



စောင့်ရှောက်နေထိုင်တတ်ရမည်။
မင်္ဂလာဆင်တော်ကြီး ကြွရြရသွားလာသ
ကဲ့သို့ ကိုယ်အမူအရာ၊နှုတ်အမူအရာ၊စိတ်
အမူအရာများ ကြွရြရသွားလာနေထိုင်
တတ်ရပါမည်၊ရဟန်းသည် ရဟန်းတို့နှင့်
မသင့်လျော်သော ပွဲလမ်းသဘင်ကြည့်ခြင်း၊
ပစ္စည်း၌လျှပ်ပေါ်ခြင်း၊အစားအသောက်၌
လျှပ်ပေါ်ခြင်း၊စိတ်နှလုံးမငြိမ်မသက်ခြင်း၊
စကားမတည်ခြင်း၊သင်္ကန်းကျောင်း၌ လျှပ်
ပေါ်ခြင်း ဟူသောရဟန်းတို့နှင့်မလျော်
ပတ်သော အပြုအမူကင်းရပါမည်။
လူဖြစ်လျှင်လည်း ကြွရြကင်းမဲ့အောင် မိန်းမ
လိုက်စားကျူးလွန်ခြင်း၊ကြွရြမဲ့လောင်းက
စားခြင်း၊သေရည်သေရက်သောက်ခြင်း၊
ပွဲလမ်းသဘင်အပျော်ကျူးခြင်း၊အစား
အသောက်ကျူးခြင်း၊နှုတ်မငြိမ်ခြင်း စသည့်
ကင်းလျက် အစစအရာရာတည်ကြည်ငြိမ်
သက်သောကြွရြဖြင့် လုပ်ကိုင်ပြောဆိုနေ
ထိုင်တတ်ရပါမည်။
"ပတ္တမြားကျောက်စီ နားဋ္ဌောင်းဝတ်ဆင်
ထားသော အိမ်ရှင်မကို အိမ်ရှင်ယောကျ်ား

www.dhammaransi.com


သည် ကြည့်ရှုဘိသကဲ့သို့ ဣန္ဒြေသမာဓိနှင့်
ပြည့်စုံသောသူကို နှုတ်နှင့်တကွသောလူတို့
သည် ကြည့်ရှုကြကုန်၏”
ဟူသော တရားတော်အရ ငြိမ်သက်သော
ဣန္ဒြေရှိသောသူကို လူနတ်တို့က နှစ်သက်
ပါသည်။ထိုသို့ငြိမ်သက်မှုသမာဓိတည်ပြီး
မေတ္တာပို့ရာတွင် ထိရောက်အောင်မြင်ပါမည်

၁၃။ နိပကော စ -ရင့်မာသောပညာရှိရမည်
-တစ်စုံတစ်ခုသောအမှုကို ပြုလုပ်လိုက
မဆင်မခြင်မစဉ်းမစားမပြုလုပ်ဘဲ ဆင်ခြင်
စဉ်းစားနှိုင်းယှဉ်ပြီးမှ အကျိုးရှိမည့်အလုပ်ကို
လုပ်ရပါသည်။
ကုသိုလ်ဆိုင်ရာပြုလုပ်ရာ၌ မကောင်းမြစ်
တာ-ကောင်းရာညွှန်လတ်သောအဆွေ
ခင်ပွန်းကိုရှာ၍ပြုလုပ်ရပါမည်၊ပစ္စည်းဥစ္စာ
ရှာရာ၌လည်း မိမိပစ္စည်းအား ဉာဏ်အား-
ကိုယ်အားတို့ကိုချိန်ဆ၍ မိမိနှင့်သင့်လျော်ရာ
ကို လုပ်နိုင်ရမည်။
ဤပညာသည် ရုပ်နာမ်တရားတို့၏ မမြဲ-
ဆင်းရဲအစိုးမရ(အနိစ္စ-ဒုက္ခ-အနတ္တ)ကိုသိ၏
ဆင်းရဲအမှန်၊ ဆင်းရဲကြောင်းအမှန်၊ ဆင်းရဲ

www.dhammaransi.com



ကြောင်းချုပ်ငြိမ်းရာအမှန်၊နိဗ္ဗာန်ရောက်
ကြောင်းကျင့်စဉ်အမှန်ဟုသိသောဉာဏ်ကို
ရအောင်-ဖြစ်အောင် ကြိုးစားရသည်။
ဤလောက၌ ပုဂ္ဂိုလ်(၃)မျိုးရှိသည်။
(၁) အကန်းပုဂ္ဂိုလ်
-အကြင်သူသည် အကြင်မျက်စိဖြင့်-
-မရသေးသော စည်းစိမ်တို့ကိုရစေခြင်းငှာ
မစွမ်းနိုင်။
-ရပြီးသောစည်းစိမ်တို့ကို တိုးပွားစေခြင်းငှာ
မစွမ်းနိုင်။
-ထိုမျက်စိလည်းမရှိ
အကြင်မျက်စိဖြင့်-
-ကုသိုလ်-အကုသိုလ်တရားတို့ကိုသိ၏။
-အပြစ်ရှိသောတရား၊ အပြစ်မရှိသောတရား
ကိုသိ၏။
-အယုတ်အမြတ်ဖြစ်သောတရားကိုသိ၏။
-ထိုမျက်စိလည်းမရှိ
ထိုပုဂ္ဂိုလ်ကို အကန်းဟူ၍ ခေါ်ဆိုအပ်၏
(၂)မျက်စိတစ်လုံးမရှိသောပုဂ္ဂိုလ်
အကြင်ပုဂ္ဂိုလ်အား အကြင်မျက်စိဖြင့်-
-မရသေးသောစည်းစိမ်ကိုရသည်

www.dhammaransi.com



-ရပြီးသောစည်းစိမ်ကို တည်မြဲစေသည်
-ထိုသို့သဘောရှိသောမျက်စိရှိ၏
ထိုပုဂ္ဂိုလ်သည် ကုသိုလ်-အကုသိုလ်တရား၊ အပြစ်ရှိသောတရား၊ အပြစ်မရှိသောတရား အယုတ်အမြတ်တရားကိုသိသော မျက်စိမရှိ
ထိုပုဂ္ဂိုလ်သည် မျက်စိတစ်လုံးရှိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏

**(၃) မျက်စိနှစ်လုံးရှိသောပုဂ္ဂိုလ်**

အကြင်သူသည် အကြင်မျက်စိဖြင့်-
-မရသေးသောစည်းစိမ်ကိုရ၏၊ရပြီးသော စည်းစိမ်ကိုတည်အောင်လုပ်နိုင်သော မျက်စိ ရှိ၏၊
-ကုသိုလ်-အကုသိုလ်တရား၊ အပြစ်ရှိ-မရှိ တရား၊ ယုတ်-မြတ်တရားတို့ကိုသိသော မျက်စိလည်းရှိ၏။
ထိုပုဂ္ဂိုလ်ကို မျက်စိနှစ်လုံးရှိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏။

ပစ္စုပ္ပန်အကျိုး၊တမလွန်အကျိုးတိုးပွား ကြောင်းမျက်စိကန်းသောနှစ်ဖက်ကန်းကို လည်းကောင်း၊ပစ္စုပ္ပန်အကျိုးကိုသာသိ၍ တမလွန်အကျိုးကိုသိသော မျက်စိမရှိသော

www.dhammaransi.com



တစ်ဘက်ကန်းကိုလည်းကောင်း၊ဝေးစွာ
ရှောင်ကြဉ်ရာ၏၊ပစ္စုပ္ပန်-တမလွန် နှစ်တန်
သောအကျိုးကို မြင်တတ်သောမျက်စိနှစ်လုံး
ရှိသောသူကို မှီဝဲရာ၏။
ဟူ၍ ဘုရားရှင်က တိကဂုတ္တရပါဠိတော်၌
ဟောကြားထားပါသည်။
လောက၌ ပညာသည် ချိုးမွမ်းအပ်မြတ်လှ
ပေ၏၊သူတော်ကောင်းတရားတည်ခြင်းငှာ
ဖြစ်ပေါ်လာ၏၊ပညာရှိသည် အသိအလိမ္မာ
ဉာဏ်ပညာဖြင့် ယုံမှားသံသယကို ပယ်
ဖျောက်၍ ဘေးအပေါင်းငြိမ်းရာနိဗ္ဗာန်သို့
ရောက်ကြရ၏။
ထို့ကြောင့် ရင့်သောပညာရှိအောင် ကြိုးစား
ရပါမည်။

၁၄။ အပဂဗ္ဘော -မကြမ်းမတမ်းသောကိုယ်အမူအရာ၊နှုတ်
အမူအရာရှိရပါမည်။
-ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုလုပ်အပ်သော အပြု
အမူတို့၌ ကြမ်းတမ်းခြင်းမရှိစေရပါ။
၁။ စကားပြောကျယ် ၂။ အရယ်ကျယ်
၃။ အခေါ်ကျယ် ၄။ အသံကျယ်
၅။ အချေးကျယ်

www.dhammaransi.com



ဤကျယ် (၅) ပါးကို ပယ်ရမည်။

၁။ စကားများ ၂။ အရယ်များ

၃။ အအိပ်များ ၄။ အစားများ

၅။ နဝကမ္မများ ၆။ ပစ္စည်းစုများ

၇။ လူနှင့်အရောအနှောများ

၈။ အလည်အပါတ်များ

ဤများ(၈)ပါးကို ပယ်ရမည်။

၁။ အစားကြမ်း ၂။ အအိပ်ကြမ်း

၃။ အသွားကြမ်း ၄။ အထိုင်ကြမ်း

၅။ အရယ်ကြမ်း ၆။ စိတ်ကြမ်း

၇။ ကိုယ်ကြမ်း ၈။ နှုတ်ကြမ်း

၉။ အဆုံးအမကြမ်း

ဤကြမ်း(၉)ပါးကို ပယ်ရမည်။

**အစားကြမ်း**

-ပေရေသောလက်နှင့်ဟင်းခွက်နှိုက်ခြင်း၊ရှုးရှုး ရှဲရှဲမည်၍စားခြင်း၊ အတိုင်းရှည်မသိစားခြင်း၊ စကားတပြောပြောနှင့်စားခြင်း၊အမဲသားငါး အစားကြမ်းခြင်း စသည်များ။

**အအိပ်ကြမ်း**

-ကိုယ်လုံးတည်အိပ်ခြင်း၊ဒူးထောင်ပေါင်ကား အိပ်ခြင်း၊အရိအရွဲယို၍ အိပ်ခြင်း၊ ဟောက်၍

www.dhammaransi.com



အိပ်ခြင်း၊ယောင်ရမ်းမြည်တမ်း၍အိပ်ခြင်း စသည်များ။

**အသွားကြမ်း**

-အလွန်လျင်မြန်စွာသွားခြင်း၊ ကြမ်းနင်းကြမ်းခြင်း၊အပြေးတက်ဆင်းခြင်း၊ လျှပ်ပေါ်ကြည့်၍ သွားခြင်းစသည်များ။

**အထိုင်ကြမ်း**

-မြူမှုန်သဲရှိရာ အခင်းမပါထိုင်ခြင်း၊မိမိထက်ကြီးသူရှေ့၌ မရိုမသေထိုင်ခြင်း၊တိုးဝှေ့နေထိုင်ခြင်း စသည်များ။

**အရယ်ကြမ်း**

-လက်ခုပ်လက်ဝါးတီး၍ရယ်ခြင်း၊ ဟေးဟေးဝါးဝါးဖြင့် အသံကျယ်လောင်စွာရယ်ခြင်း စသည်များ။

**စိတ်ကြမ်း**

-စိတ်အလွန်တိုခြင်း၊ရန်ငြိုးကြီးခြင်း၊ ငြူစူစောင်းမြောင်းခြင်း၊ သူတစ်ပါးအားမကောင်းကြံခြင်း စသည်များ။

**ကိုယ်ကြမ်း**

-အများရှေ့၌ မရိုမသေထိုင်-ထ-သွားခြင်း၊ မကုန်း-မကိုင်းညွှတ်ခြင်း၊ထိခြင်းငါးပါးနှင့်

www.dhammaransi.com


အညီ ရှိမခိုး-ဦးမချခြင်း စသည်များ။

**နှုတ်ကြမ်း**

-ခွေး၊ဝက်စသည်ဖြင့် မြည်တွန်းခြင်း၊ဆဲရေး တိုင်းထွာခြင်း၊သူတစ်ပါးအပြစ်ကိုပြောခြင်း စသည်များ။

**အဆုံးအမကြမ်း**

-အလွန်အမင်းရိုက်နှက်ဆုံးမခြင်း၊ကာလဒေသ နမသိဘဲ ဆုံးမခြင်း၊ဒေါသဖြင့်ဆုံးမခြင်း စသည်များ။

ဤဆိုအပ်ပြီးသောတရားများကို ဖယ်ရှောင် ခြင်းသည် မေတ္တာပုဗ္ဗပဋိဘာဂတရားများ ကျင့်သည်မည်ပါသည်၊ကြည်ညိုဖွယ်သော ကိုယ်နှုတ်အမူအရာမရှိခြင်း၌ အပြစ်(၅)ပါး ရှိသလို အကျိုး(၅)ပါးလည်းရှိပါသည်။

အပြစ်(၅)ပါးမှာ-

၁။ မိမိကိုယ်ကိုမိမိစွပ်စွဲခံရခြင်း

၂။ သိတင်းသုံးဘော်မိတ်ဆွေတို့ ကဲ့ရဲ့ခြင်း

၃။ မကောင်းသတင်းပျံ့နှံ့ခြင်း

၄။ တွေတွေဝေဝေသေရခြင်း

၅။ သေပြီးနောက် အပါယ်သွားရခြင်း

အကျိုး(၅)ပါးမှာ-

www.dhammaransi.com



၁။ မိမိကိုယ်ကို မိမိမစွပ်စွဲရခြင်း
၂။ သီတင်းသုံးဘော်မိတ်ဆွေတို့ ချီးမွမ်းခြင်း
၃။ သတင်းကောင်းထွက်ခြင်း
၄။ မတွေဝေဘဲ သေရခြင်း
၅။ သေသော် သုဂတိဘုံသို့လားရခြင်း
အချို့ကမိမိ၏ရန်သူကို အကြွမ်းအားဖြင့်သာ အောင်နိုင်ရာဟု ထင်ကြသည်၊ဘုရားရှင်က မူ ဓမ္မပဒ၌-
-အမျက်ထွက်သူကို အမျက်မထွက်သီးခံ သဖြင့်
-မကောင်းမှုပြုသူကို ကောင်းမှုကိုပြုခြင်းဖြင့်
-ကပ်စေးနည်းသူကို ပေးကမ်းခြင်းဖြင့်
-မဟုတ်မမှန်ပြောသူကို မှန်စွာပြောခြင်းဖြင့် အောင်ရာ၏။
ဤတရားသည် မေတ္တာပုဗ္ဗပဋိဘာဂတရား နှင့်ညီ၍ လေးစားစွာလိုက်နာကျင့်တတ်ရ ပါမည်။

၁၅။ကုလေသွနနုဂိဒ္ဓေါ-အမျိုးဒါယကာမတို့၌ စွဲလမ်းမှုမရှိစေရ
-လမင်းသည် မင်းအိမ်၊သူဌေးအိမ်၊သူတောင်း စားအိမ်၊ဆင်းရဲသားအိမ် စသည်ဖြင့် ခွဲခြား ခြင်းမရှိ၊အိမ်တိုင်းအလင်းရောင်ပေး၍သာ-

www.dhammaransi.com



သွားသကဲ့သို့ ရဟန်းရှင်လူတို့သည် ငါ့ဒါယကာ-ငါ့မိတ်ဆွေ-ငါ့သူငယ်ချင်းစသည်ဖြင့် စွဲလမ်းခြင်းမရှိစေရပါ။ သတ္တဝါအားလုံးတို့ အပေါ်၌ သနားကြင်နာမေတ္တာရှိရပါမည်။

ဤလောက၌ တရားသည်သာ လိုရင်းဖြစ်၍ မကောင်းသောတရားကိန်းသူကို လူမိုက် ကောင်းသောတရားကိန်းသူကို-လူလိမ္မာ စသည်ဖြင့် တရားကိန်း-မကိန်းကိုသာကြည့်၍ တရားကိုသာစိစစ်ရပါမည်၊ တရားကိုသာ စွဲရပါမည်၊ ပုဂ္ဂိုလ်မစွဲရပါ။

ရဟန်းသည် ဒါယကာတို့ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ပြုဖွယ်ကိစ္စ စသည်တို့၌ မလျော်သောရောနှောခြင်း မပြုရပါ။

ဒါယကာတို့ကလည်း မိမိတို့နှင့်ရောနှောရန် မတိုက်တွန်း၊ အားမပေးရပါ။

ဤလောက၌ပုဂ္ဂိုလ်နှင့်ဓမ္မ (၂)မျိုးရှိသည်။

-ငါ၏ဆရာဖြစ်သည်၊ ငါ့ဆရာ ပါရာဇိကကျနေသည့်ဖြစ်သော်လည်း ငါကိုးကွယ်မည်၊ ငါ့မိတ်ဆွေဖြစ်သည်၊ ငါ့တူ-ငါ့သားဖြစ်သည် စသည်ဖြင့် ပုဂ္ဂိုလ်စွဲမထားရပါ။

ဝမ်းတွင်း၌ တရားရှိ-မရှိကိုသာကြည့်ရပါမည်

www.dhammaransi.com



မြတ်သောအမျိုး၊ ယုတ်သောအမျိုးဟူသော
အမျိုးဇာတ်သည်လည်းကောင်း၊ အဆင်း
သည်လည်းကောင်း၊ အကြားအမြင်
ဗဟုသုတသည်လည်းကောင်း၊ လိုရာမပြီး
အချည်းနှီးဖြစ်ကြရသည်။
စင်စစ် ကိုယ်ကျင့်သီလသည်သာလျှင် မြတ်
ပါသည်၊ကိုယ်ကျင့်သီလနှင့်မပြည့်စုံသော
သူအား အမျိုးဇာတ်ဖြင့်လည်းကောင်း၊
အဆင်းဖြင့်လည်းကောင်း၊အကျိုးသည် မပြီး
စီးနိုင်ပါ။
ဟူ၍ ဘုရားရှင်က ဟောကြားထားသော
ကြောင့် အမျိုးသည်အဓိကမဟုတ်၊တရား
သည်သာအဓိကဖြစ်သည်ကို သတိထားရပါ
မည်၊ဗုဒ္ဓမြတ်စွာ သာသနာတော်တွင် ပုဂ္ဂိုလ်
စွဲမရှိပါ၊တရားစွဲသာရှိပါသည်၊မည်သည့်
လူမျိုး-ဇာတ်မဆို ရဟန်းခံခွင့်ရှိသည်၊ရဟန်း
အဖြစ်သို့ရောက်သောအခါ အမျိုးမြတ်ခြင်း
ခွဲခြားမှုမရှိ၊သိက္ခာကြီးသူ၊ကိုယ်ကျင့်သီလရှိ
သူကိုသာ အလေးထားပါသည်။
ထို့ကြောင့် ပုဂ္ဂိုလ်စွဲမထားဘဲ တရားစွဲကိုသာ
အဓိကထားရပါသည်။

www.dhammaransi.com



"နစခုဒ္ဒမာစရေကိဉ္စိ၊ ယေနဝိညူပရေ ဥပဝဒေယျုံ"

တစ်စုံတစ်ခုသောအမှုကိုပြုလုပ်လိုသောသူသည် မပြောစဖွယ် အနည်းငယ်သောကိစ္စပင် ဖြစ်စေကာမူ-

-အကြင်ကိစ္စသည် ပညာရှိတို့ ကဲ့ရဲ့ဖွယ်ဖြစ်၏၊ထိုအမှုကိစ္စကို မပြုရာ၊ ဘုရားအစရှိသော သူတော်ကောင်းပညာရှိတို့ကဲ့ရဲ့မည်၊ဆရာသမား၊ မိဘများက ကဲ့ရဲ့ပြစ်တင်မည်၊ ဆွေမျိုးမိတ်ဆွေတို့က ကဲ့ရဲ့ပြစ်တင်မည့်အလုပ်များကို ကြောက်ရွံ့တတ်ရပါမည်။

ဤသည်တို့မှာ မေတ္တာမပို့မီ မေတ္တာမပွားမီ မိမိတို့ပြုကျင့်ရမည့် ပြည့်စုံရမည့် တာဝန်ဝတ္တရားများဖြစ်ကြသည်၊ ထိုဝတ္တရားများပြည့်စုံမှသာလျှင် မေတ္တာပို့-မေတ္တာစေလွှတ်ရာတွင် အောင်မြင်ထိရောက်ပါမည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မေတ္တာဘာဝနာပွားများရာ

မေတ္တာဘာဝနာပွားများရာ၌-

၁။ စျာန်ရအောင်ပွားနည်း

၂။ ဘာဝနာကုသိုလ်ဖြစ်အောင်ပွားနည်း

ဟူ၍ နှစ်မျိုးရှိသည်။

ပဋိသမ္ဘိဒါမဂ်လာ အရပ်(၁၀)မျက်နှာပွားပုံ၊ ၅၂၈·

www.dhammaransi.com



မေတ္တာပွားပုံတို့မှာ ဈာန်ရပြီးသောပုဂ္ဂိုလ်တို့၏ ပွားပုံများ ဖြစ်ပါသည်။ထိုနည်းအတိုင်း မည်သူမဆိုပွားနိုင်သည်၊သို့သော် ဘာဝနာကုသိုလ်မျှသာဖြစ်ပါမည်။

ပွားများစပုဂ္ဂိုလ်များအတွက် အာရုံကျယ်ပြော၍ သမာဓိမျှပင်ဖြစ်ရန်မလွယ်ပါ။

သို့အတွက် ဦးစွာပုဂ္ဂိုလ်တစ်ဦးတည်းအပေါ်၌ စူးစိုက်ပိုင်နိုင်အောင် ပွားပို့ပြီးမှ အခြားပုဂ္ဂိုလ်(သတ္တဝါအာရုံ)သို့ ပြောင်းရွှေ့ပွားများသင့်သည်။

မိမိပွားပို့လိုသူ၏ပုံပန်းသဏ္ဍာန်ခြေဆုံး၊ခေါင်းဆုံးမြင်အောင်ထင်အောင်အာရုံပြုလျက် 'ချမ်းသာပါစေ၊ဘေးရန်ကင်းပါစေ'ဟု ထိုမေတ္တာပုဂ္ဂိုလ်အပေါ်၌ မိမိ၏မေတ္တာဓာတ်အားများကို လွှမ်းခြုံဖိလွှတ်ခြင်းသည် ထူထောင်စ၊ပွားများကာစပုဂ္ဂိုလ်များအတွက် အသင့်မြတ်ဆုံးနည်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးဦးနှင့်နာဠာဂီရိဆင်တို့အား မေတ္တာပွားပုံကို ဗုဒ္ဓဝင်နှင့်အပါဒါန်အဋ္ဌကထာ၊ဇာတ်အဋ္ဌကထာတို့၌ ပြဆိုရာ၌ ဤနည်းပင်ဖြစ်ပါသည်။

မေတ္တာဘာဝနာပွားမည့်ပုဂ္ဂိုလ်သည် ရှေးဦးစွာ-

-အမျက်ဒေါသ၏အပြစ်နှင့်

-သည်းခံခြင်း၏အကျိုးအာနိသင်

တို့ကို ဆင်ခြင်ရပါမည်။

www.dhammaransi.com



-အမျက်ဒေါသထွက်သူသည် အကြောင်းအကျိုးကို မသိမြင်တတ်၊အမျက်ဒေါသကြောင့် သူ့အသက် သတ်ခြင်းစသောကံများကို ကျူးလွန်မိတတ်သည် စသည်ဖြင့် ဒေါသ၏အပြစ်တို့ကို ဆင်ခြင်ရမည်။

-သည်းခံခြင်းသည်ကား မြတ်သောအကျင့်ဖြစ်သည်၊ သည်းခံစွမ်းအားကြီးမားသူကို မကောင်းမှုပယ်ပြီးသော ရဟန္တာဟူ၍ ဘုရားရှင်ဟောကြားတော်မူ၏၊ အကျိုးမဲ့ကိုတားမြစ်ပြီး အကျိုးစီးပွားကိုဆောင်နိုင်သည့်တရားများတွင် သည်းခံခြင်းထက်သာလွန်သော တရားမရှိ-စသည်ဖြင့် သည်းခံခြင်း၏အကျိုးအာနိသင်တို့ကို ဆင်ခြင်ရသည်။

ဤသို့လျှင် နှစ်ပါးကိုဆင်ခြင်ပြီးနောက် မေတ္တာဘာဝနာကို ပွားများရပါမည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မေတ္တာစတင်မပွားသင့်သူများ

မေတ္တာဘာဝနာပွားရာတွင် မေတ္တာဘာဝနာပွားမည့်သူသည် မေတ္တာဘာဝနာစတင်မပွားသင့်သောပုဂ္ဂိုလ်များကို သိထားရပါမည်။

မေတ္တာစတင်မပွားသင့်သောပုဂ္ဂိုလ်(၄)မျိုးရှိသည်။

www.dhammaransi.com



၁။ မချစ်မနှစ်သက်သူ
၂။ အလွန်ချစ်ကျွမ်းဝင်သောမိတ်ဆွေ
၃။ မမုန်း-မချစ် အလယ်အလတ်ဖြစ်သူ
၄။ ရန်သူ တို့ဖြစ်သည်။

-မချစ်မနှစ်သက်သူကို ချစ်ခင်သည့်သဘောသက်ဝင်အောင် မေတ္တာပွားရန်မှ စိတ်ပင်ပန်းတတ်သည်
-အလွန်ချစ်ကျွမ်းဝင်သူကို ချစ်ဘက်မပါ၊မုန်းဘက်မရောက်အောင်သဘောထားရန်မှာလည်း စိတ်ပင်ပန်းတတ်သည်
-မမုန်းမချစ် အလယ်အလတ်ဖြစ်သူကို အလေးအမြတ်ပြုသည့်သဘော၊ချစ်ခင်သည့်သဘောထားရန်မှာလည်း စိတ်ပင်ပန်းတတ်ပါသည်
-ရန်သူကိုသတိရလျှင်လည်း အမျက်ဒေါသဖြစ်ပွားလာတတ်သည်

သို့အတွက် ထိုလေးယောက်ကို စတင်၍မေတ္တာမပွားသင့်ပါ။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com



## မေတ္တာစတင်ပွားများရမည့်သူ

ပုဂ္ဂိုလ်သတ္တဝါအားလုံးတို့ကို မေတ္တာမပွားမီ ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာပွားရပါမည်။

-ငါသည် ချမ်းသာရပါလို၏။

-ဆင်းရဲကင်းရပါလို၏။

-ပြင်ပရန်ကင်းရပါလို၏

-စိတ်ဆင်းရဲကင်းရပါလို၏။

-ကိုယ်ဆင်းရဲကင်းရပါလို၏။

-မိမိကိုယ်ကိုချမ်းသာအောင် ဆောင်ရွက်နိုင်ရပါလို၏

ဟူ၍ အဖန်ဖန် မေတ္တာပွားပါမည်။

ဤသို့ မိမိကိုယ်ကိုစတင်၍ မေတ္တာပွားရခြင်းမှာ အခြားသူတို့ကို မေတ္တာပွားသည့်အခါ မိမိကိုယ်ကို နှိုင်းဆတတ်ရန် ဖြစ်ပါသည်။

-မိမိချမ်းသာချင်သကဲ့သို့ အခြားသတ္တဝါများလည်း ချမ်းသာချင်ကြပေမည်။

-မိမိအသက်ရှည်ချင်သကဲ့သို့ အခြားသတ္တဝါများလည်း အသက်ရှည်ချင်ကြပေမည်။

-မိမိမသေချင်သကဲ့သို့ အခြားသတ္တဝါများလည်း သေချင်ကြမည် မဟုတ်ပေ။

ဟု မိမိကိုယ်ကို သက်သေထူ၍ (ကိုယ်ချင်းစာတရားထား၍)

www.dhammaransi.com



အခြားသတ္တဝါများအပေါ်၌ စီးပွားချမ်းသာလိုလားမှု ဖြစ်ပေါ်လာရန် မိမိကိုယ်ကိုစတင်၍ မေတ္တာပွားရပါသည်၊မေတ္တာကိုယ်ချင်းစာစိတ် မွေးမြူထူထောင်ရပါမည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မေတ္တာမပွားသင့်သူများ

မေတ္တာမပွားသင့်သူ(၂)ဦးရှိပါသည်။

၁။ လိင်မတူသူ

၂။ သေဆုံးသူ တို့ဖြစ်ကြသည်။

-လိင်မတူသူကို သီးသန့် (ဩဓိသ)မေတ္တာပွားလျှင် ရာဂဖြစ်တတ်ပါသည်။

-သေဆုံးသူကို မေတ္တာပွားလျှင် ဥပစာရသမာဓိ၊ အပ္ပနာသမာဓိစျာန်များမရနိုင်ပါ။

(ဥပစာရ-အလွန်နီးကပ်သောအရာ)

(အပ္ပနာ-အာရုံထဲ၌ စူးစူးစိုက်စိုက်ရှိနေသောအရာ)

သို့အတွက် ထိုပုဂ္ဂိုလ်နှစ်မျိုးကို မေတ္တာမပွားရခြင်းဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com



## မေတ္တာစတင်ပွားပုံ

မိမိကိုယ်ကို ရှေးဦးစွာ အဖန်ဖန်မေတ္တာပွားပြီးနောက်-

-မြတ်နိုးလေးစားထိုက်သောဆရာ

-ဆရာကဲ့သို့လေးစားထိုက်သောပုဂ္ဂိုလ်

-ဥပဇ္ဈယ်ဆရာ

-ဥပဇ္ဈယ်ကဲ့သို့ လေးစားထိုက်သောပုဂ္ဂိုလ်

ဤပုဂ္ဂိုလ်တို့၏ သီလ၊ သမာဓိ၊ ပညာ၊ သုတစသော ဂုဏ်၊အခြားမြတ်နိုးဖွယ်၊လေးစားဖွယ်သောဂုဏ်တို့ကို ဆင်ခြင်အောက်မေ့၍-

"ဤသူတော်ကောင်းချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ" စသည်ဖြင့် မေတ္တာပွားရပါမည်။

ထို့နောက် အလွန်ချစ်သောမိတ်ဆွေ၊ မချစ်မမုန်း (အလယ်အလတ်)ပုဂ္ဂိုလ်၊ရန်သူတို့ကိုလည်း ဖော်ပြပါနည်းတူ၊ အစဉ်အတိုင်း မေတ္တာပွားရပါမည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## ရန်သူအပေါ်မေတ္တာပွားနည်း

အလယ်အလတ်ပုဂ္ဂိုလ်ကို မေတ္တာပွားပြီးနောက် ရန်သူကို မေတ္တာပွားရမည် ဟုဆိုရာ၌ ရန်သူရှိသောပုဂ္ဂိုလ်ကိုရည်ရွယ်၍ဆိုခြင်းဖြစ်ပါသည်၊ ရန်သူမရှိသောပုဂ္ဂိုလ်

www.dhammaransi.com



(သို့မဟုတ်)မိမိကို အကျိုးမဲ့ပြုစေကာမူ သဘောထားကြီးမြတ်သည့်အတွက် ရန်သူဟုပင် အမှတ်မထားသောပုဂ္ဂိုလ်တို့ကား ရန်သူထံ မေတ္တာပို့လွှတ်ရန် စိတ်စူးစိုက်ဖွယ်မလိုပါချေ။

ရန်သူ့အပေါ်၌ မေတ္တာစိတ်ကိုပို့မည်ပြုသောအခါ ထိုရန်သူက မိမိအပေါ် ကျူးလွန်ထားသောအပြစ်များကိုသတိရ၍ အမျက်ဒေါသဖြစ်လျှင် ယခင်ပွားလက်စ ပုဂ္ဂိုလ်ကိုပြန်လည်၍ အဖန်ဖန် မေတ္တာပွားရပါမည်။

ထိုသို့ပွားများပါက ရန်သူအပေါ်ဖြစ်ပွားနေသော ဒေါသကိုပယ်ဖျောက်ပြီး ဖြစ်ပါတော့သည်။

ထိုသို့ စိတ်အာရုံလွှဲပြောင်း၍ မေတ္တာပွားနေပါလျက် ရန်သအပေါ် အမျက်ဒေါသ မပြေပျောက်ခဲ့သော်-

-အမျက်ဒေါသထွက်သောသူကို တုံ့ပြန်၍ အမျက်ထွက်သူသည် ပထမအမျက်ထွက်သူထက်ပင် ပိုမိုစိတ်ထားနိမ့်ကျသူ ဖြစ်သည်။

-အမျက်ထွက်သူကို တုံ့ပြန်၍အမျက်မထွက်ဘဲ သည်းခံနိုင်သူသည်သာ အကြီးမားဆုံးသော အောင်မြင်မှုကို ရရှိခြင်းဖြစ်၏၊

ဤသို့အစရှိသည်ဖြင့် ဘုရားရှင်၏ဩဝါဒကို ဆင်ခြင်၍ အမျက်ဒေါသကို ပယ်ဖျောက်ရပါမည်။

ဤနည်းအတိုင်း အမျက်ဒေါသကို ကြိုးစား၍ပယ်ဖျောက်နေပါလျက် ပြေပျောက်ငြိမ်းအေးခြင်းမရှိသေးလျှင်

www.dhammaransi.com



ထိုရန်သူ၏ကြည်ညိုဖွယ်၊ ချစ်ခင်ဖွယ်၊ကိုယ်အမူအရာ-နှုတ်အမူအရာ၊စိတ်နေသဘောထားကို ကွက်၍ ဆင်ခြင်ကာအမျက်ဒေါသကို ဖြေဖျောက်ရပါမည်။

ထိုသို့ ကိုယ်၊နှုတ်၊စိတ် အမူအရာ တစ်ခုခုမျှ ကြည်ညိုချစ်ခင်ဖွယ်မရှိသောရန်သူဖြစ်ပါက-

"ဤသူသည် ယခုဘဝမှာသာလူဖြစ်ရ၏၊ နောင်ဘဝတွင် အပါယ်ဘုံ၌ နစ်မွန်းရမည့်သူ ကေန်ဖြစ်၏"

ဟု သနားကရုဏာသက်ဝင်၍ အမျက်ဒေါသကို ဖြေဖျောက်ရသည်၊ထိုသို့ ဖြေဖျောက်ပါလျက် အမျက်ဒေါသမပြေပျောက်ပါက-

"ရန်သူသည် ဒေါသဖြင့်မုန်းဖွယ်အမှုကို ပြုခဲ့၏၊ ထိုဒေါသကိုပယ်လော့၊ ထိုပုဂ္ဂိုလ်၌ စိတ်ဆိုးကာအဘယ့်ကြောင့်မိမိကိုယ်ကိုပင်ပန်းအောင် ပြုနေသနည်း"

စသည်ဖြင့် ဘုရားရှင်ဟောကြားထားသော ဒေါသဖြေဖျောက်နည်းဩဝါဒအမျိုးမျိုးထဲမှ တစ်မျိုးမျိုးကို ဆင်ခြင်၍ဖြစ်စေ-

"မိမိနှင့်ရန်သူတို့သည် ကံစီမံသည့်အတိုင်း ဖြစ်နေရသည်"

ဟူ၍ ကမ္မသကာချ၍ဖြစ်စေ-

"ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းသည် မြားဖြင့်ပစ်၍အသက်ကိုရန်မူသောမုဆိုးကို သည်းခံ၍ အစွယ်ကိုပင်ဖြတ်၍ လှူလိုက်ပေသေးသည်"

www.dhammaransi.com



"ဘုရားလောင်းမျောက်မင်းသည်လည်း မျက်စိလည်လမ်းမှား၍ ချောက်တွင်းကျနေသော နွားပျောက်ရှာသောယောက်ျားအသက်ကို ခက်ခဲစွာ ကယ်တင်ခဲ့၏၊ထိုယောက်ျားကဘုရားလောင်း၏ဦးခေါင်းကို ကျောက်ခဲဖြင့် ထုနှက်သတ်ဖြတ်သော်လည်း သည်းခံ၍ ထိုယောက်ျား၏အပြန်ခရီးအတွက် လမ်းမှန်ရောက်အောင် ပို့ဆောင်ပေးလိုက်သေး၏"

"ဘုရားလောင်း ဘူရိဒတ်နဂါးမင်းသည်လည်း အလမ္ဗာယ်ပုဏ္ဏားက အမျိုးမျိုးနှိပ်စက်ညှင်းပန်းသောအခါ နဂါးငွေ့လွှတ်၍ ပုဏ္ဏားကိုသေအောင်ပြုလုပ်နိုင်သော်လည်း သီလပျက်မည်စိုးသောကြောင့် သည်းခံ၍ ထိုအလမ္ဗာယ်ပုဏ္ဏား၏ အကျိုးစီးပွားအတွက် အလမ္ဗာယ်ပြသမှုကိုပင်ဆောင်ရွက်ပေးသေး၏"

ဟူ၍ ဇာတ်တော်လာသည်းခံပုံများကို ဆင်ခြင်၍ အမျက်ဒေါသဖြေဖျောက်ရသည်။

ထိုသို့ ဆင်ခြင်လျက် အမျက်ဒေါသမပြေပျောက်သေးပါက-

"မေတ္တာပွားခြင်းသည် ချမ်းသာစွာအိပ်စက်ရခြင်း၊ ချမ်းသာစွာနိုးထရခြင်း စသောမေတ္တာ၏အကျိုးအာနိသင်ကို ဆင်ခြင်လျက်၊ အမျက်ဒေါသကို ဖြေဖျောက်ရမည်"

ထိုသို့ ဆင်ခြင်ပါလျက် အမျက်ဒေါသမပြေပျောက်ခဲ့သော်-

www.dhammaransi.com



"ယခု ငါအမျက်ထွက်နေသည်မှာ ရန်သူ၏ဆံပင်ကို အမျက်ထွက်နေခြင်းလော၊ အမွေးသည်းခြေ၊ခြေသည်းလက်သည်းစသော အစိတ်အပိုင်းများကို အမျက်ထွက်နေခြင်းလော၊ပထဝီ-အာပေါ-တေဇော-ဝါယော ဟူသော သူ၏မဟာဘုတ်ကြီးကို အမျက်ထွက်နေခြင်းလော"

စသည်ဖြင့် ဆင်ခြင်၍ အမျက်ဒေါသကို ဖြေဖျောက်ရသည်။

ထိုသို့ ရန်သူကို ပုဂ္ဂိုလ်သတ္တဝါအဖြစ် မရှုမမြင်ဘဲ ဓာတ်သဘောခွဲခြမ်းစိတ်ဖြာ၍ ဆင်ခြင်နိုင်စွမ်းမရှိလျှင်-

"မိမိ၏ ပစ္စည်းဥစ္စာကို ရန်သူအားပေး၍ ရန်သူကပေးထားသောပစ္စည်းဥစ္စာကိုလည်း မိမိက လက်ခံရယူခြင်း၊ အကယ်၍ ရန်သူသည် အသက်မွေးမှုသီလ (အာဇီဝပါရိသုဒ္ဓိသီလ)ပျက်နေသူဖြစ်ပါက (ထိုရန်သူ၏ဥစ္စာသည် မသုံးစွဲထိုက်သောကြောင့်)မိမိ၏ပစ္စည်းဥစ္စာကိုသာ ပေးခြင်းဖြင့်လည်း ပစ္စည်းပေး-ပစ္စည်းယူပြုလုပ်ကာ အမျက်ဒေါသကို ဖြေဖျောက်နိုင်သည်။

ဤဖော်ပြပါ အမျက်ဒေါသ ဖြေဖျောက်နည်းတစ်မျိုးမျိုးဖြင့် ဖြေဖျောက်၍ ငြိမ်းအေးသွားပြီဆိုလျှင်-

"ချစ်ခင်သူ-အလွန်ခင်သောမိတ်ဆွေ၊အလယ်အလတ်ပုဂ္ဂိုလ်တို့အပေါ်၌ မေတ္တာစိတ်ဖြစ်ပေါ်သကဲ့သို့" ထိုရန်သူအပေါ်၌လည်း မေတ္တာသက်ဝင်ချစ်ခင်လာမည် ဖြစ်ပါသည်။

ထိုသို့ ရန်သူအပေါ်မေတ္တာသက်ဝင်လာပါက ဆက်

www.dhammaransi.com



လက်၍ မေတ္တာဘာဝနာကို အကြိမ်ကြိမ် အထပ်ထပ်ပွားများရမည်။

ဤသို့သောနည်းများဖြင့် ရန်သူအပေါ်၌ အဖန်ဖန် မေတ္တာပွားပြီးလျှင် မိမိချစ်ခင်သူ-အလယ်အလတ်ပုဂ္ဂိုလ်-ရန်သူ ဟူသောပုဂ္ဂိုလ်လေးဦးစလုံးအပေါ်၌ မေတ္တာစိတ်အညီအမျှဖြစ်စေလျက် တစ်သားတည်းဖြစ်အောင်အားထုတ်ရမည်။

ဤတွင် မိမိအလွန်ချစ်ခင်သူ-အလယ်အလတ်ပုဂ္ဂိုလ်-ရန်သူ ဤလေးဦးအတူတူရှိနေစဉ် လူဆိုးတို့ရောက်ရှိလာပြီး

"သင်တို့လေးဦးထဲမှ တစ်ဦးဦးကို ပေးပါ၊ထိုသူကို သတ်၍ လည်ချောင်းသွေးဖြင့် ယာဇ်နတ်ပူဇော်မည်"

ဟု အတင်းအကြပ်နိုင်ထက်စီးနင်း တောင်းလာလျှင် မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ၊ပေးလိုစိတ်ရှိနေသေးလျှင် ထိုပုဂ္ဂိုလ်လေးဦးအပေါ်၌ မေတ္တာစိတ်တသားတည်း မဖြစ်သေးဟု ဆိုရပါမည်။

အဘယ်ကြောင့်ဆိုသော် အပေးခံရသူ၏အကျိုးစီးပွားကို အလိုမရှိဘဲ လူဆိုးတို့၏အကျိုးစီးပွားကို အလိုရှိရာရောက်သောကြောင့် ဖြစ်ပါသည်။

အမှန်မှာ ဤပုဂ္ဂိုလ်လေးဦးထဲမှ မည်သူကိုမျှ မပေးလိုဘဲ ပုဂ္ဂိုလ်လေးဦးအပေါ်၌ အကျိုးစီးပွားကို လိုလားသောစိတ်အညီအမျှဖြစ်နေလျှင် မေတ္တာစိတ်တသားတည်း ဖြစ်နေသည်ဟု ဆိုရပါမည်။

www.dhammaransi.com



ထိုသို့ မေတ္တာစိတ်တသားတည်းထားနိုင်သော အဆင့်သို့ရောက်လျှင် ထိုမေတ္တာဘာဝနာပွားသူသည် လောကီစျာန်အနီးအပါး(ဥပစာရအဆင့်)သို့ ရောက်ရှိနေပြီး ဖြစ်သည်။

ဆက်လက်၍ ပွားများပါက ပထမစျာန်စသောတရားထူးများကို ရရှိမည်ဖြစ်သည်၊ထိုပထမစျာန်စသော တရားထူးများကိုရရှိသောပုဂ္ဂိုလ်သည်-

-အပိုင်းအခြား ကန့်သတ်မထားဘဲ ပို့လွှတ်သော မေတ္တာ (အနောဓိသဖရဏာမေတ္တာ)

-အပိုင်းအခြား ကန့်သတ်ပို့လွှတ်သောမေတ္တာ (ဩဓိသဖရဏာမေတ္တာ)

-အရပ်မျက်နှာအသီးသီးသို့ ဖြန့်၍ ပို့လွှတ်သော မေတ္တာ (ဒိသဖရဏာမေတ္တာ)

တို့ကို ပိုင်ပိုင်နိုင်နိုင် ပွားများနိုင်မည်ဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## ကန့်သတ်မဲ့မေတ္တာ( အနောဓိသဖရဏာမေတ္တာ )ပွားနည်း

အနောဓိသဖရဏာမေတ္တာ ဟူသည် မည်သူမည်ဝါ ယောကျ်ား-မိန်းမ စသည်ဖြင့် ကန့်သတ်ချက်မထားဘဲ အားလုံး ပျံ့နှံ့အောင် ပွားများရသောမေတ္တာ ဖြစ်သည်။

၁။ အဝေရာဟောန္တု -ဘေးရန်ကင်းကြပါစေ

www.dhammaransi.com



၂။ အဗျာပဇ္ဈာဟောန္တု -စိတ်ဆင်းရဲကင်းကြပါစေ
၃။ အနီဃာဟောန္တု -ကိုယ်ဆင်းရဲကင်းကြပါစေ
၄။ သုခီအတ္တာနံပရိဟရန္တု-ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ပါစေ မိမိကိုယ်ကို မိမိချမ်းသာစွာ မွေးမြူ နိုင်ပါစေ

ဤလေးချက်ဖြင့် အောက်ပါကန့်သတ်မဲ့ပုဂ္ဂိုလ်များ အပေါ် မေတ္တာပို့ရပါမည်။

၁။ သဗ္ဗေသတ္တာ------အားလုံးသောသတ္တဝါများ
၂။ သဗ္ဗေပါဏာ------အားလုံးသောအသက်ရှုသူများ
၃။ သဗ္ဗေဘူတာ------အားလုံးသောထင်ရှားဖြစ်သူများ
၄။ သဗ္ဗေပုဂ္ဂလာ------အားလုံးသောပုဂ္ဂိုလ်များ
၅။ သဗ္ဗေအတ္တဘာဝပရိယာပန္နာ------အားလုံးသောအတ္တဘော၌ အတွင်းဝင်သူများ

ဤပုဂ္ဂိုလ်(၅)ဦးတို့ကို အဝေရာဟောန္တုစသည်(၄)ချက် နှင့် မြှောက်ပွားပါက (၅×၄=၂၀)အနောဓိသဖရဏာ(၂၀)ရသည် (သတ္တဝါကို-သတ္တ-ပါဏ-ဘူတ-ပုဂ္ဂလ-အတ္တဘာဝပရိယာပန္န ဟူ၍ အသီးသီးခေါ်ဝေါ်သုံးစွဲထားသော်လည်း အဓိပ္ပာယ်မှာ အတူတူပင်ဖြစ်ပါသည်)

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com


## အကန့်အသတ်ရှိမေတ္တာ( ဩဒိသဖရဏာမေတ္တာ )ပွားနည်း

ဩဒိသဖရဏာမေတ္တာပွားနည်းဟူသည် မည်သူမည်ဝါ ယောကျ်ား-မိန်းမ-အရိယာ-ပုထုဇဉ် စသည်ဖြင့် တစ်ကန့်စီ တစ်ကန့်စီ ပိုင်းခြား၍ ပျံ့နှံ့အောင်ပွားများရသော မေတ္တာ ဖြစ်ပါသည်။

အဝေရာဟောန္တုစသော(၄)ချက်ကို အောက်ပါပုဂ္ဂိုလ်များ တစ်ဦးစီ၌ ပွားများရန်ဖြစ်ပါသည်။

၁။ သဗ္ဗာ ဣတ္ထိယော-------အားလုံးသောအမျိုးသမီးတွေ
၂။ သဗ္ဗေ ပုရိသာ ---------အားလုံးသောအမျိုးသားတွေ
၃။ သဗ္ဗေ အရိယာ ---------အားလုံးသောအရိယာတွေ
၄။ သဗ္ဗေ အနရိယာ---------အားလုံးသောပုထုဇဉ်တွေ
၅။ သဗ္ဗေ ဒေဝါ ----------အားလုံးသော နတ်ဗြဟ္မာတွေ
၆။ သဗ္ဗေ မနုဿာ ---------အားလုံးသောလူတွေ
၇။ သဗ္ဗေ ဝိနိပါတိကာ--------အားလုံးသောအပါယ်ဘုံသားတွေ

ဤပုဂ္ဂိုလ်(၇)ဦးကို အဝေရာဟောန္တုစသော(၄)ချက်နှင့် မြှောက်သွားပါက (၇×၄=၂၈)ဩဒိသဖရဏာမေတ္တာ -၂၈- ရပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com



## အရပ်မျက်နှာဖြန့်လျက်မေတ္တာ (ဒိသဖရဏာမေတ္တာ)ပွားနည်း

ဒိသဖရဏာမေတ္တာဟူသည် အရှေ့အနောက်စသော အရပ်မျက်နှာအသီးသီးသို့ ဖြန့်ကျက်၍ ပျံ့နှံ့အောင် ပွားများရသော မေတ္တာဖြစ်သည်။

ယင်းကိုလည်း အဝေရာဟောန္တုစသော(၄)ချက်ဖြင့် အောက်ပါအရပ်(၁၀)မျက်နှာကို ဖြန့်လျက် ပျံ့နှံ့ပွားများရပါမည်။

၁။ ပုရိတ္တိမာယဒိသာယ -အရှေ့အရပ်၌ရှိသော

(အနောဓိသပုဂ္ဂိုလ်-၅၊ဩဓိသပုဂ္ဂိုလ်-၇)

၂။ ဒက္ခိဏာယဒိသာယ -တောင်အရပ်၌ရှိသော

(အနောဓိသပုဂ္ဂိုလ်-၅၊ဩဓိသပုဂ္ဂိုလ်-၇)

၃။ ဥတ္တရာယဒိသာယ -မြောက်အရပ်၌ရှိသော

(အနောဓိသပုဂ္ဂိုလ်-၅၊ဩဓိသပုဂ္ဂိုလ်-၇)

၄။ ပစ္ဆိမာယဒိသာယ -အနောက်အရပ်၌ရှိသော

(အနောဓိသပုဂ္ဂိုလ်-၅၊ဩဓိသပုဂ္ဂိုလ်-၇)

၅။ ပုရတ္တိမာယ အနုဒိသာယ-အရှေ့တောင်ထောင့်အရပ်၌ရှိသော

(အနောဓိသပုဂ္ဂိုလ်-၅၊ဩဓိသပုဂ္ဂိုလ်-၇)

၆။ ဒက္ခိဏာယအနုဒိသာယ-အနောက်တောင်ထောင့်အရပ်၌ရှိသော

(အနောဓိသပုဂ္ဂိုလ်-၅၊ဩဓိသပုဂ္ဂိုလ်-၇)

www.dhammaransi.com

၇။ ဥတ္တရာယအနုဒိသာယ-အနောက်မြောင့်ထောင့်အရပ်၌ရှိသော

(အနောဓိသပုဂ္ဂိုလ်-၅၊ဩဓိသပုဂ္ဂိုလ်-၇)

၈။ပစ္ဆိမာယအနုဒိသာယ-အရှေ့မြောက်ထောင့်အရပ်၌ရှိသော

(အနောဓိသပုဂ္ဂိုလ်-၅၊ဩဓိသပုဂ္ဂိုလ်-၇)

၉။ ဟေဋ္ဌိမာယဒိသာယ-အောင်အရပ်၌ရှိသော

(အနောဓိသပုဂ္ဂိုလ်-၅၊ဩဓိသပုဂ္ဂိုလ်-၇)

၁၀။ ဥပရိမာယဒိသာယ-အထက်အရပ်၌ရှိသော

(အနောဓိသပုဂ္ဂိုလ်-၅၊ဩဓိသပုဂ္ဂိုလ်-၇)

အရှေ့အရပ်မှာပင် ပုဂ္ဂိုလ်(၁၂)ဦး(၁၂)ချက် မေတ္တာပွားသကဲ့သို့ ကျန်(၉)ရပ်ကိုလည်း (၁၂)ချက်စီ မေတ္တာပွားရသည်။

စျာန်မရသေးသောပုဂ္ဂိုလ်များသည်လည်း ဤမေတ္တာပွားနည်းအတိုင်း ပွားများနိုင်သည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## ၅၂၈–မေတ္တာဟူသည်

မေတ္တာဆိုသည်မှာ ကောင်းကျိုးလိုလားသောစိတ်ကို မွေးမြူပေးရေးဖြစ်သည်-

-ကောင်းကျိုးလိုလားသောစိတ်အထပ်ထပ်အခါခါ

မွေးမြူထားခြင်းကို ---မနောကံမေတ္တာ

www.dhammaransi.com



-ကောင်းကျိုးကိုရစေနိုင်သော နည်းပေးလမ်းပြဆုံးမ ကူညီသောစကားမျိုးကိုလည်း ပြောပေးရမည်၊ဤသို့ ပြောခြင်းကို---ဝစီကံမေတ္တာ

-ကိုယ်ကာယဖြင့်လည်း ကူညီသင့်သောအမှုကိစ္စများ ကို ကူညီဆောင်ရွက်ပေးရမည်၊ဤသို့ ဆောင်ရွက် ပေးခြင်းမျိုးကို----ကာယကံမေတ္တာ

မေတ္တာဓာတ်ရင့်သန်လေလေ၊ အကျိုးကျေးဇူးထိ ရောက်နိုင်လေလေဖြစ်သည်၊ မေတ္တာအတုအယောင်မျိုးဖြစ် သော ရာဂ ရင့်သန်လျှင်ကား အကျိုးကျေးဇူးဆုတ်ယုတ်နိုင် ပါသည်။

မနောကံမေတ္တာ၊ဝစီကံမေတ္တာ၊ ကာယကံမေတ္တာများ ကြီးထွားသည်ထက်ကြီးထွားလာစေရန် လေ့ကျင့်ပေးရပါမည်။

ဤသို့လေ့ကျင့်၍ ရင့်ကျက်လျှင် မေတ္တာသည်(၅၂၈) မေတ္တာအထိ ကြီးမားကျယ်ပြန့် စွမ်းအားကြီးနိုင်ပါသည်။

၅၂၈-မေတ္တာဟူသည်-

ဩဓိသမေတ္တာ-၅-မျိုး×မေတ္တာပို့ -၄-နှင့်မြှောက်= ၂၀

အနောဓိသမေတ္တာ ၇-မျိုး×မေတ္တာပို့ -၄-မျိုးနှင့်မြှောက် = ၂၈၊ စုစုပေါင်း (၄၈)ပါး

ယင်း(၄၈)မျိုးကို အရပ်(၁၀)မျက်နှာနှင့်မြှောက်ပါက (၄၈×၁၀=၄၈၀) ယင်း(၄၈၀)ကို မူလ(၄၈)ပါးနှင့်ပေါင်းပါက ၄၈၀+၄၈=၅၂၈ မေတ္တာရပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com



## မေတ္တာအစွမ်းထက်လိုပါလျှင်

မေတ္တာပို့ခံရမည့်သူကို ဓာတ်ပုံရိုက်သကဲ့သို့ ခြေဆုံး ခေါင်းဆုံး တစ်ကိုယ်လုံးထင်မြင်အောင် အာရုံယူလျက်(စိတ်ကိုညွတ်လျက်)ချမ်းသာပါစေ၊ဘေးရန်ကင်းပါစေ၊ ဟူသော မေတ္တာဘာဝနာစိတ်ကို ထိုသူထံသို့ရောက်အောင် ပို့လွှတ်ခြင်း ဖြန့်ကြက်ခြင်းကို မေတ္တာပို့သည်ဟု ဆိုခဲ့ပါသည်။

မိမိတို့သည် မေတ္တာအစွမ်းထက်မြက်လိုလျှင် ဤသို့ မေတ္တာဘာဝနာစီးဖြန်းရပါမည်။

၁။ ဦးစွာသီလခံယူပါ

၂။ တင်ပလ္လင်ခွေထိုင်ပါ၊ ခါးအလယ်ပိုင်းကိုယ်ကိုမတ်မတ်ထားပါ။လက်ဝါးနှစ်ဖက်ကို ပက်လက်ထား၍ ထပ်ပါ။လက်ဝထိပ်ချင်းထိထားပါ။ဦးခေါင်းကို မငိုက်စေဘဲ မေတ္တာဘာဝနာအာရုံသို့ ဦးတည်သောသတိဖြင့် ငြိမ်သက်စွာထိုင်ပါ

၃။ မေတ္တာပို့လိုသောပုဂ္ဂိုလ်သတ္တဝါကို မိမိမျက်စိထဲတွင် ထင်မြင်လာအောင် အာရုံယူလျက်(စိတ်ညွတ်လျက်) ထိုပုဂ္ဂိုလ်အား ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေ-ဘေးရန်ကင်းပါစေ စသည်ဖြင့် မေတ္တာဓာတ်ကို ထပ်တလဲလဲ ဇွဲသန်သန်ဖြင့် တစ်ကြိမ်လျှင်အနည်းဆုံး(၁၅) မိနစ်၊နာရီဝက်ခန့် ပို့သပွားများပါ။

www.dhammaransi.com



၄။ ပုဂ္ဂိုလ်တစ်ဦးဦးကို ပိုင်ပိုင်နိုင်နိုင်မေတ္တာများပို့နိုင်လျှင် လူအများစု၊တစ်ရွာလုံး၊တစ်နိုင်ငံလုံး၊တစ်ကမ္ဘာလုံး ခြုံပြီး အာရုံဖြန့်ကာ မေတ္တာဓာတ်ကို ပို့လွှတ်နိုင်အောင် လေ့ကျင့်ယူပါ။

အလေ့အကျင့်ရလာသောအခါ အရှေ့-အနောက်-တောင်-မြောက်-ထက်-အောက် စသည်ဖြင့် ပို့လွှတ်ရန် မခက်တော့ပါပြီ။

မေတ္တာပို့သခြင်းသည် ဒါနမှု၊ သီလမှုထက် အကျိုးကြီးသည်၊ သမထလုပ်ငန်းဖြစ်၍ သမာဓိအားကောင်းမှ မိမိဖြန့်ဖြူးပို့သသည့် မေတ္တာဓာတ်သည် အစွမ်းထက်မည် ထိခိုက်မည်ကို သတိပြုပါ။

လက်နှိပ်ဓာတ်မီးပမာ-ဓာတ်ခဲအား မီးသီးအားကောင်းသလောက် လင်းမည်၊မှန်ဘီလူးကဲ့သို့ အားကောင်းသလောက် ဆွဲယူနိုင်သည်ဟုမှတ်ပါ။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မေတ္တာပွားပို့စဉ်ထားရမည့်စိတ်ဓာတ်

"ရဟန်းတို့---သည်းခံခြင်း၊ မညှင်းဆဲခြင်း၊ မေတ္တာစိတ်ထားခြင်း၊ အစဉ်ဝမ်းမြောက်သောအားဖြင့် သူတစ်ပါးအကျိုးကို စောင့်ထိန်းသော် မိမိအကျိုးလည်း စောင့်ထိန်းပြီးမြောက်ရာရောက်၏"

(မဟာဝဂ္ဂသံယုတ်-သတိပဋ္ဌာနဝဂ် သေဒကသုတ်)

www.dhammaransi.com


"သူ့အကျိုးဆောင်၍ ကိုယ့်အကျိုးအောင်ရသော အလုပ်သည် ဗြဟ္မဝိဟာရလုပ်ငန်းဖြစ်သည်"ဟု ဘုရားရှင်က သေဒကသုတ်၌ ဟောထားပါသည်။

မိမိ၏ မေတ္တာပို့မှုကြောင့် (၃၁)ဘုံရှိ သတ္တဝါတို့ အအေးဓာတ်ကူးကာ ချမ်းသာသောသဘောသည် မေတ္တာဓာတ်ဖြစ်သည်၊မေတ္တာပွားခြင်းဖြင့် သတ္တဝါအများအတွက် အကောင်းဆုံးအကျိုးဆောင်ခြင်း၊ ဆုလာဘ်ကြီးများ ဝေငှပေးနေသော တန်ဖိုးကြီးလှသော ကုသိုလ်ကြီးဖြစ်ပါသည်။

ဤသို့ မေတ္တာပို့ရာ၌ ထိရောက်ပြီး ခရီးပေါက်စေရန် အထူးသဖြင့် ကုသိုလ်ဖြစ်ပါရမီ မေတ္တာပွားပို့ရာ၌ စိတ်ထားကိုသိထားနိုင်ရန် လိုအပ်ပါသည်။

၁။ မေတ္တာမပွားမီ မိမိရုပ်-နာမ် သန့်စင်သွားရန် သီလဆောက်တည်ပါ။ဂုဏ်တော်ဖြင့်ပွားကာ တစ်ကိုယ်လုံး မွှမ်းထုံထားပါ။

၂။ မေတ္တာအင်အားကိုလေ့လာထား၍ အကြွင်းမဲ့ ယုံကြည်မှုစိတ်ထားပါ။

၃။ အသက်ထင်ရှားကျေးဇူးများ၍ လေးစားသောဆရာ၊ မိဘ၊အရိယာ ပုဂ္ဂိုလ်များကို ဦးစွာမေတ္တာပွားပို့ပါ။

၄။ ပြီးလျှင် တိုင်ပြည်၊ မြို့ရွာအကြီးအကဲများ၊ နတ်များ နှင့်အရပ်ဆယ်မျက်နှာကို မေတ္တာပို့လွှတ်ပါ။

www.dhammaransi.com



၅။ မေတ္တာဓာတ်နာမ်လှိုင်းများ စေလွှတ်ရာတွင် စေလွှတ်သူထံ ရောက်ကြောင်းမိမိစိတ်ထဲက ယုံကြည်ထားပါ။

၆။ ငါသည် သတ္တဝါများကောင်းကျိုးအတွက် အမြတ်ဆုံးသောကုသိုလ်ကြီးကိုပြုလုပ်နေသည်ဟု ဝမ်းမြောက်စွာ မေတ္တာကို အဆက်မပြတ်ပို့လွှတ်ပါ၊မိမိခန္ဓာမှ ဖြာထွက်နေသော အအေးဓာတ်မေတ္တာလှိုင်းများအရပ်ဆယ်မျက်နှာသို့ ကွန့်မြူးပြေးလွှားနေသည်ဟု ဝမ်းမြောက်ပါ။

၇။ တောတောင် ရေမြေတို့သည် အစိုင်အခဲမဟုတ်ရသော်လည်း အစဉ်မပြတ်ဖြစ်ပျက်နေသော မဟာဘုတ်၊ရုပ်ကလာပ်မှုန့်များသာဖြစ်၍ မည်သည့်ရုပ်နာမ်ကမျှ မေတ္တာလှိုင်းကိုမဖျက်ဆီး၊မဟန့်တားနိုင်သည်ဟု ယုံကြည်ထားပါ။

၈။ တစ်စုံတစ်ရာဆောင်ရွက်ရန်များသောအခါ သွားမည့်နေရာ၊ သွားမည့်ကိစ္စနှင့်ပတ်သက်သောပုဂ္ဂိုလ်များကိုမြင်အောင်ကြည့်ပြီး ချမ်းသာပါစေ-ဟုမေတ္တာအအေးဓာတ်ကြိုလွှတ်ပါ။

၉။ သတ္တဝါတစ်ဦးဦးနှင့်တွေ့တိုင်း မိမိကအရင် မေတ္တာပို့မိအောင်ပို့ပါ၊ မိမိအကျိုးရမှု မိမိအားအနှောင့်အယှက်မပေးစေလိုမှုအကျင့်မရှိစေရ၊ထိုသူများ ချမ်းသာကောင်းစားစေလိုသော စိတ်ကိုသာမွေးထားရမည်။

www.dhammaransi.com



၁၀။ မေတ္တာခံယူမှုတည်ငြိမ်အေးချမ်းစွာ နေချိန်မျိုး၊ဥပမာ ညအိပ်ချိန်မျိုးမှာ ပို့လွှတ်ပါ။လိုအပ်လျှင် ထိုသူ၏ ပုံနိမိတ်ထင်ရန် ဓာတ်ပုံကိုအသုံးပြုနိုင်ပါသည်။

၁၁။ မေတ္တာခံယူသူကို မိမိအနီးအပါး၌ မျက်နှာချင်းဆိုင် လာနေသကဲ့သို့ စိတ်ညွှတ်ယူ၍ ထိုသူပုံသဏ္ဍာန်မြင် အောင်ကြည့်ပြီး အထပ်ထပ်ပွားပို့ပါ။

ဤကဲ့သို့ စိတ်ထားကိုသိပြီး ပွားပို့လျှင် မေတ္တာစွမ်း အားသည် အကျိုးထိရောက်ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## အကြည်ဓာတ်(၆)ပါးမေတ္တာပို့နည်း

အပို့ခံရသူ၏ပုံပန်းသဏ္ဍာန်ကို အထူးကြိုးစား၍ ပုံ ဖော်စိတ်ညွှတ်ရန်မလိုဘဲ ဒွါရခြောက်ပါး အကြည်ဓာတ်(၆) ပါးကနေပြီး ပို့လွှတ်လျှင်လည်း သတ္တဝါတစ်ဦး၏ ခန္ဓာကိုယ် တစ်ခုလုံးတွင် အချက်အချာပဓာနကျသော သုခုမအရုပ်ကြည် ဓာတ်(ရုပ်နု)များကို ဆုပ်ကိုင်ထားရသဖြင့် ပုံပန်းသဏ္ဍာန်သည် မပေါ်ဘဲမနေရတော့ဘဲ မေတ္တာဓာတ်လှိုင်းများ အပြည့်အဝ ဝင်ရောက်ထိခိုက်သွားနိုင်ပါသည်၊ဝိပဿနာလုပ်ငန်းနှင့်လည်း အဆက်အစပ်မိသွားပါသည်။

၁။ မိမိ၏မျက်စိအကြည်ဓာတ်၊ မျက်စိဝိညာဏ် ဘေးရန် ခပ်သိမ်းအေးငြိမ်းချမ်းသာသလို မည်သူမည်ဝါ၏

www.dhammaransi.com



မျက်စိအကြည်ဓာတ်၊မျက်စိဝိညာဏ် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာပါစေ။

၂။ မိမိ၏နားအကြည်ဓာတ်၊နားဝိညာဏ်---------

၃။ မိမိ၏နှာခေါင်းအကြည်ဓာတ်၊ နှာခေါင်းဝိညာဏ်--

၄။ မိမိ၏လျှာအကြည်ဓာတ်၊ လျှာဝိညာဏ်--------

၅။ မိမိ၏ကိုယ်အကြည်ဓာတ်၊ ကိုယ်ဝိညာဏ်------

၆။ မိမိ၏စိတ်အကြည်ဓာတ်၊ စိတ်ဝိညာဏ်---------

ဤသို့ပို့က အပို့ခံရသူ၏ပုံပန်းသဏ္ဌာန်သည် ထင်ရှားစွာပေါ်လာတတ်ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## တစ်ဘက်သားထိခိုက်အောင်စေ့ဆော်မေတ္တာပို့နည်း

မိမိ၏မေတ္တာစိတ်ကို မိမိမေတ္တာဖြန့်စရာသတ္တဝါနှင့် တွေ့ထိအောင်လုပ်မှုကို မေတ္တာဖြန့်သည် ဟုဆိုပါသည်၊ မေတ္တာပို့စရာသူကို မိမိအာရုံ၌ ထိထိခိုက်ခိုက် ထင်မြင်အောင် အာရုံယူလျက်-

-ဘေးရန်ကင်းပါစေ

-ချမ်းသာပါစေ

ဟူသော မေတ္တာဘာဝနာစိတ်ကို ထိုသူထံသို့ အကောင်းဆုံးလွှတ်ခြင်း-ဖြန့်ခြင်းကို မေတ္တာပို့သည်၊ မေတ္တာဓာတ်ရိုက်သည်ဟု ဆိုပါသည်။

www.dhammaransi.com


မေတ္တာဖြန့်ပို့ရာတွင်-

-ရည်ညွှန်းသော ဩဒိဿမေတ္တာ

-မရည်ညွှန်းသော အနောဒိဿမေတ္တာ

ဟူ၍ (၂)မျိုးရှိရာ-

အနောဒိဿမေတ္တာထက် ဩဒိဿမေတ္တာကစူးရှသည် ဩဒိဿမေတ္တာတွင်လည်း မြင်ဖူးသူ-မမြင်ဖူးသူ ဟူ၍ နှစ်မျိုး ရှိရာ-

-မမြင်ဖူးသူထက် မြင်ဖူးသူကစူးရှသည်

-အမြင်နည်းသူထက် အမြင်များသူက စူးရှသည်

-အကျွမ်းမဝင်သူထက် အကျွမ်းဝင်သူက စူးရှသည်

-အကျွမ်းဝင်မှုတွင်လည်း နေ့အခါထက် ညအခါ စူးရှသည်

-ညအခါတွင်လည်း မေတ္တာပို့ခံရသူတွင် လှုပ်ရှားနေသူထက် ငြိမ်သက်နေသူက စူးရှသည်

-ငြိမ်နေသူတွင်လည်း အမှတ်တမဲ့ဖြန့်ခြင်းထက် ချိန်၍ဖြန့်ခြင်းက စူးရှသည်

အင်္ဂုတ္တိုရ်ပါဠိတော်၌ ပေ့ပေ့ရှုပ်ရှုပ်စိတ်ယုတ်မာတို့မှ ကင်းလွတ်သော-

-မေတ္တာနှင့်ယှဉ်သောစိတ်ကို အစဉ်ထုံသူ

-ရိုရိုသေသေထုံသူ

-တကယ်ချစ်စိတ်ကိုဆောင်၍ထုံသူ

www.dhammaransi.com


-လေ့လာမှီဝဲသူ၊ မေတ္တာရုပ်၊ မေတ္တာစိတ်၊ မေတ္တာကလာပ်တို့ကို တစ်နာရီထက်တစ်နာရီ၊တစ်နေ့ထက်တစ်နေ့၊တစ်ရက်ထက်တစ်ရက်၊ တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် တိုးပွားအောင် အားထုတ်နိုင်မှ ထိုမေတ္တာစိတ်များကို ထပ်တလဲလဲဖွံ့သန်သန်နှင့် အားထုတ်နိုင်မှ အလွန်ကောင်းသောရထား၌ အလွန်ကောင်းသောမြင်းအာဇာနည်ကိုတပ်လျက် အလွန်ကောင်းသောလမ်းတွင် အလွန်အမောင်းကောင်းသူသည် အသွားအပြန်နိုင်နှင်းနေသကဲ့သို့ ထိုမေတ္တာစိတ်ကို မေတ္တာခံသူအပြန်ပြန်အလှန်လှန်စေလွှတ်ပို့သမောင်းနှင်ဖြန့်ဖြူးနေပါက မေတ္တာအကျိုး(၁၁)ပါး ခံစားရသည် -ဟု ဆိုပါသည်။

တစ်ဘက်သားထိလောက်အောင် ထိခိုက်သော မေတ္တာပို့လိုလျှင်-

-မုဆိုး၏လုံ၏ခွေသွားရသော နွားမ၏နွားငယ်အပေါ်၌ထားသောမေတ္တာမျိုး

-သွေးစစ်က နို့ရည်ဖြစ်သွားရသော မိခင်မေတ္တာမျိုး

-အဝေးရောက်နေသောမိခင်၏နို့ရည်များ ထိန်းသိမ်းမရ၊ စီးကျနေရသောကလေး၏မေတ္တာမျိုး

-အမိမဒ္ဒီဒေဝီ တူးရှင်းတောင် လွတ်ကျခြင်း၊မျက်ခုံးလှုပ်ခြင်း တို့ကိုဖြစ်စေသော ဇာလီ-ကဏှာစိန်တို့၏ မေတ္တာမျိုး

-ဤသူ၏မျက်နှာ ဤနေ့မြင်ရတယ်ကွယ် -ဟု ဆိုရသော အများသုံးမေတ္တာမျိုး
-သားသမင်များကို လူချင်းကဲ့သို့ ခင်မင်ခိုင်းစေရလောက်သော သုဝဏ္ဏသာမ၏မေတ္တာမျိုး

ဤကဲ့သို့ မေတ္တာမျိုးမှသာလျှင် လိုရာပြီးမြောက်ခရီးပေါက်မေတ္တာ ထိရောက်မေတ္တာဖြစ်နိုင်ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## သေကျွတောင်ဆရာတော်၏မေတ္တာစျာန်ထူထောင်နည်း

မေတ္တာဗြဟ္မဝိဟာရကို ပွားများအားထုတ်လိုသော ပုဂ္ဂိုလ်သည်-

(၁) ကုသိုလ်ရရုံပွားများနည်း
(၂) စျာန်အပွနာရအောင် ပွားများနည်း

ဟူ၍ (၂)မျိုးရှိသည်။

### (၁) ကုသိုလ်ရရုံပွားများနည်း

တစ်မြို့လုံး-တစ်ရွာလုံး-တစ်အိမ်လုံး စသည်ဖြင့် သတ္တဝါများကို တစ်လုံးတည်းအာရုံပြု၍-

“ဤသတ္တဝါတွေ ချမ်းသာပါစေ၊ သတ္တဝါခပ်သိမ်းအကုန်လုံး ချမ်းသာပါစေ ကိုယ်ရောစိတ်ရော ချမ်းသာပါစေ” ဟု ချမ်းသာစေလိုသောစိတ်ဆန္ဒဖြင့် အဖန်ဖန်ဖြစ်ရသည်၊ ပွားများရသည်။

www.dhammaransi.com



မေတ္တာသုတ်လာ အလွန်သားချစ်သောမိခင်သည် အချိန်လွန်ကာနီးမှ ရရှိလာသော တစ်ယောက်တည်းသော သားငယ်ကို အလွန်သနားစောင့်ရှောက်ဘိသကဲ့သို့ အဟုတ်ကိုချစ်ခင်မှာ အဟုတ်ကို ချမ်းသာစေလိုသော စိတ်ဆန္ဒဖြင့်မှ မေတ္တာစစ်ဖြစ်သည်။

စိတ်ကမပါဘဲ ပါးစပ်ကချမ်းသာပါစေဟု ဆိုရုံမျှဖြင့် မေတ္တာမဟုတ်၊ အဝေရာဟောန္တုဆိုနေမှုသည် စာအံနေရုံမျှသာဖြစ်သည်၊စိတ်ထဲက အဟုတ်ချမ်းသာစေလိုသော စိတ်ဆန္ဒဖြစ်စေမှ စစ်မှန်သောမေတ္တာပွားမှုဖြစ်သည်၊ဤသည်မှာ ကုသိုလ်ရရုံ ပွားများနည်းမည်ပါသည်။

## (၂) အပ္ပနာစျာန်ရအောင်ပွားနည်း

အပ္ပနစျာန်ရအောင် မေတ္တာပို့နည်း-ပွားနည်းမှာကား ဤသို့ ပွားရာ၏။

မေတ္တာပွားလိုသောပုဂ္ဂိုလ်သည်-

“ငါသည်လည်း ဆင်းရဲကိုမုန်း၏၊ ချမ်းသာကိုနှစ်သက်၏၊ ချမ်းသာချင်၏၊ခပ်သိမ်းသောသတ္တဝါတို့သည်လည်း ငါ့လိုဘဲ ဆင်းရဲကိုမုန်း၏၊ချမ်းသာကိုနှစ်သက်ကြ၏၊ ချမ်းသာချင်ကြ၏၊ငါလည်း ချမ်းသာရလို၏၊ သတ္တဝါခပ်သိမ်းလည်း ချမ်းသာကြပါစေ”

ဟု ခပ်သိမ်းသောသတ္တဝါတို့၌ ချမ်းသာစေလိုသော စိတ်ဆန္ဒကို ညွတ်စေရမည်။

www.dhammaransi.com



ဤယနေ့မှစ၍ ရှေးလွန်ခဲ့ပြီးသော ၂-နှစ်၊ ၃-နှစ်လောက်ကျအောင်သော်လည်းကောင်း၊ ၅-နှစ်၊၁၀-နှစ်ကျအောင်သော်လည်းကောင်း၊ ဤအတွင်း၌ မိမိသွားဖူးသမျှ ရောက်ဖူးသမျှ၊ နေဖူးသမျှအရပ်တို့၌ ကိုယ်နှင့်တွေ့ဖူး၊ မြင်ဖူး စကားပြောဖူး၊အတူနေဖူး၊ အချင်းချင်း ကျေးဇူးပြုဖူးသမျှသော သူတို့ကို အကုန်ပြန်စဉ်းစားအမှတ်ရ၍-

ဤယနေ့ တွေ့ဖူးခဲ့သူမှစ၍ နောက်ပြန်အစဉ်အတိုင်း

"ဤသူသည် ငါ့လိုဘဲ အသက်နှင့်အကောင်ဘဲချမ်းသာချင်ရှာသော်၊ ချမ်းသာပါစေ၊ ဘာတစ်စုံတစ်ခု ရောဂါဝေဒနာ ဘေးရန်အန္တရာယ်မရှိပါစေနှင့် ချမ်းသာပါစေ၊ ကိုယ်ရော စိတ်ပါ ချမ်းသာပါစေ"

ဟု ကိုယ်တွေ့ဖူးသမျှသောသတ္တဝါတွေကို တစ်ယောက်ချင်း တစ်ယောက်ချင်း နောက်ပြန်အစဉ်အတိုင်း မေတ္တာပို့၍ သွားရပါသည်။

နောက်ပြန်အစဉ်အတိုင်း မေတ္တာပို့သွား၍ အရင်(၁၀) နှစ်လောက်က တွေ့ခဲ့ဖူးသော အစွန်းပုဂ္ဂိုလ်သို့ကျလျှင် ထိုမှ တစ်ဖန်လှည့်၍ ယခု တွေ့ခဲ့ဖူးသူကျအောင် အနုလုံအစဉ်အတိုင်း တစ်ယောက်နှင့်တစ်ယောက်ချင်း ပို့၍လာရပါသည်။

ကာယာဂတာသတိပွားများရာ၌ ကောဋ္ဌာသတွေကို အနုလုံ-ပဋိလုံ အခေါက်ခေါက် အပြန်ပြန်ကြည့်ရှုဘိသကဲ့သို့ ဤကဲ့သို့ မိမိတွေ့ဖူးသမျှတွေကို နောက်ပြန်-ရှေ့ပြန် ပဋိလုံ

အနုလုံအားဖြင့် တစ်ယောက်ချင်း အခေါက်ခေါက်အပြန်ပြန် မေတ္တာပို့၍ပို့၍သွားသည်ရှိသော် ဤသူများထဲ၌ တဏှာပေမမဟုတ်ဘဲ၊ ကုသိုလ်မေတ္တာသက်သက်ဖြင့် ချစ်ခင်နိုင်သော အချစ်ခင်ဆုံး မေတ္တာစိတ်ကြွပ်ကြွပ်အသက်ဝင်ဆုံး ပုဂ္ဂိုလ် တစ်ယောက်တွေ့ပါမည်၊ ထိုသို့ တွေ့သောအခါ တစ်ပါးသော ပုဂ္ဂိုလ်ကိုမပို့ဘဲ အချစ်ခင်ဆုံးမေတ္တာစိတ်အသက်ဝင်ဆုံး ပုဂ္ဂိုလ် တစ်ယောက်ကိုသာ စိတ်နှင့်ဉာဏ်စွမ်းစေ့စေ့စပ်စပ်ကြည့်၍-

"ဤသူသည် ငါ့အား သနားချစ်ခင်ရှာသည်၊ဤမည်သော ကျေးဇူးဥပကာရပြုဖူးသည်၊စောင်မသည်၊ဤသူသည် ငါလိုဘဲ အသက်နှင့်အကောင်ဘဲ သတ္တဝါဘဲ ဆင်းရဲကိုမုန်းရှာသည်၊ချမ်းသာကို နှစ်သက်လိုချင်သည်၊ချမ်းသာချင်သည်၊ ချမ်းသာပါစေ၊ရောဂါတစ်စုံတစ်ရာ မရှိပါစေနှင့်၊စိတ်ရော ကိုယ်ပါ အေးအေးမြမြ ချမ်းသာပါစေ"

ဟု ထိုပုဂ္ဂိုလ်ကို ခြေဖျားမှ ဦးခေါင်း၊ ဦးခေါင်းမှခြေဖျားကျအောင် အတွင်းရော-အပြင်ပါ တစ်ကိုယ်လုံးအနှံ့ မေတ္တာစိတ်ဖြင့် ပျံ့နှံ့ပို့သရာ၏။

နှလုံးဘူးလိုဏ်အတွင်းရှိ စိတ်ကလေးကိုလဲ မေတ္တာစိတ်နှင့်ဝင်၍-

"ဤသူ၏စိတ်ကလေးသည် ပူလောင်ခြင်း၊ ဆင်းရဲခြင်း မရှိ၊ ချမ်းသာပါစေ"

ဟု ပျံ့နှံ့ပို့သရာ၏၊ ဤကဲ့သို့ အဖန်ဖန် မေတ္တာစိတ်ဖြင့် ပျံ့နှံ့

www.dhammaransi.com



ပို့သရပါသည်။

ဤကဲ့သို့ ပို့သနေလျှင် ကြာသောအခါ ထိုပုဂ္ဂိုလ်ကို မျက်စိဖြင့် မြင်သကဲ့သို့ ထင်မြင်၍ အနီး၌ကပ်ရောက်နေဘိသကဲ့သို့ ထင်မြင်လာသည်၊ချစ်ခြင်းမေတ္တာစိတ်လည်း အလွန်အားကြီးစွာဖြစ်၍ ထိုစိတ်၌သာ တွယ်၍နေပါတော့သည်၊ များစွာမပြေးလွင့်တော့ပြီ။

ထိုအခါ ဥဂ္ဂဟနိမိတ်ရပြီး ဖြစ်သည်။ဥဂ္ဂဟာဖြစ်အောင် ထင်မြင်ရသော ထိုပုဂ္ဂိုလ်ကို ဤကဲ့သို့ အဖန်ဖန်မေတ္တာစိတ်ပျံ့နှံ့ပို့သသည်ရှိသော် ကြာသောအခါ စိတ်သည် ထိုပုဂ္ဂိုလ်၌ တွယ်၍ အလွန်ငြိမ်သက်တည်ကြည်၍ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပထမဈာန်ဇောအပ္ပနာဝီထိကျလာသည်၊ ပထမဈာန်ကိုရတော့သည်။

ဤသို့ ပထမဈာန်ရပြီးစ ပုဂ္ဂိုလ်ကိုပင်လျှင် အာရုံပြု၍ မေတ္တာစိတ်ပျံ့နှံ့ပို့သ၍ အထက် ဒုတိယဈာန်၊တတိယဈာန် စတုတ္ထဈာန်ကျအောင် တက်အပ် ဖြစ်စေရာ၏။

ဤသို့ တစ်ဦးသောပုဂ္ဂိုလ်ကို မေတ္တာစိတ်ပျံ့နှံ့ပို့သအာရုံပြု၍ စတုတ္ထဈာန်ကျအောင်ရပြီး၍ ဝသီဘောနိုင်ပြီးသောအခါ မိမိတွေ့ဖူး၍ ပထမက မေတ္တာပို့၍ မှန်ထားသော ပုဂ္ဂိုလ်များကိုလည်း တစ်ယောက်နှင့်တစ်ယောက်ချင်းစေ့အောင် ဤနည်းတူ မေတ္တာစိတ်ပျံ့နှံ့ပို့သ၍ အာရုံပြုကာ စတုတ္ထဈာန်ကျအောင် ဖြစ်စေရပါမည်။

www.dhammaransi.com



ထို့နောက် မိမိမတွေ့ဖူးသော်လည်း ကြားဖူးသမျှသော အရပ်ဆယ်မျက်နှာရှိ အလုံးစုံသောသတ္တဝါများကို တစ်ယောက်ချင်းသော်လည်းကောင်း၊ အပေါင်းများစွာကို တစ်လုံးတည်းအာရုံပြု၍ ယူရသော်လည်းကောင်း၊ မေတ္တာစိတ်ပျံ့နှံ့ပို့သ၍ အာရုံပြုကာစတုတ္ထစျာန်ကျအောင် ဖြစ်စေအပ်၏။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မျက်မုန်းကျိုးစရာရန်သူရှိလျှင်

မေတ္တာပို့ရာ၌ ထိုပုဂ္ဂိုလ်ထဲတွင် မိမိမုန်းသောရန်ငြိုးဘက်ရန်သူတွေ့ရှိ၍ ထိုရန်သူ၌ အကယ်၍ မေတ္တာစျာန်မဝင်စားနိုင်ဘဲမုန်းမြဲဖြစ်ပြီး ဒေါသဝင်နေလျှင် အနမတဂ္ဂသုတ်လာ-

"မောင်မင်း----ထိုရန်သူသည် မောင်မင်း၏ရန်သူမဟုတ်၊ ရှေးရှေးဘဝကတို့က အမိ၊အဖ စသည်ဖြစ်၍ မောင်မင်းအား ကျေးဇူးပြုခဲ့ဖူးလှပြီ။ဤစိတ်ထဲ၌ ဖြစ်ပေါ်လာသော ဒေါသသည်သာလျှင် မောင်မင်း၏ရန်သူဖြစ်သည်၊ထိုပုဂ္ဂိုလ်သည် မောင်မင်းကို စျာန်မှလျှောအောင်လည်းမလုပ်၊ငရဲသို့ကျအောင်လည်းမချ၊ မောင်မင်း၏ရန်သူမဟုတ်။

ဤဒေါသသည်သာလျှင် မောင်မင်းကို စျာန်မှလျှောကျအောင်၊ ညွှင်းဆဲသောငရဲသို့ကျအောင်ချသော ရန်သူကြီးဖြစ်သည်၊ မောင်မင်းသည် ရန်သူမဟုတ်သောသူကို မမုန်းနှင့်၊ အပြစ်မမြင်နှင့်၊ ရန်သူဖြစ်သောဒေါသကိုသာ မုန်းလော့-

www.dhammaransi.com



အပြစ်မြင်လော့-ပယ်ဖြတ်သတ်လော့" ဟုမိမိကိုယ်ကို ဆုံးမ၍ သဂါထာဝဂ်သံယုတ်လာ-

"အို-ပုဏ္ဏား အမျက်ဒေါသကို ဖြတ်တောက်ရသည် ရှိသော် ချမ်းသာစွာအိပ်ရ၏၊ အမျက်ဒေါသကို ဖြတ်တောက် ရသည်ရှိသော် စိုးရိမ်ခြင်းဘာမျှမရှိရ၊ အေးချမ်းစွာနေရ၏၊ အပေါ်ယံ၌သာ ချိုမြသယောင်ရှိပြီး အရင်း၌ခါးစပ်သော အရသာရှိသကဲ့သို့ အမျက်ဒေါသဟူသော တစ်ခုတည်းသော တရားကို သတ်ဖြတ်ခြင်းကို ဘုရားအစရှိသော အရိယာသူ တော်ကောင်းတို့သည် နှစ်သက်ချီးမွမ်းကြပါ၏၊အဘယ် ကြောင့်နည်း အံမျက်ဒေါသကို သတ်ဖြတ်ရသည်ရှိသော် မစိုး ရိမ်ရပြီ၊ ဤဘုရားရှင် ဟောကြားခဲ့သောတရားတော်ကို ဆင် ခြင်အောက်မေ့၍ မိမိရန်သူအစစ်ဖြစ်သော အမျက်ဒေါသကို သတ်ဖြတ်ငြိမ်းအေးစေ၍ ထိုပုဂ္ဂိုလ်အတိတ်ဘဝက မိမိ၏ အမိ-အဖ ဖြစ်ခဲ့ဖူးသည်အဖြစ်ကို အောက်မေ့ဆင်၍မေတ္တာ ချာန်ဇောကျအောင် ပွားများရသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## တောင်တန်းဆရာတော်ဦးဥတ္တမသာရ၏ရေမေတ္တာ

မေတ္တာတရားကိုလက်ကိုင်ထား၍ အထုံရနေပြီးသော ပုဂ္ဂိုလ်သည် လောကကြီးတစ်ခုလုံးကို မေတ္တာဖြင့် စိုးအုပ်နေနိုင် သည်၊ဘဝဘဲဖြစ်ဖြစ် တွေ့ကြုံလာသော လောကဓံဟူသမျှကို

www.dhammaransi.com



မေတ္တာစိတ်ဖြင့် ကျော်လွှားသွားလိမ့်မည်။ပြဿနာဟူသမျှ မေတ္တာစိတ်ဖြင့် ပြေငြိမ်းသွားစေမည်။

ရန်သူကိုပင် ကြည်လင်အေးမြသော မေတ္တာစိတ်ဖြင့် မိတ်ဆွေကောင်းအဖြစ်ရောက်စေနိုင်ပါသည်။

ဤတွင် နည်းပေးမည်၊ ဥပမာအကြောင်းကြောင့်ဖြစ်စေ၊တစ်စုံတစ်ယောက်သူက ရန်မူလာလျှင် ရန်မူလာသော ထိုသူကို စိတ်အာရုံညွှတ်၍-

"သူ့ခမျာ ငါ့ကိုရန်မူနေသည့်အတွက် စိတ်နှလုံးပူလောင်နေရှာမှာဘဲ" စသည်ဖြင့် ကရုဏာစိတ်ကို ဦးစွာဖြစ်စေပါ၊သနားထိုက်သော၊သနားစရာကောင်းသောသတ္တဝါအဖြစ်ထား၍ ကရုဏာစိတ်ဝင်ပြီးလျှင် နောက်မှဟဆက်တည်း တကယ်ချမ်းသာကောင်းစားစေလိုသောစေတနာဖြင့် လှိုက်လှိုက်လှဲလှဲမေတ္တာပို့လွှတ်ပေးရမည်၊အမြဲမပြတ်မလုပ်နိုင်သော်လည်း မေတ္တာပို့နေသောအခိုက်တွင် လှိုက်လှဲသော စေတနာထက်သန်မှုရှိစေရမည်၊ ထက်သန်မှုရှိမှ ထိရောက်သည်၊တန်ခိုးထက်မြက်သည်။

အထူးသတိပြုရန်မှာ စိတ်ညွှတ်၍မေတ္တာပို့သော မိမိစိတ်ထဲသို့ ဒေါသဝင်မလာစေရပါ၊ တစ်ဘက်သားပျက်စီးစေလိုခြင်း၊ ဒုက္ခရောက်သွားစေလိုခြင်း စသော ဒေါသစိတ် (အာဃာတ၊ရန်ငြိုးစိတ်၊ဒေါမနဿ၊မကျေမချမ်းနာကြည်းစိတ်) ဝင်တတ်သည်၊ဝင်လာလျှင် လွှတ်အောင်ဖယ်ထုတ်ပါ၊ ယင်း

www.dhammaransi.com



ဒေါသစိတ်ကိုကင်းအောင် ဖယ်ထုတ်ပစ်နိုင်လျှင် ရန်သူအပေါ်မိမိက အောင်နိုင်ပြီး ဟုမှတ်ပါ။

အကယ်၍ ရန်သူကိုစိတ်အာရုံညွတ်၍ မေတ္တာပို့ရုံ သက်သက်ဖြင့် အမြန်ပြေအေးသွားမည်မထင်လျှင် ဖန်ခွက်တစ်ခုကို ဆေးကြောပြီး ရေအေးသန့်သန့်ထည့်ပြီး အမှိုက်သရိုက်မကျအောင် အဖုံးဖုံး၍ ဘုရားစင်မှာတင်ထားပါ၊ရန်မူသူကို ကိုယ်စားရည်မှတ်၍ ကျောက်ခဲလေးကိုဖြစ်စေ၊တုတ်ချောင်းလေးကိုဖြစ်စေ၊ထိုရေဖန်ခွက်ထဲချပြီး စိမ်ထားပါ၊သူ့ကို အေးချမ်းသွားစေရန် မေတ္တာရေစိမ်ထားလိုက်ပြီး ဟု စိတ်ရှင်းစွာထား၍ မေတ္တာပို့လွှတ်ပေးနေပါ။

ထိုရန်သူကောင်းစားချမ်းသာစေလိုသော မေတ္တာစိတ်ပို့လွှတ်နေလျှင် ခုနစ်ရက်အတွင်း မူပြောင်းလာလိမ့်မည်။

ထူးခြားသည်မှာသူ့မှာ ဒေါသမရှိလျှင်၊ ဒေါသနည်းလျှင် ချစ်ခင်လာပါလိမ့်မည်၊ကိုယ့်ကို သနားစိတ်ဝင်လာလိမ့်မည်၊ သူပြောမှားဆိုမှားရှိသမျှ ဝန်ချတောင်းပန်လာလိမ့်မည်၊ အကယ်၍ လူကိုယ်တိုင်လာရောက်မတောင်းပန်စေကာမူ ဆက်လက်၍ရန်မမူတော့ချေ၊ မီးကို ရေနှင့်ဖျန်းလိုက်သလို ငြိမ်းသွားမည်။

သို့သော် သူ့မှာမကျေနပ်၊ မအေးနိုင်လောက်အောင် ဒေါသရှိနေသေးလျှင်ကား ကိုယ်အနားမှနေလို့မရ၊ဝေးရာသို့ တစ်နည်းနည်းဖြင့် ဖယ်ခွာသွားလိမ့်မည်။

www.dhammaransi.com



ထိုမှတစ်ပါး အခြားမည်သည့်ကိစ္စမဆို တွေ့ကြုံရသောနှောင့်ယှက်သူကိုဖြစ်စေ၊နေ့ထိုင်စားသောက်ရေးကိစ္စ၌ တွေ့ကြုံရသူကိုဖြစ်စေ၊တွေ့ကြုံရလေသမျှ အထက်ပါနည်းအတိုင်းသာ လိုက်နာလုပ်ဆောင်ပါ၊မေတ္တာစိတ်ဓာတ်ခိုင်မြဲသော အဆောင်တန်ခိုးဖြင့် ကြည်လင်အေးမြခြင်းကို ဖြစ်စေရပါမည်၊အောင်နိုင်ရပါမည် ဟူ၍ ညွှန်ကြားအပ်ပါသည်။

အိမ်မှ စိတ်ကောက်ပြီးတွက်သွားသူကိုလည်း ဤနည်းအတိုင်း လုပ်ဆောင်ပါ၊ ပြန်ရောက်လာပါလိမ့်မည်။

သူတော်ကောင်းတို့မည်သည် မေတ္တာတရားကိုလက်ကိုင်ထားရသည်၊ အခြားနည်းကို လက်ကိုင်ထားလျှင် မှားရောမှတ်ပါ မေတ္တာလောက်ကောင်းတာ လောကမှာ ဘာမျှမရှိပါ။

ဤသည်မှာ တောင်တန်းဆရာတော်ကြီး ဦးဥတ္တမသာရ၏ လက်တွေ့မေတ္တာစွမ်းအားထိရောက်သော ပို့နည်းဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မေတ္တာပွားများအကျိုးကြီးမားပုံ

ဗြဟ္မဝိဟာရမေတ္တာပွားများရခြင်း၏အကျိုးသည်-

-တမလွန်အကျိုး

-ပစ္စုပ္ပန်အကျိုး

ဟူ၍ (၂)မျိုးရှိပါသည်။

www.dhammaransi.com



## တမလွန်အကျိုး

အကြင်သူသည် ထက်သန်သော သဒ္ဓါတရားရှိသည် ဖြစ်၍ နံနက်ခင်း၌လည်းကောင်း၊နေ့လည်ခင်း၌လည်းကောင်း၊ ညနေခင်း၌လည်းကောင်း မွန်မြတ်သောခဲဖွယ် ဘောဇဉ်တို့ဖြင့် ပြည့်သောဒယ်အိုးအလုံးတစ်ရာမျှရှိသောအလှူဒါနကို ပေးလှူရာ၏။

အကြင်သူတစ်ဦးသည်ကား နံနက်ခင်း၌လည်းကောင်း၊ နေ့လည်၌လည်းကောင်း၊ ညနေခင်း၌လည်းကောင်း၊ နွားနို့တစ်ကြိမ်ညှစ်မျှလောက် မေတ္တာဖြပွားစိုရ်တရားကိုပွားများရာ၏။

ထိုနွားနို့တစ်ညှစ်စာမျှသော မေတ္တာဖြပွားစိုရ်ပွားများမှုသည် မွန်မြတ်သောခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြည့်သော ဒယ်အိုးတစ်ရာလှူရသည်ထက် များသောအကျိုးရှိ၏။

ဟူ၍ ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်-သတ္တင်္ဂုတ္တရပါဠိတော် အဗျာကတဝဂ်၌ ဟောထားခဲ့ပါသည်။

အလှူများ လှူဒါန်းရာ၌ အဆင့်ဆင့် မြင့်မြတ်ပုံကို ဘုရားရှင်က နှိုင်းယှဉ်ဟောပြောထားခဲ့ပါသည်။

ဘုရားရှင်ကိုလှူရသည်ထက် သံဃာကိုလှူသည်က ပိုမြတ်သည်၊ထိုထက် သရဏဂုံကိုဆောက်တည်ရခြင်းသည် သာလွန်၍ အကျိုးကြီးမားမြင့်မြတ်သည်။

ထိုထက် ငါးပါးသီလကို စောင့်ထိန်းရခြင်းက သာလွန်၍ အကျိုးများသည်။

www.dhammaransi.com



ထိုထက် နို့သာတစ်ရှူ၊ နို့တစ်ညှစ်မျှမေတ္တာကိုပွားများရခြင်းက သာလွန်၍ အကျိုးကြီးမားသည်။

ဟူ၍ ဘုရားရှင်က မေတ္တာဗြဟ္မစိုရ်တရားပွားများမှုနှင့်ပတ်သက်၍ အကျိုးကြီးမားပုံကို ဟောကြားခဲ့ပါသည်။

မြတ်စွာဘုရားအလောင်းတော်သည် (၇)နှစ်မျှ ဗြဟ္မဝိဟာရမေတ္တာတရားကို ပွားများအားထုတ်ခဲ့ဖူးသောကြောင့်-

-မဟာဗြဟ္မာမင်းကြီးအဖြစ် (၇) ကြိမ်

-သိကြားမင်းအဖြစ် (၃၆)ကြိမ်

-စကြာဝတေးမင်းအဖြစ် အကြိမ်အရာမက ဖြစ်ခဲ့ဖူးပါသည်။

ယုတ်သောအမျိုး၌ပင်ဖြစ်စေကာမူ အဘယ်သူသည် မေတ္တာ၏အကျိုးအာနိသင်ကို ကြားနာရသည်ရှိသော မကြည်လင်ဘဲရှိပါအံ့နည်း။

သို့အတွက် အကျိုးစီးပွားကိုလိုလားသော၊ကြီးမြတ်သောအဖြစ်ကိုအလိုရှိသောသူသည် ဘုရားရှင်တို့ အဆုံးအမတော်ကို အောက်မေ့သည်ဖြစ်၍ မေတ္တာပွားခြင်းဟူသော သူတော်ကောင်းတရားကို အလေးအမြတ်ပြုအပ်၏။

အကြင်ရဟန်းသည် ဒါယကာတို့လှူအပ်သောဆွမ်း၊ သင်္ကန်း၊ကျောင်း၊ဆေး ဟူသောပစ္စည်းလေးပါးကို သုံးဆောင်ပြီး၍ အတိုင်းအရှည်မရှိသောသတ္တဝါလျှင် အာရုံရှိသော မေတ္တာဗြဟ္မဝိဟာရတရားကို ပွားများ၍နေသည်။

www.dhammaransi.com



ထိုဒါယကာအား ချမ်းသာခြင်း၏အကြောင်းဖြစ်သော

-ကောင်းသောအကျိုးကိုဖြစ်စေတတ်သော

-ချမ်းသာသောအကျိုးရှိသော

-နတ်ပြည်၌ဖြစ်စေတတ်သော အတိုင်းအရှည်မရှိသောကောင်းမှု၏အယဉ်သည် အလိုရှိအပ်-နှစ်သက်အပ်သောနှလုံးကို ပွားစေတတ်သော အစီးအပွားအလို့ငှာ ချမ်းသာအလို့ငှာဖြစ်ပေါ်၍လာပါသည်။

ဒါယကာ၏ကောင်းမှုကုသိုလ်အတိုင်းအရှည်ကို-

-မည်မျှလောက်ရှိလိမ့်မည်ဟူ၍လည်းကောင်း

-ဤမျှလောက်ရှိ၏ဟူ၍လည်းကောင်း

အပိုင်းအခြားကန့်သတ်၍ ဆုံးဖြတ်ပြောကြားခြင်းငှာမတတ်နိုင်ပါ။စင်စစ်သော်ကား မရေမတွက်နိုင်သော မနှိုင်းယှဉ်နိုင်သော ကောင်းမှုအစုပုံကြီးကိုရသည်။

ရေကိုဆောင်တတ်ကုန်သော မြစ်တို့သည် သမုဒ္ဒရာသို့ကပ်ရောက်ရသကဲ့သို့ ကုသိုလ်အယဉ်ဟူသမျှသည် အလှူရှင်ထံသို့သာ ဆိုက်ရောက်ရသည်။

ထိုအလှူရှင်၏ပစ္စည်းလေးပါးကို သုံးဆောင်ပြီးမေတ္တာဗြဟ္မဝိဟာရကိုပွားများနေပါက ထိုဒါယကာအလှူရှင်အဖို့ အတိုင်းမသိသောအကျိုးကိုရသည် ဟူ၍ ဘုရားရှင်ကပဥ္စင်္ဂုတ္တရပါဠိတော်မဟဒ္ဓရာဇဝဂ်၌ ဟောကြားထားခဲ့ပါသည်။

ရဟန်းတို့၏ကျင့်ဝတ်တရားတွင်-

www.dhammaransi.com



"မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်၊အသခ်ဟော
ကြူးနာဖူးထပ်မံ၊နတ်ထံတင်ရာ၊မေတ္တာလည်းပြု"

ဟူ၍ပါရှိရာ မေတ္တာဖြာပွားစိုးရိတရားပွားများနေရမည်မှာ ရဟန်းတို့၏တာဝန်ဖြစ်ပါသည်။

ရဟန်းတို့က မေတ္တာတရားပွားများသဖြင့် အလှူရှင် ဒါယကာတို့မှာ အကျိုးများစွာဖြစ်ရလေသည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## မေတ္တာပွားအကျိုး (၁၁) မျိုး

"အိပ်-နိုး-ချမ်း-သာ ကောင်းစွာမြင်မက်၊ ချစ်လျက်လူ
နတ်၊စောင့်လတ်နတ်များ၊ မီး-ဆိပ်-ဓား-တို့ရှောင်ရှား
ကိုယ်မှာ၊ လျှင်စွာစိတ်တည်၊ရွှင်ကြည်မျက်နှာ၊သေခါ
မတွေ၊ လားလေဗြဟ္မာ၊ဆယ့်တစ်ဖြာသည်၊မေတ္တာ
ပွားမှုအကျိုးတည်း"

(၁) ချမ်းသာစွာအိပ်ရခြင်း

မေတ္တာစိတ်ခေါင်းပါးကုန်သော ပုဂ္ဂိုလ်တို့သည် မှောက်ခုံဖြစ်စေ၊ ပက်လက်ဖြစ်စေ၊လူးလွန့်လျက် ကြောက်မက်ဖွယ်သော ဟောက်သံကို ပြုကာ အိပ်ရတတ်သည်။

မေတ္တာစိတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်အဖို့မှာကား သမာပတ်ဝင်စားသောပုဂ္ဂိုလ်တို့ကဲ့သို့ ချမ်းသာစွာအိပ်ရသည်။

www.dhammaransi.com



## (၂) ချမ်းသာစွာနိုးရခြင်း

မေတ္တာဓာတ်ခေါင်းပါးကုန်သော ပုဂ္ဂိုလ်တို့သည် တစ်နည်းနည်းညီးတွားမှု၊ တစန့်စန့်တလိမ်လိမ် တကောက်ကောက်ဖြစ်မှုတို့ဖြင့် အစာဝနေသော မြွေသည် တလိန့်လိန့်ဖြစ်နေသကဲ့သို့ ဆင်းရဲစွာနိုးရသည်။

မေတ္တာဓာတ်ကိန်းအောင်းနေသူအဖို့မှာမူ နေရောင်ခြည်သင့်သဖြင့် ပွင့်ကား၍လာသော ပဒုမ္မာကြာပန်းကဲ့သို့ ကိုယ်ကာယဖောက်ပြန်မှုမရှိဘဲ ချမ်းသာစွာနိုးရသည်။

## (၃)အိမ်မက်ဆိုးမမက်

မေတ္တာဓာတ်ခေါင်းပါးကုန်သော ပုဂ္ဂိုလ်တို့သည် အိမ်မက်-မက်၍ မိမိကိုယ်ကို ခိုးသားဓားပြများ ဝိုင်းဝန်းသကဲ့သို့လည်းကောင်း၊ ဆင်-ကျားစသော သရဲတိရစ္ဆာန်တို့ နှိပ်စက်ညှင်းပန်းခံရသကဲ့သို့လည်းကောင်း၊ကမ်းပါးစောက်ကျသကဲ့သို့လည်းကောင်း၊ အိမ်မက်ဆိုးများ မက်ရတတ်သည်။

မေတ္တာဓာတ်ကိန်းအောင်းသောပုဂ္ဂိုလ်တို့မှာမူ စေတီတော်ကို ကြည်ညိုမြတ်နိုးရသကဲ့သို့လည်းကောင်း၊ဖူးမြော်ရသကဲ့သို့လည်းကောင်း၊ တရားနာယူရသကဲ့သို့လည်းကောင်း ကောင်းသောအိမ်မက်များ မြင်မက်ရသည်။

www.dhammaransi.com


## (၄) လူချစ်ခံရခြင်း

ကျက်သရေမင်္ဂလာရှိသော ပုလ်သွယ်ကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ ပန်ဆင်အပ်သောပန်းကဲ့သို့လည်းကောင်း၊ မြင်ရသူ-ကြားရသူလူအပေါင်းတို့က ချစ်ခင်နှစ်သက်တတ်ကုန်သည်။

## (၅) နတ်တို့ချစ်ခံရခြင်း

လူတို့က ချစ်ခင်မြတ်နိုးသကဲ့သို့ မိမိပတ်ဝန်းကျင်ရှိ နတ်တို့ကလည်း ချစ်ခင်မြတ်နိုးသည်။

## (၆) နတ်တို့စောင့်ရှောက်ခြင်း

အမိ-အဘတို့သည် သားသမီးတို့ကို စောင့်ရှောက်သကဲ့သို့ မေတ္တာနှင့်ပြည့်စုံသောပုဂ္ဂိုလ်အား နတ်တို့က ချစ်မြတ်နိုးသည်။

## (၇) လက်နက်မထိရှခြင်း

မေတ္တာစေတနာနှင့်ပြည့်စုံသောပုဂ္ဂိုလ်အား မီး၊အဆိပ်၊ လက်နက်တို့ မထိရှနိုင်ပါ။

## (၈) လျင်စွာတည်ခြင်း

မေတ္တာနှင့်နေထိုင်သောပုဂ္ဂိုလ်သည် နှေးကွေးနှောင့်နှေးမှုဟူ၍မရှိ၊ လျင်မြန်စွာတည်ကြည်ရတတ်သည်။

www.dhammaransi.com


(၉) မျက်နှာကြည်လင်ခြင်း

အညှာမှကြွေကာနီး ထန်းသီးမှည့်ကဲ့သို့ မေတ္တာစိတ်ကိန်းနေသောပုဂ္ဂိုလ်၏ မျက်နှာသည်လည်း အထူးသဖြင့်ကြည်လင်ဝင်းပသောအဆင်းရှိသည်။

(၁၀) မတွေဝေဘဲသေရခြင်း

မေတ္တာစိတ်ရှိသောပုဂ္ဂိုလ် သေဆုံးသွားသောအခါ တွေဝေစွာမသေရဘဲအိပ်သောယောကျ်ား နိုးသော်လားကဲ့သို့ မတွေမဝေသေရသည်။

(၁၁) ဗြဟ္မာပြည်သို့လားရခြင်း

မေတ္တာစိတ်ကိုပွားများလျက်နှင့် မေတ္တာဖလသမာပတ်ထက် မြင့်သောအရဟတ္တဖိုလ်သို့ မရောက်နိုင်စေကာမူ ဤဘဝမှသေလွန်ပါလျှင် ဗြဟ္မာပြည်သို့ ရောက်ရတတ်သည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com

# အခန်း(၄)

## မေတ္တာစွမ်းအား–စံပြပုဂ္ဂိုလ်များ

### ရတ်တို့ချစ်အပ်–မေတ္တာဓာတ်–ပြစ်လတ်ရဟန္တာ

သာဝတ္ထိပြည်မှ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ် ဆိုက်တရားအားထုတ်နိုင်ရန် ကမ္မဋ္ဌာန်းတရားယူပြီး သာဝတ္ထိမှ ယူဇနာတစ်ရာဝေးသောအရပ်သို့ ကြွရောက်ကြသည်။

လူများစွာနေသော ရွာကြီးတစ်ရွာသို့ ရောက်ကြသည်။ ထိုရွာမှလူများသည် ရဟန်းတို့ကို တွေ့မြင်ကြသော် ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး ရဟန်းတို့ကိုပင့်ဖိတ်ကာ မွန်မြတ်သော ယာဂုဆွမ်းစသည်တို့ဖြင့် လုပ်ကျွေးပြုစုကြသည်။

ထို့နောက် ရွာသားတို့က-

"အရှင်ဘုရားတို့ အဘယ်အရပ်သို့ ကြွကုန်အံ့နည်း" ဟု မေးလျှောက်ကြသည်။

"ဒါယကာတို့-ငါတို့သည် ကမ္မဋ္ဌာန်းတရားအားထုတ်

www.dhammaransi.com


နိုင်ရန်အတွက် ချမ်းသာရာအရပ်သို့ ကြွကြပါမည်”

“ဒါဆိုလျှင် အရှင်ဘုရားတို့ ဝါတွင်းသုံးလကာလပတ်လုံးဤရွာ၌ နေထိုင်ကြပါကုန်လော့၊ တပည့်တော်တို့သည် အရှင်ဘုရားတို့ထံ၌ သရဏဂုံနှင့်ငါးပါးသီလတို့ကို စောင့်ထိန်းပါကုန်အံ့”

ရွာသားတို့က ထိုသို့ တောင်းပန်လျှောက်ထားသော အခါ ရဟန်းငါးရာတို့သည် ဆိတ်ဆိတ်နေ၍ သည်းခံကြလေသည်။

ရွာသားတို့သည် ရဟန်းတော်များလက်ခံသည်ကို သိကြသောအခါ-

“အရှင်ဘုရားတို့---ဤရွာနှင့်မနီးမဝေးတွင်ရှိသော တောအုပ်၌ သီတင်းသုံးနေထိုင်ကြပါဘုရား”

ဟု လျှောက်ထားကြသည်။

ရဟန်းတို့သည် ထိုတောအုပ်သို့ ဝင်ကြလေသည်၊ ထိုတောအုပ်၌ စောင့်ရှောက်အုပ်စိုးနေကြသော နတ်တို့သည်-

“သီလရှိသောအရှင်ကောင်တို့သည် ဤတောအုပ်သို့ အစဉ်ကြွရောက်တော်မူကြကုန်ပြီ၊ အရှင်မြတ်တို့ ဤအရပ်၌ နေကုန်သော် ငါတို့သည် သား-မယားတို့နှင့်အတူ သစ်ပင်ထက်၌ နေခြင်းငှာမသင့်ချေ။

ဤသို့ ကြံစည်မိကြပြီးလျှင် နတ်များသည် သားမယားတို့နှင့်အတူ သစ်ပင်ရင်း၌ ဆင်း၍နေကြလေသည်။

www.dhammaransi.com



နတ်တို့အထင်မှာ ဤအရှင်မြတ်တို့သည် ယနေ့တစ်ညဉ့်မျှသာနေ၍ နောက်နေ့နံနက် မချွတ်ကြွသွားကြလိမ့်မည်ဟု မှတ်ထင်ထားကြသည်။

ရဟန်းတို့သည် နံနက်မိုးသောက်သော် ရွာတွင်းသို့ ဆွမ်းခံဝင်ပြီး တစ်ဖန် ထိုတောအုပ်သို့ ပြန်ကြွလာကြပြန်သည်။

"ဤရဟန်းသံဃာအပေါင်းကား နက်ဖြန် ဆွမ်းဘုဉ်းပေးခြင်းအလို့ငှာ တစ်စုံတစ်ယောက်သောသူသည် ပင့်ဖိတ်အပ်သည် ဖြစ်လတ္တံ့၊ သို့အတွက် ဤအရပ်သို့ ပြန်လာကြသည် ဖြစ်လတ္တံ့"

ဟု ထင်မှတ်ကြပြန်သည်။

"ယနေ့ မသွားသေးသော်လည်း နောက်နေ့သွားလိမ့်မည်"

ဤသို့သောအထင်ဖြင့် နတ်များသည် မြေ၌လခွဲမျှနေထိုင်ကြသည်။

ထို့နောက် အရှင်ကောင်းတို့သည် ဤဝါတွင်းသုံးလကာလပတ်လုံး ဤအရပ်၌သာနေလိမ့်မည်ထင်သည်၊စင်စစ်ဤရဟန်းများ ဤအရပ်၌နေကြကုန်သည်ရှိသော် ငါတို့အားသစ်ပင်ပေါ်သို့တက်၍နေခြင်းငှာ မသင့်၊ သုံးလပတ်လုံး သားမယားတို့ကို မြေ၌ ထိုင်ခြင်း-ရပ်ခြင်းတို့သည်လည်း ဆင်းရဲခြင်းဖြစ်ကုန်ရာ၏၊ တစ်စုံတစ်ခုကိုပြု၍ ဤရဟန်းတို့ကို ဤနေရာမှ ထွက်ပြေးစေခြင်းငှာ ပြုလုပ်သင့်၏"

www.dhammaransi.com


ဟု ကြံစည်ပြီးလျှင် ရဟန်းတို့၏နေ့သန့်စင်ရာ၊ ညသန့်စင်ရာ စကြံန်တို့၌ ဦးခေါင်းမြတ်၊ ဦးခေါင်းမပါသောကိုယ်တို့ကို ပြကြသည်၊ဘီလူးသံကဲ့သို့သော အသံကိုပြုကြသည်။

ရဟန်းတို့သည် ထိုအခါမှစ၍ ချေဆတ်ခြင်းကို အစပြု၍ ချောင်းဆိုးခြင်းအစရှိသော ရောဂါဝေဒနာတို့သည် ဖြစ်ပေါ်လာကြသည်။

ရဟန်းတို့သည် အချင်းချင်း-

"ငါ့ရှင်--သင့်အား အဘယ်ရောဂါနှိပ်စက်ပါသနည်း" ဟု မေးသော်

"တပည့်တော်အား ချေဆတ်သောအနာ၊ချောင်းဆိုးသောအနာနှိပ်စက်ပါသည်"

ဟု ဖြေကြသည်။

ရဟန်းအချို့ကလည်း-

"ငါ့ရှင် ယနေ့ ငါသည် စကြံန်ဦး၌ ဦးခေါင်းပြတ်ကို မြင်ရပါ၏"

"ငါကား ညဉ့်သန့်စင်ရာ၌ ဦးခေါင်းမပါသောကိုယ်ကို မြင်ရပါ၏"

"ငါကား နေ့သန့်စင်ရာ၌ ဘီလူးသံကိုကြားရပါ၏" ဟူ၍ အသီးသီးပြောဆိုကြလေသည်။

"ငါ့ရှင်တို့ --ဤအရပ်သည် ရှောင်ကြဉ်သင့်သော အရပ်ဖြစ်သည်၊ ငါတို့အား ဤအရပ်၌ မချမ်းသာခြင်းဖြစ်ရ၏၊

www.dhammaransi.com



ဘုရားရှင်ထံသို့သာ ပြန်သွားသင့်ကြသည်"

ရဟန်းတို့သည် ဤသို့ ညှိနှိုင်းတိုင်ပင်ကြပြီးလျှင် ဘုရားရှင်ထံသို့ ပြန်သွားကြပြီး ဘုရားရှင်ကိုရှိခိုးကာ သင့်သော အရပ်၌ထိုင်နေကြသည်။

"ချစ်သားရဟန်းတို့--အသို့နည်း၊ ထိုအရပ်၌နေခြင်းငှာ မတတ်နိုင်ကြသလော"

"မြတ်စွာဘုရားမတတ်နိုင်ပါဘုရား၊ ထိုအရပ်၌နေ သောတပည့်တော်တို့အား ဤသို့သဘောရှိသောကြောက်လန့် ဖွယ်ရာအာရုံတို့သည် ထင်ကုန်သောကြောင့် ဤသို့သောမချမ်း မသာခြင်းသည် ဖြစ်ရပါ၏ဘုရား၊ထို့ကြောင့် တပည့်တော်မှာ ဤအရပ်ကို စွန့်သင့်သောအရပ်ဟု သတ်မှတ်ပြီး မြတ်စွာဘု ရားထံသို့လာကြပါကုန်၏"

"ရဟန်းတို့--သင်တို့အား ထိုအရပ်သည်သာလျှင် သွားလာနေခြင်းငှာသင့်၏"

"မြတ်စွာဘုရားသွားလာနေခြင်းငှာ မဝံ့ပါဘုရား"

"ချစ်သားတို့ သင်တို့သည် လက်နက်ကိုမယူဖူး၍ သွားကြကုန်၏၊ဤယခုအခါ၌ လက်နက်ကိုကိုင်စွဲ၍ သွားကြ ကုန်လော့"

"မြတ်စွာဘုရား--လက်နက်တို့ဟူသည် အဘယ်ပါ နည်းဘုရား"

"သင်ချစ်သားတို့အား ငါဘုရားသည် လက်နက်ကို

www.dhammaransi.com


ပေးလိုက်ပါအံ့၊ငါဘုရားပေးအပ်သောလက်နက်ကို ယူဆောင်၍ သွားကြလေကုန်”

ဘုရားရှင်သည် ဤသို့မိန့်ကြားပြီးလျှင် မေတ္တာသုတ်ဒေသနာတော်ကိုဟောကြားပြသတော်မူသည်။

“ချစ်သားရဟန်းတို့---သင်တို့သည် ဤမေတ္တာသုတ်ကို ကျောင်းမှအပ၌ တောအုပ်ဝင်သည်မှစ၍ သရဇ္ဈာယ်ကြကုန်လျက် ကျောင်းတွင်းသို့ဝင်ကြကုန်လော့”

ဟု မိန့်ကြားပြီး ပြန်လွှတ်လိုက်လေသည်။

ရဟန်းများသည် ဘုရားရှင်ကိုရှိခိုး၍ ထွက်လာကြရာ ခရီးစဉ်အတိုင်း ထိုအရပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

ထိုအရပ်သို့ရောက်သဖြင့် ကျောင်း၏အပ၌ အပေါင်းသရဇ္ဈာယ်ခြင်းကိုပြု၍ သရဇ္ဈာယ်လျက်သာလျှင် တောအုပ်သို့ ဝင်ကြလေသည်။

တောအုပ်၌နေကြသော အလုံးစုံသောနတ်တို့သည်လည်း မေတ္တာစိတ်ကိုရ၍ ထိုရဟန်းတို့အား ခရီးဦးကြိုဆိုပြုလျက် သပိတ်၊ သင်္ကန်းကို လှမ်းယူခြင်း၊လက်ခြေဆုပ်နယ်ခြင်းတို့ကို ပန်ကြားကုန်လျက် ထိုရဟန်းငါးရာတို့အား အစောင့်အရှောက်ကို စီရင်ပေးကြလေသည်။

ထိုနတ်တို့သည် ကျက်ကျက်ပူသောဆီကဲ့သို့ ငြိမ်သက်စွာနေကြကုန်သည်၊ တစ်စုံတစ်ခုသောအရပ်၌ ဘီလူးသံကြားခြင်းမည်သည်မရှိ။

www.dhammaransi.com



ထိုအခါ ရဟန်းတို့၏စိတ်သည် တည်တည်ကြည်ကြည်ဖြစ်လာကြသည်။

ရဟန်းတို့သည် နေ့သန့်စင်ရာအရပ်၊ညဉ့်သန့်စင်ရာအရပ်တို့၌ အညီအညွတ်ငြိမ်သက်စွာနေကြကုန်လျက် ဝိပဿနာဉာဏ်အကျိုးငှာ စိတ်ကိုချသွင်း၍ မိမိကိုယ်၌ကုန်ခမ်းခြင်း၊ ပျက်စီးခြင်းကို ရှေ့ရှုတင်စေပြီးလျှင်-

"ဤအတ္တဘောမည်သည်ကား ပျက်စီးတတ်သောအနက်ကြောင့်လည်းကောင်း၊အနှစ်သာရမရှိသောအနက်ကြောင့်လည်းကောင်း၊အိုးထိန်းသည်တို့၏ မြေအိုးနှင့်တူ၏" ဟူ၍ ဝိပဿနာရှုပွားလျက်နေကြသည်။

မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋိတိုက်၌ နေတော်မူလျက် ထိုရဟန်းတို့၏ဝိပဿနာအကျိုးငှာ ရောင်ခြည်တော်နှံ့စေလျက် မျက်မှောက်၌ တရားဟောသကဲ့သို့ထင်စေကာ တရားဟောတော်မူသည်။

"ရဟန်းတို့-ဤဆံပင်အစရှိသောကိုယ်ကာယသည် အိုးထိန်းသည်တို့၏အိုးခွက်နှင့်တူသောဥပမာရှိ၏" ဟုသိ၍ မိမိ၏ဝိပဿနာစိတ်ကို လုံခြုံစွာသောမြို့နှင့်တူသော ဥပမာရှိအောင် ဖြစ်စေ၍ ဝိပဿနာဉာဏ်၊မဂ်ဉာဏ်တည်းဟူသော ပညာလက်နက်ဖြင့် ကိလေသာတည်းဟူသောမာရ်ကို ထိုးပစ်ပုတ်ခတ်ရာ၏၊အောင်မြင်သောအားဖြင့် ဖြစ်စေအပ်ပြီးသောနုသောဝိပဿနာဉာဏ်ကိုလည်း စင်ကြယ်သောစိတ်ဖြင့်စောင့်

www.dhammaransi.com



ရောက်ရာ၏၊သမာပတ်၌ သာယာကပ်ငြိခြင်းမရှိသည်ဖြစ်ရာ၏။

ဒေသနာတော်၏အဆုံး၌ ရဟန်းငါးရာတို့သည် နေမြဲတိုင်းသောနေရာအရပ်၌ နေကြကုန်လျက် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြလေသည်။

(ဓမ္မပဒ-စိတ္တဝဂ်-ရဟန်းငါးရာဝတ္ထု)

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## ဥတ္တရာ၏မေတ္တာစွမ်းအား

ဥတ္တရာသည် နိရောဓသမာပါတ်မှ ထပြီးစ၊ရှင်သာရိပုတ္တရာကိုဆွမ်းလှူရသောအကျိုးကြောင့် လယ်သမားကျွန်ကုလီဘဝမှ ထယ်ခဲမှရွှေတုံးတွေဖြစ်ပြီး သူဌေးဖြစ်လာရသော သူဌေးဘွဲ့ရပုဏ္ဏ၏သမီးဖြစ်ပါသည်၊သူဌေးသမီးဖြစ်ပြီးနောက် ဘုရားရှင်ထံမှ တရားနာရပြီး သောတာပန်တည်သူဖြစ်ပါသည်။

ဥတ္တရာသည် မိဘများကျွန်အဖြစ်နေခဲ့ရသော သူဌေးကြီးသုမန၏သားနှင့်နှစ်ဖက်မိဘများ၏ဆန္ဒအရ လက်ထပ်ခဲ့ရသည်။

သုမနသူဌေးသည် မိစ္ဆာဒိဋ္ဌိများဖြစ်၍ ပုဏ္ဏသူဌေးက မိမိ၏သမီးနှင့် မပေးစားလို၊သို့သော် အားလုံးက ဝိုင်းနားချ၍ မတတ်သာသဖြင့် သမီးကိုသုမန၏သားနှင့်ပေးစားလိုက်ရသည်။

ဥတ္တရာသည် မိစ္ဆာဒိဋ္ဌိအသိုင်းအဝိုင်း၌နေရ၍ မပျော်

www.dhammaransi.com



ပိုက်ချေ၊ မလှူရခြင်း၊တရားမနာရခြင်း၊ သံဃာတော်များကို မဖူးတွေ့ရခြင်းတို့ကြောင့် အလွန်ပင်စိတ်ဆင်းရဲ၊ကိုယ်ဆင်းရဲ နှင့်ခံစားနေထိုင်ရလေသည်။

တစ်နေ့သီတင်းကျွတ်ရန်(၁၅)ရက်အလိုတွင် ဖခင် သူဌေးကြီးထံ မိမိ၏ဝဋ်ဆင်းရဲခံစားနေရပုံအကြောင်းစုံကို ရေး ပေးလိုက်မိသည်။

ဖခင်သူဌေးကြီးက သမီးအတွက် ငွေတစ်သောင်းငါး ထောင်နှင့်အတူ အကြံကောင်းပေးလိုက်သည်။

ထိုအချိန် ရာဇဂြိုဟ်တွင် အလွန်ပင်အလှ၌ နာမည် ကြီးသော ပြည့်တန်ဆာမသီရိမာရှိသည်၊ သူမကို တစ်နေ့ တစ်ထောင်ပေးမှရသည်။

ဥတ္တရာသည် ဖခင်ကြီးပေးသောအကြံပေးအရ သီရိမာ ကို မိမိယောကျ်ားအတွက် အငှားမယား(၁၅)ရက်ငှားပေးရန် ခင်ပွန်းကိုတိုင်ပင်ပြောပြသည်၊ခင်ပွန်းကလည်း သီရိမာကို မိမိ မယားအဖြစ် (၁၅)ရက်ရမည်ဖြစ်၍ အလွန်ပင်သဘောကျကာ လက်ခံလေသည်။

သို့အတွက် သီရိမာကို ငွေ(၁၅၀၀၀)ပေးပြီး (၁၅)ရက် မယားပြုစေသည်၊ဥတ္တရာသည် မိမိရသော(၁၅)ရက်အတွင်း ဘုရားအမှူးရှိသောသံဃာတော်များကို ဆွမ်းပင့်ဖိတ်၍လုပ် ကျွေးသည်၊တရားနာသည်။

ထိုသို့ဆောင်ရွက်ခွင့်ရသဖြင့် မိမိမှာအလွန်ချမ်းမြေ့

www.dhammaransi.com


ကြည်နူးနေမိသည်၊သိရိမာကိုလည်း အလွန်ကျေးဇူးတင်ပြီး မေတ္တာပို့နေမိသည်။

(၁၅)ရက်ပြည့်ရန် (၁)ရက်အလိုတွင် ဥတ္တရာ၏ခင်ပွန်းသည် မိမိနေသောအဆောင်ပြတင်းပေါက်မှနေပြီး ဥတ္တရာတို့ ချက်ပြုတ်နေသည်ကို လှမ်းကြည့်မိသည်။

"အမိုက်မ---ဒီလိုနေရာမျိုးမှာနေပြီး ဒီလိုစည်းစိမ်ခံစားရကောင်းမှန်းမသိရှာဘူး၊ဦးပြည့်ကတုံးတွေကို ပြုစုနေရတာနှင့်ဘဲ ပျော်နေလိုက်တာ၊သနားစရာဘဲ ဟု ရေရွတ်ကာ ရယ်သွမ်းသွေးလေသည်။

သိရိမာသည် ထိုအခြင်းအရာကိုမြင်၍ သူဌေးသားကြည့်သောပြတင်းပေါက်မှနေ၍ကြည့်မိသည်၊ဥတ္တရာတို့ ချက်ပြုတ်နေသည်ကိုမြင်သည်။

ဥတ္တရာကိုမြင်သောအခါ သိရိမာသည် အငှားအိမ်ရှင်မဘဝကို မေ့သွားသည်၊တကယ့်အိမ်ရှင်မစင်စစ်စိတ်ပေါ်လာပြီး-

"ဒီကောင်မ-ငါ့ယောကျ်ားနှင့်အဆက်အသွယ်ရှိရကောင်းလား"ဟု ဥတ္တရာအပေါ် မနာလိုစိတ်ဖြစ်လာမိသည်။

သို့အတွက် သိရိမာသည် အဆောင်မှအားချင်းဆင်းလာကာ ချက်ပြုတ်ကြော်လှော်နေသောမီးဖိုချောင်သို့ဝင်ပြီး မုန့်ကြော်လက်စထောပတ်အိုးထဲမှ ထောပတ်ဆီပူတို့ကို ဇွန်းကြီးဖြင့်ခပ်ယူကာမလှမ်းမကမ်းတွင် ထိုင်နေသော ဥတ္တရာဆီ

www.dhammaransi.com



သို့သွားသည်။

သီရိမာမှိမိထံလာနေသည်ကိုမြင်၍ ဥတ္တရာသည်လည်းသီရိမာ၏ကျေးဇူးတရားကိုပို၍သတိရလာမိသည်၊ သီရိမာအပေါ် ချစ်ခင်မြတ်နိုးသောစိတ်များ တဖွားဖွားပေါ်လာသည်။

"အော်-ငါ့သူငယ်ချင်းမကြီး၏ကျေးဇူးကား ကြီးမားလှပါတယ်၊ သူမရဲ့ကျေးဇူးနှင့်စာရင် စကြာဝဠာကြီးသည် ကျဉ်းမြောင်းလွန်းလှပါတယ်၊ ပြဟ္မာပြည်သည် နိမ့်နေပါသေးတယ်၊ ငါမှာ သူမရှိနေ၍သာ ဘုရားအမှူးရှိသောသံဃာတော်များကို လှူဒါန်းရပေတယ်၊ တရားနာခွင့်ရပေတယ်"
ဟု ကျေးဇူးတင်နေမိသည်။

သီရိမာ၏အမူအရာကိုမြင်၍ မိမိအပေါ် အန္တရာယ်ပြုမည်ကိုရိပ်မိသောအခါ ဒေါသမထွက်ဘဲ ကျေးဇူးတရားကိုပင်အာရုံပြုလျက် မေတ္တာပွားမိသည်။

"တကယ့်လိုများ ထောပတ်ဆီပူနှင့်ငါ့အား နှိပ်စက်ပါလျှင် ငါ၏မေတ္တာသည် သူ့အပေါ် မပျက်၍ ဤအပူသည်မလောင်ပါစေနှင့်၊ငါ့မေတ္တာပျက်ခဲ့လျှင် လောင်ပါစေ"
ဟု သစ္စာပြုကာ မေတ္တာပွားနေမိသည်။

သီရိမာသည် အနားသို့ရောက်လာသောအခါ ဥတ္တရာအပေါ် သို့ဆီပူများလောင်းချလိုက်လေသည်၊ဆီပူများသည် ပိန်းကြာဖက်တွက် ရေမတင်သကဲ့သို့ လျှောကျသွားသည်။

www.dhammaransi.com



"ဆီတွေအေးသွားလို့နေမှာဘဲ"

သီရိမာသည် ဥတ္တရာမည်သို့မျှမခံစားရသည်ကို တွေ့သောအခါ ဤသို့ထင်ပြီး ထပ်မံသွားခပ်ယူကာ ထပ်မံလောင်းချရန်လုပ်ပြန်သည်၊ထိုအချိန်တွင် ဥတ္တရာ၏အစေခံများက တွေ့ရှိပြီး သီရိမာကို ဆွဲဆိုရိုက်နှက်ကြလေသည်။

ဥတ္တရာသည် မိမိ၏အစေခံများကို သီရိမာကို မရိုက်နှက်ကြရန်လှမ်းတားသည်၊ အမျိုးသမီးများက တားမရဆဲဆိုရိုက်နှက်မြဲရိုက်နှက်ကြသည်။

ထိုအခါ ဥတ္တရာသည်သီရိမာထံပြေးသွားကာ ရိုက်သူများကိုတားဆီး၍ ကိုယ်တိုင်ဆွဲယူပွေ့ဖက်ထားသည်၊ချစ်ခင်ယုယစွာဆေးကြောသုတ်သင်ပေးသည်၊ဆေးလိမ်းပေးသည်။

"ဖြစ်ရလေ-သူငယ်ချင်းရယ်--ဘာဖြစ်လို့ ဒီလိုလုပ်ချင်ရတာလဲ"

စသည်ဖြင့် ကရုဏာသက်သက်ဖြင့် တရားစကားဖြင့် နှစ်သိမ့်ပေးသည်။

သီရိမာမှာ မိမိအမှားကိုမိမိသိသွားရုံမက ဥတ္တရာ၏မေတ္တာစွမ်းအားကိုလည်း သဘောပေါက်သွားသည်၊ကြီးစွာလည်း နောင်တရသွားသည်။

ဥတ္တရာ၏မေတ္တာကား စိတ်ထဲက(မနောကံ)မေတ္တာမျှမဟုတ်၊ နှုတ်ရောကိုယ်ပါ ရိုက်ခတ်လာသောမေတ္တာဖြစ်သည်ဟု ဆိုရပါသည်။

www.dhammaransi.com



"သည်းခံပါမမ"

သီရိမာသည် ကြီးစွာသောနောင်တဖြင့် ဥတ္တရာ၏ခြေရင်းတွင်ဝပ်ဆင်းကာ ကန်တော့သည်။

"အဆွေမ--ငါ့မှာဖခင်ရှိတယ်၊ ခုလိုသဘောထားနိုင်သည်မှာ ဖခင်၏ကျေးဇူးကြောင့်ပါဘဲ ဖခင်ကိုကန်တော့ပါမှ ငါကြေနပ်ခွင့်လွှတ်ပြီး သည်းခံနိုင်ပါမယ်"

"ကောင်းပါပြီ မိမိ၊ သူဌေးကြီးပုဏ္ဏကိုလည်း ကန်တော့ပါမယ်"

"မဟုတ်ဘူး အဆွေ---သူဌေးကြီးဟာ ငါ့ရဲ့လောကီဖခင်ပါ၊ လောကုတ္တရာဖခင်ရှိပါသေးတယ်၊သူ့ကိုကန်တော့ရင်ပြီးပါတယ်"

ဥတ္တရာသည် ဘုရားရှင်ကြွသောအခါ သီရိမာကိုဘုရားရှင်ထံသို့ခေါ်ဆောင်ကာ ကန်တော့စေသည်၊အကျိုးအကြောင်းကိုလည်း လျှောက်ထားပြလေသည်။ဘုရားရှင်က-

"အမျက်ထွက်သူကို အမျက်ပြန်မထွက်ခြင်းဖြင့်(ဝါ)ဒေါသကိုမေတ္တာဖြင့် အနိုင်ရနိုင်ကြောင်း" ဟောပြောပြရာ သီရိမာနှင့်တကွ အမျိုးသမီးငါးရာတို့သည် သောတာပန်တည်လေသည်။

မေတ္တာတရား မေတ္တာအင်အားကို လူမှုဝေယျာဝစ္စတွေကြားကပင် ယုံယုံကြည်ကြည် ဝီရိယရှိရှိနှင့် လေ့ကျင့်ပွားများပါလျှင် မေတ္တာအင်အားသည် ရန်အပေါင်းကို အောင်နိုင်

www.dhammaransi.com



ပြီးအတုမရှိသောစွမ်းအားပရမတ္ထတရားစင်စစ်ဖြစ်သောကြောင့် ဤသီရိမာနှင့်ဥတ္တရာ အဖြစ်အပျက်က သက်သေခံနေပါတော့သည်။

(ဓမ္မပဒ-သီရိမာဝတ္ထု)

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## သာမာဝတီတို့၏မေတ္တာစွမ်းအား

ကောသမ္ဗီပြည်ရှင် ဘုရင်ဥဒေနၶ သာမာဝတီမိဖုရား၊ ဝါသုဒတ္တာမိဖုရား၊မာဂဏ္ဍီမိဖုရား ဟူ၍ မိဖုရားသုံးပါးရှိသည်။

မာဂဏ္ဍီသည် ဘုရားရှင်နှင့်ပတ်သက်၍ မကြေနပ်၍ ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်သော သာမာဝတီမိဖုရားကို အမျိုးမျိုးအကောက်ကြံပြီး ဖျက်ဆီးရန် ကြိုးစားခဲ့သည်။

ဥဒေနဘုရင်သည် မိဖုရားသုံးပါးတို့၏အဆောင်၌ ခုနှစ်ရက်စီ အလှည့်ကျ ခံစား-စံစားလေ့ရှိသည်။

တစ်နေ့ သာမာဝတီအဆောင်သို့ အလှည့်ကျစံရန် အချိန်ရက်ရောက်လာသည်၊မာဂဏ္ဍီသည် မင်းကြီး သာမာဝတီအဆောင်သို့ အလှည့်ကျစံမည့်ရက်မရောက်ခင် ဘထွေး ပုဏ္ဏားအားမြွေတစ်ကောင်ကို ဆေးဖြင့်အစွယ်တို့ကိုအဆိပ် ကင်းအောင်ပြုလုပ်ပြီးပို့ပေးရန် မှာလိုက်သည်။

ဥဒေနမင်းသည် မိမိသွားလေရာ-စံနေရာအဆောင်များသို့ မိမိ၏ဟတ္ထိကန္တစောင်းကို ယူဆောင်သွားမြဲဖြစ်သည်။

www.dhammaransi.com


ထိုစောင်း၌ အပေါက်တစ်ပေါက်ရှိသည်၊မာဂဏ္ဍီသည် ဘထွေး ထံမှမြွေရသောအခါ ထိုမြွေကို ဥတေနမင်းအလစ်တွင် စောင်း ပေါက်ထဲထည့်ပြီးအပေါက်ပေါ်မှ ပန်းကုံးထွေးဖြင့်ပိတ်ထား လိုက်သည်။

မြွေသည် နှစ်ရက်-သုံးရက် စောင်းထဲ၌ အစာငတ်ရေ ငတ်နေရသည်၊ မာဂဏ္ဍီသည် မင်းကြီးသာမာဝတီအဆောင် သို့ သွားမည့်နေ့တွင်-

"အရှင်မင်းမြတ် ယနေ့ညအဘယ်ဆောင်သို့ကြွမည် နည်း"

ဟု မသိချင်ယောင်ဆောင်၍မေးသည်။

"သာမာဝတီအဆောင်သို့သွားမည်"

ဟုမင်းကြီးကမိန့်ကြားသည်။

"အရှင်မင်းကြီး-ယနေ့ ကျွန်မသည် မကောင်းသော အိမ်မက်မြင်မက်ပါသည်၊သာမာဝတီအဆောင်သို့မသွားသင့်ပါ"

"မိဖုရား-ငါကား သွားမည်သာဖြစ်သည်"

မာဂဏ္ဍီသည် မင်းကြီးကိုမသွားရန် သုံးကြိမ်တိုင်တိုင် တားမြစ်သည်။

"အရှင်မင်းကြီး-တောင်းပန်၍မရလျှင် ကျွန်တော်မ သည် အရှင်မင်းကြီးနှင့်အတူဟူ လိုက်ပါအံ့"

ဟု ဆိုသည်။

မင်းကြီးကမလိုက်ရန် အတန်တန်တားမြစ်သည်ကို မနာခံ။

www.dhammaransi.com



"မင်းကြီးအသို့ဖြစ်အံ့မသိ- ကျွန်မလိုက်မှဖြစ်မည်" ဟု ဆိုကာ အတင်းအတူလိုက်လာခဲ့သည်။

မင်းကြီးသည် သာမာဝတီတို့ပေးအပ်သော အဝတ်၊ ပန်းနံ့သာတို့ကို ဆင်ယင်ပြီး ကျွေးအပ်သောအစာကိုစားသည်။ စောင်းကို ဦးခေါင်းရင်း၌ထားပြီးအိပ်ရာထက် တက်အိပ်လေသည်။

မာဂဏ္ဍီသည် ခေက်တံ့ခါက်ပြန် အဖန်ဖန်သွားလာ ဟန်ပြုပြီး စောင်းပေါက်မှပန်းထွေးကိုအမှတ်တမဲ့ ဆွဲဖယ်ပစ် လိုက်လေသည်။

မြွေသည် နှစ်ရက်-သုံးရက် အစာအာဟာရကင်းမဲ့ နေ သဖြင့် တရှူးရှူးမှုတ်လျက် ပါးပြင်ထောင်ကာ ထိုအပေါက်မှ ထွက်လေသည်၊မာဂဏ္ဍီသည် ထိုမြွေကိုမြင်ရ၍-

"အရှင်မင်းကြီး စက်ဆုပ်ဖွယ်ရာမြွေပါတကား" ဟု ကျယ်လောင်စွာ ကြောက်လန့်တကြားအော်သည်၊သာမာ ဝတီနှင့်မင်းကြီးတို့ကို ဆဲရေးရေရွတ်သည်။

"ဤအလွန်မိုက်မဲလှသောမင်းသည် ဘုန်းကံကျက် သရေမရှိလှစွတကား၊ ငါ့စကားကို နားမထောင်၊ဤမိန်းမ သည်လည်း ဘုန်းကံမရှိလေစွ၊ဆိုဆုံးမခက်ကုန်၏၊မင်းကြီးထံ မှဘာမရတာရှိလို့လဲ၊မင်းကြီးသေမှ သင်တို့ချမ်းသာစွာအသက် ရှင်ရမည်လို့ ထင်နေကြသလား၊ဒီမင်းကြီးအသက်ရှည်စွာနေ ရင်းသင်တို့ဆင်းရဲမည်ထင်နေသလော၊ငါသည် မနေ့ညက

www.dhammaransi.com


မကောင်းသောအိမ်မက်ဆိုးကိုမက်သည်၊သာမာဝတီအဆောင်သွားရန်မသင့်ပါဘူးလို့ ငါအကြိမ်ကြိမ်ပြောတာကို ဒီမင်းကြီးနားမထောင်ဘူး"

ဥတေနမင်းသည်လည်း မြွေကိုမြင်၍ သေဘေးမှကြောက်လန့်ပြီးလျှင်-

"ဤမိန်းမများသည် ဤသို့သောအမှုကို ပြုကုန်ဘိ၏၊ ခြော်--အလွန်ယုတ်မာကြလေစွတကား၊ ဤမိန်းမများယုတ်မာသည်ကို အဖန်တလဲလဲ ပြောပြနေသော မာဂဏ္ဍီရဲ့စကားကိုငါမယုံကြည်မိခဲ့ပေ၊ သူတို့သည် ဦးစွာမိမိတိုက်ခန်းတို့၌ အပေါက်တွေဖောက်ခဲ့ကြသည်၊နောက်တစ်ဖန် ငါပို့လိုက်သောကြက်များကို ပြန်ပို့ပေးစေသည်၊ယခုလဲအိပ်ရာထက်၌ မြွေကိုလွှတ်ကုန်ဘိ၏"

ဟု ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ တစ်ကိုယ်လုံးမီးအလျှံတောက်သကဲ့သို့ ခံစားသွားရသည်။

သာမာဝတီသည် မင်းကြီး၏ဒေါသမီးတောက်သည်ကိုသိ၍

"အမိကို့---ငါတို့အား မေတ္တာမှတစ်ပါး အခြားအားကိုးစရာ၊ ကိုးကွယ်စရာမရှိပြီ၊မင်းကြီး၌လည်းကောင်း၊မာဂဏ္ဍီ၌လည်းကောင်း၊ မိမိကိုယ်၌လည်းကောင်း၊ထပ်တူထပ်မျှမေတ္တာစိတ်ကိုဖြစ်စေဖြစ်စေပါကုန်လော၊မည်သူ့ကိုမျှ အမျက်ထွက်ခြင်းကို မပြုကြပါလင့်"

www.dhammaransi.com



ဟု အဆုံးအမကိုပေးလေသည်။

ဉာဏ်တေနမင်းသည် ဗိုလ်ခြေတစ်ထောင်တင်အပ်သော ဆိတ်ခါချုလေးကိုယူ၍ လေးညှို့ကိုဖြန့်လျက် အဆိပ်လူးသော မြှားကိုတင်ပြီးလျှင် သာမာဝတီကိုရှေ့ကထားပြီး မိန်းမငါးရာ တို့ကို နောက်ကတန်းစီထားပြီး မြှားကို သာမာဝတီရင်ဝတည့် တည့်သို့ ပစ်လွှတ်လိုက်လေသည်။

ထိုမြှားသည် သာမာဝတီတို့၏ မေတ္တာစွမ်းအား ကြောင့် ဆုတ်နစ်ပြန်လည်ကာ မင်းကြီး၏ရင်ဝဆီသို့ လာ ရောက်စူးဝင်မည့်ကဲ့သို့ထင်လေသည်။

"ငါပစ်အပ်သောမြှားသည်ကား ကျောက်ထုကို ထုတ် ချင်ဖောက်၍သွားနိုင်ပါ၏၊ဟင်းလင်းပြင်ကောင်းကင်၌ တား မြစ်အပ်သောအရာဌာနသည် အနည်းငယ်မျှမရှိ၊ထိုသို့ဖြစ် လျက် ဤမြှားသည် ပြန်လည်ကာလာ၍ ငါ၏ရင်ဝနှလုံးအိမ် သို့ ရှေးရှုချိန်လျက်ဖြစ်နေဘိ၏"

ဟု ထိတ်လန့်တုန်လှုပ်သောစိတ် ဖြစ်ပေါ်ခံစားမိသည်။

"ဤမြှားမည်သည် သတ္တဝါမဟုတ်၊အသက်မရှိသော မြှားပင်ဖြစ်သော်လည်း ထိုသာမာဝတီ၏ဂုဏ်ကျေးဇူးကို သိတုံ ဘိသေး၏၊ငါသည် လူစင်စစ်ဖြစ်လျက်လည်း သာမာဝတီ၏ ဂုဏ်ကျေးဇူးအထူးကိုမသိလေဘိတကား"

ဟု ကြံဆဆင်ခြင်ပြီးလျှင် ဉာဏ်တေနမင်းသည် လေးကိုစွန့်ပစ်၍ လက်အုပ်ချီကာ သာမာဝတီ၏ခြေရင်း၌ ဆောင့်ကြောင့်ထိုင်

www.dhammaransi.com


လျှက်-

"သာမာဝတီမိဖုရား----ငါသည် လွန်စွာမိုက်မဲတွေဝေမိပါ၏၊ငါ၏အတွင်းအပြင် သန္တာန်တို့သည်လည်း ခပ်သိမ်းသောအပြားဖြင့် တွေဝေမိုက်မဲမိပါ၏၊ မိဖုရား-ငါ့ကိုသင်သည် ကယ်ဆယ်စောင့်ရှောက်ပါလော့၊ ငါ၏ကိုးကွယ်ရာဖြစ်ပါလေလော့" ဟု ဆိုလေသည်။

"အရှင်မင်းမြတ်---ကျွန်ုပ်တို့ကိုးကွယ်အားထားရာဟူ၍မဆည်းကပ်ပါနှင့်၊ ကျွန်ုပ် ကိုးကွယ်ဆည်းကပ်သောဘုရားရှင်ကိုသာကိုးကွယ်ဆည်းကပ်ပါ၊အရှင်မင်းကြီး မြတ်စွာဘုရားသည် အတုမရှိမြတ်တော်မူပါ၏၊ထိုမြတ်စွာဘုရားကို အရှင်မင်းကြီး ကိုးကွယ်ဆည်းကပ်ပါ၊အရှင်မင်းကြီးသည် ကျွန်ုပ်၏ကိုးကွယ်ရာဖြစ်ပါစေ"

ဥတေနမင်းသည် အတိုင်းထက်အလွန်ကြောက်ရွံ့သဖြင့်သာမာဝတီကိုထပ်၍တောင်းပန်သည်၊ သာမာဝတီမိဖုရားကလည်း ဘုရားရှင်ကိုသာကိုးကွယ်အားထားရန် ပြန်ပြောခဲ့သည်။

"သာမာဝတီ ----သင်တို့ကိုးကွယ်အားထားသောဘုရားကိုလည်း ဆရာအဖြစ်ကိုးကွယ်ဆည်းကပ်ပါမည်၊သင့်အားလည်း သင်အလိုရှိသောဆုကိုပေးပါမည်။

ထို့နောက် ဥတေနမင်းသည် ဘုရားရှင်ထံချဉ်းကပ်၍ သရဏဂုံဆောက်တည်သည်၊သာမာဝတီကိုလည်း ဆုပေးသည်။

www.dhammaransi.com



သာမာဝတီကိုရွှေ၊ ငွေရတနာဆုကိုမယူ၊ မြတ်စွာဘုရားရှင်သည် ငါးရာသောရဟန်းတော်များနှင့် ဤနန်းတော်သို့ကြွလာခွင့်ပြုပြီးတရားနာခွင့်ပြုရန်ဟူသော ဆုကိုသာ တောင်းလေသည်။

ဥတေနမင်းကလည်း ပေးလေသည်။

နောက်တွင် မာဂဏ္ဍီသည် ဥတေနမင်းတောကစားထွက်စဉ်ဦးလေး၏အကူအညီဖြင့်သာမာဝတီတို့ကို တံခါးပိတ်လှောင်ပြီး မီးရှို့သတ်လေသည်။

သာမာဝတီသည် ငါးရာသောအခြွေအရံတို့ကို သံသရာ၌ဤခန္ဓာကိုယ် အကြိမ်ကြိမ်မီးလောင်ခံခဲ့ရပုံကို သတိထားပြီး တရားရှုမှတ်နေရန် ဩဝါဒပေးပြီး မီးလောင်ခံခဲ့သည်၊ ထို့အတွက် အချို့ သကဒါဂါမ်၊ အချို့အနာဂါမ်ဖြစ်ပြီး သေဆုံးကြလေသည်။

ဥတေနမင်းသည် ထိုကိစ္စကိုသိ၍ ချက်ချင်းပြန်လာပြီး မာဂဏ္ဍီနှင့်အမျိုးများကို ပရိယာယ်နှင့်ခေါ်ယူပြီး အားလုံးကို မြေ၌တစ်ဝက်မြှုပ်ပြီးအပေါ်မှကောက်ရိုးမြက်အုပ်ကာမီးရှို့သတ်လေသည်၊မသေမရှင်ဖြစ်သူများကို သံတွန်းခြစ်ဖြင့် တိုက်လေသည်။မာဂဏ္ဍီ၏အသားကိုလှီးပြီး မိမိအသားကို မိမိစားစေသည်။

ဤသို့အားဖြင့် မေတ္တာရှင်မကို ပြစ်မှားစော်ကားခဲ့သော မာဂဏ္ဍီ၏ဘဝနိဂုံးသည် မလှမပနှင့်ဆုံးရသည်။

www.dhammaransi.com



မေတ္တာရှင်သာမာဝတီသည် အတိတ်ဘဝက ရှင်ပစ္စေကဗုဒ္ဓါကို မီးရှို့သတ်ခဲ့မိသော အကုသိုလ်ဝဋ်ကြွေး လိုက်ခံရသဖြင့် ယခုဘဝတွင် မီးရှို့သတ်ခံရသည်။

သို့သော် မေတ္တာစွမ်းအားကြောင့် ဥတေနမင်း၏ မြှားသည် မိမိထံမလာ၊ ပစ်သူထံသို့ပြန်သွားရသော မေတ္တာစွမ်းအားကား အတုမရှိ အနှိုင်းမရှိစွမ်းအားပင် ဖြစ်ပါတော့သည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## နတ်တို့ချစ်ခင်သောဝိသာခမထေရ်

ဝိသာခသူကြွယ်သည် ပါဋလိပုတ်ပြည်သားတစ်ဦး ဖြစ်သည်၊ သီဟိုဠ်ကျွန်း၏ကောင်းသောသတင်းကိုကြားရသောအခါ ထိုကျွန်းသို့ သွားလိုသောစိတ်တဖွားဖွားပေါ်လာပြီး သွားလိုသောဆန္ဒပြင်းပြစွာခံစားနေရသည်။

တစ်နေ့တွင် ထိုဆန္ဒကိုအကောင်အထည်ဖော်ရန် ဆုံးဖြတ်ပြီး မိမိပိုင်ဆိုင်သောဥစ္စာပစ္စည်းတို့ကို သားမယားတို့အားအပ်နှံသည်၊မိမိအတွက်မူ ငွေတစ်ကျပ်မျှကိုသာ ပုဆိုးစွန်း၌ထည့်ယူပြီး ထွက်လာခဲ့သည်။

သီဟိုဠ်သို့ကူးရန်သင်္ဘောမကြုံသဖြင့် ဆိပ်ကမ်း၌ တစ်လကြာမျှ စောင့်ဆိုင်းနေရသည်။

မိမိက အရောင်းအဝယ်ကုန်သည်ဘဝက လာသူဖြစ်၍ ထိုဆိပ်ကမ်းမှာသင်္ဘောစောင့်ဆိုင်းရင်း ရောင်းရေးဝယ်တာ

www.dhammaransi.com



ဆောင်ရွက်ရာ တစ်လအတွင်း ငွေတစ်ထောင်စုမိပြန်လေသည်။

ထို့နောက် သဘော်ကြုံလာသဖြင့် သီဟိုဠ်သို့လိုက်ပါခဲ့ပြီး သွားစရာ-နေစရာအထူးမရှိ၍ မဟာဝိဟာရကျောင်းသို့ သွားရောက်နေခဲ့သည်။

ထိုကျောင်းတွင်နေရင်း ရဟန်းခံလိုစိတ်ဖြစ်ပေါ်လာသဖြင့် ရဟန်းအဖြစ်ကိုတောင်းခံသည်။

ရဟန်းတော်များက ရဟန်းပြုခွင့်ပေးသဖြင့် သိမ်သို့ခေါ်ဆောင်လာခဲ့သည်၊သိမ်ဝင်ကားနီး၌ ပုခုံးပေါ်၌တင်ထားသောအဝတ်ခေါက်အတွင်းမှ ငွေတစ်ထောင်ထုပ်သည် ထွက်ကျလေသည်။

"မည်သည့်အရာကျပါသလဲ"

ဟု ရဟန်းတော်များက မေးလေသည်။

"တပည့်တော်ပါလာသောငွေတစ်ထောင်ထုပ်ဖြစ်ပါသည်ဘုရား"

"ဒါယကာ---ရဟန်းပြုချိန်မှစ၍ ငွေကိုစီမံခြင်းငှာမအပ်စပ်တော့ပါ၊သို့အတွက် ရဟန်းမပြုခင်ကပင် ဤငွေများကိုနေရာချစီမံပါလေ"

ထိုအခါ ဝိသာခသူကြွယ်သည် မိမိရဟန်းခံပွဲသို့ လာရောက်ကြည့်ရှုကြသော ပရိသတ်ကို လက်ချည်းသက်သက်မပြန်ကြပါစေနဲ့ ဟုပြောဆိုကာ ငွေများကိုကြဲဖြန့် လှူဒါန်းလေ

www.dhammaransi.com



သည်။

ထို့နောက် ရှင်သာမဏေဝတ်ပြီး ရဟန်းခံလေသည်။

ရဟန်းတော်ဝိသာခသည် ငါးဝါရသည်အထိဒွေမာတိကာကို လေ့လာသင်ယူပြီးနောက် ငါးဝါမြောက်ဝါကျွတ်တွင် ပဝါရဏာပြုပြီးလျှင် မိမိနှင့်သင့်လျော်သောကမ္မဋ္ဌာန်းကို ယူလျက် ကျောင်းတစ်ကျောင်းတွင် လေးလစီ-လေးလစီ ရွှေ့ပြောင်းနေကာ တရားအားထုတ်နေသည်။

စိတ္တလတာမည်သော တောင်ကျောင်းသို့ကြွတော်မူရာတွင် လမ်းနှစ်ခွကိုတွေ့တော်မူရာ အဘယ်လမ်းမှန်မည်ကို ကြံစည်တော်မူလျက်ရှိစဉ် တောင်စောင့်နတ်က စိတ္တလတာကျောင်းသွားရာလမ်းကို ညွှန်ပြလိုက်လေသည်။

ထိုစိတ္တလတာကျောင်း၌ လေးလမျှသီတင်းသုံးတော်မူပြီးလျှင် နက်ဖြန်မိုးလင်းသည့်အခါ၌ အခြားသို့ကြွမည်ဟု ကြံစည်အာရုံပြုကာ ကျိန်းစက်တော်မူလေသည်။

ထိုအခါ စင်္ကြံကျောင်းဦးမှ သပြေပင်စောင့်နတ်သည် စောင်းတန်းပြင်ဘက်တွင်ငိုနေလသည်၊ထိုငိုသံကိုကြားသဖြင့် မထေရ်မြတ်က-

"ယခု ငိုနေတာမည်သူနည်း"

"တပည့်တော် သပြေပင်စောင့်နတ်ပါဘုရား"

"အဘယ်ကြောင့်ငိုပါသနည်း"

"အရှင်ဘုရားကြွသွားတော့မည်ဆို၍ငိုပါသည် ဘုရား"

www.dhammaransi.com


"ဒီအရပ်မှာငါနေသည့်အတွက် သင်တို့မှာ အဘယ်သို့ အကျိုးကျေးဇူးရှိနေပါသလဲ"

"အရှင်ဘုရား ဤအရပ်မှာ သီတင်းသုံးနေသဖြင့် တပည့်တော်တို့နတ်များအချင်းချင်းလဲ မေတ္တာစိတ် ရကြပါသည်၊ အရှင်ဘုရားကြွသွားတော်မူပါလျှင် ခိုက်ရန်ဖြစ်ကြပါလိမ့်မည်၊ရုန့်ရင်းကြမ်းတမ်းသော စကားများ ပြောလာကြပါလိမ့်မည်ဘုရား"

"ဤအရပ်မှာ ငါနေသဖြင့် သင်တို့တတွေ ချမ်းချမ်းသာသာနေရသည်မှန်က ကောင်းလှပေတယ်"

ဝိသာခမထေရ်မြတ်က ဤသို့မိန့်ကြားပြီးနောက်ထပ် လေးလဆက်လက်သီတင်းသုံးပြီး တရားအားထုတ်နေသည်။

လေးလပြည့်၍ အခြားသို့ကြွမည်ဟု ကြံစည်ပြန်ရာ နတ်လည်းရှေးနည်းအတူငိုပြန်သဖြင့် ဝိသာခမထေရ်သည် နောက်ဆုံးပရိနိဗ္ဗာန်ပြုသည်အထိ ထိုအရပ်၌ နေထိုင်သီတင်း သုံးလေသည်။

မေတ္တာစိတ်ရှိသော သူတော်ကောင်းတို့နေရာပတ်ဝန်းကျင်၌ နတ်များသည်ပင် အချင်းချင်းချစ်ခင်မြတ်နိုး၍ နေထိုင်ကြသော သီဟိုဠ်ဝင်လာထင်ရှားသော အဖြစ်အပျက် တစ်ခုဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com



## အီတလီဘုန်းကြီးဦးလောကနာထ၏မေတ္တာစွမ်းအား

အီတလီဘုန်းကြီးဦးလောကနာထသည် မြန်မာပြည်၌ ထင်ရှားခဲ့သောဘုန်းကြီးတစ်ပါးဖြစ်ပါသည်။

သူ့ကို (၁၈၉၇)ခုနှစ်တွင် အီတလီနိုင်ငံမီလံမြို့၌ ခရစ်ယာန်မိဘများမှ မွေးဖွားခဲ့သူဖြစ်သည်၊အမည်မှာ-ဆာဗာတိုရေစီအိုဖိ ( SALVATO RECIOFFI) ဖြစ်သည်။မိဘနှစ်ပါးက အမေရိကန်သို့ ပြောင်းရွှေ့နေထိုင်ရာ အမေရိကန်၌ ကြီးပြင်းပြီး ကိုလံဗီးယားတက္ကသိုလ်မှ B.SCဘွဲ့ရခဲ့သည်။ စက်ရုံကြီးတစ်ခု၌ ဓာတ်ခွဲဆရာအဖြစ်လုပ်ကိုင်ခဲ့သည်၊သူက သူ့ဘဝဗုဒ္ဓဘာသာဖြစ်လာပုံနှင့်ပတ်သက်၍ အောက်ပါအတိုင်းရေးသားခဲ့ပါသည်။

"ကျွန်ုပ်၏သိပ္ပံအသိသည် ကျွန်ုပ်၏အမြင်ဟောင်းဖြစ်သောရိုမန်ကက်သလစ်အမြင်နှင့်တိုက်ခိုက်ကြတော့သည်၊ ချက်ချင်းသိပ္ပံပညာက အပေါ်စီးရ၍အမြင်ဟောင်းဖြစ်သောရိုမန်ကက်သလစ် ဝါဒကနောက်ဆုတ်သွားသည်၊ ကျွန်ုပ်၏ဘာသာတရားကား တဖြည်းဖြည်းသိပ္ပံပညာ၏ ဘာသာတရားဖြစ်လာခဲ့လေသည်၊ သို့ရာတွင် ကျွန်ုပ်သည် ယေရှုခရာဇ်နှင့်စိန်ဖရန်စစ်ကိုမူ ကြည်ညိုနေတုန်းပင်။

တစ်နေ့တွင် ၁၉၂၂-ခုနှစ် ကျွန်ုပ်သည် အမေရိကန်ရှိ စက်ရုံကြီးတစ်ခုဓာတ်ခွဲခန်း၌ ဓာတ်ခွဲသည့်အလုပ်ကို အာရုံစူးစိုက်နေစဉ် မိတ်ဆွေဓာတုဗေဒအရာရှိတစ်ဦးက စာအုပ်ကြီး

www.dhammaransi.com



တစ်အုပ်ကို ကျွန်ုပ်ကိုပေးလာပါသည်၊ထိုစာအုပ်ကြီးထဲ၌ အခြားစာများအပြင် ပါမောက္ခမက်(စ်)မူလာ ဘာသာပြန်ထားသော ဓမ္မပဒပါဠိတော်နှင့်အဃယောသရေး-ဗုဒ္ဓဝင်နှစ်အုပ်လည်းပါရှိနေပါသည်၊ကျွန်ုပ်၏မိတ်ဆွေသည် ထိုစာအုပ်ကိုဖတ်သည်၊သို့ရာတွင် သူသည်ခရာဇ်ယံအဖြစ်က ပြောင်းလဲမသွား၊ကျွန်ုပ်သည် ထိုစာအုပ်ကိုဖတ်သည်၊ ကျွန်ုပ်ကမူ ဗုဒ္ဓဘာသာဖြစ်လာခဲ့သည်။

ကျွန်ုပ်သည် သိပ္ပံနည်းကျတော့ ဘာသာတရားကိုအစဉ်တစိုက်စုံစမ်းရှာဖွေလာခဲ့ရာ နောက်ဆုံးတွင် ကျွန်ုပ်လိုလားနေခဲ့သောအရာကို ဗုဒ္ဓဘာသာတွင် တွေ့လာခဲ့ရတော့သည်၊ကျွန်ုပ်ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာရပါသည်။

ကျွန်ုပ်သည် ဗုဒ္ဓစာပေအမျိုးမျိုးကို စိတ်အားထက်သန်စွာရှာဖွေဖတ်ရှုသည်၊ကျွန်ုပ် ရေဆာလောင်ငတ်မွတ်နေသည့်သဲကန္တာရခရီးသည်နှင့်ပမာတူသည်၊ နောက်ဆုံး၌ကြာမျိုးစုံပေါက်နေသည့်ရေကန်ကြီးတစ်ခုကိုတွေ့ရသည်နှင့် ကြည်လင်အေးမြသောရေကို အားရပါးရသောက်ပစ်လိုက်ရတော့သည်။

ဦးလောကနာထသည် ဤသို့လျှင် ဗုဒ္ဓဘာသာ ဖြစ်လာပြီး ၁၉၂၅-ခုတွင် အသက်(၂၈)နှစ်၌ အိန္ဒိယမှတစ်ဆင့်ရန်ကုန်ရောက်လာပြီး အလယ်တောရဆရာတော် ဦးကောသလ္လကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ရောက်ခဲ့သည်၊ရန်ကုန်မန္တလေး၌ ပါဠိ-အဋ္ဌကထာများကို သင်သလိုတစ်ဘက်က

www.dhammaransi.com



လည်း စုတင်ဆောက်တည်၍ တရားကျင့်နေခဲ့သည်။

သီရိလင်္ကာနှင့်မြန်မာပြည်ကို သွားချည်း-လာချည် နေခဲ့သည်၊သီရိလင်္ကာတွင် နေ့စဉ်ဝမ်းကိုက်ရောဂါဖြစ်လာ၍ ဇာတိအီတလီသို့ ခေတ္တခဏပြန်ခဲ့ပြီး ဦးလေးအိမ်မှာ နေခဲ့ သည်၊ ဦးလေးနှင့်ဆွေမျိုးများက သင်္ကန်းဝတ်နေသည်ကို မနှစ်သက်ကြ၊ အထူးအဆန်းလည်းဖြစ်နေကြသည်၊ အမေ ရိကာရှိ မိဘထံပြန်ပို့ရန် စီမံသည်၊ဦးလောကနာထက လက်မခံ။

မြန်မာပြည်သို့ပြန်၍ ကမ္ဘာလှည့်သာသနာပြုမည်-ဟု ပြောသည်၊ဦးလေးနှင့်ဆွေမျိုးများက လက်မခံ၊ဘယ်မှထွက် မသွားရလေအောင် အကျယ်ချုပ်နှင့်ထားသည်။

ဦးလောကနာထက အစာမစားဘဲ သုံးရက်ခန့်ဆန္ဒပြ မှ ဦးလေးလုပ်သူက ဒေါသတကြီးအော်ဟောက်ပြီး ဆွေမျိုး တော်သူမြို့ဝန်တစ်ဦး၏အကူအညီဖြင့် အိန္ဒိယသို့သွား၍ နိုင်ငံ ကူးလက်မှတ်ထုတ်ပေးသည်။သို့ရာတွင် ဆွေမျိုးများအားလုံး ၏ဆန္ဒကိုဆန့်ကျင်သဖြင့် ခရီးစရိတ်တစ်ပြားမှ ထုတ်မပေးကြ ချေ။

သို့အတွက် ဦးလောကနာထသည် ဗုဒ္ဓဖဘုရားကဲ့သို့ သားတော်ဖြစ်သောငါသည် ခြေလျင်ခရီးကိုပျော်ပျော်ကြီးသွား တော့မည်ဟု ဗုဒ္ဓဂုဏ်ကိုအာရုံပြုကာ ပြင်သစ်မှဆွစ်ဇလန်၊ဩစ တြီးယား၊ယူဂိုဆလပ်ဗီးယား၊ဘူဂေရီးယား၊တူရကီ၊ဆီရီယား၊ ပါလက်စတိုင်းတို့သို့ ခြေကျင်ဖြတ်သန်းပြီးနောက် အိန္ဒိယသို့

www.dhammaransi.com



အရောက်လာခဲ့သည့်မိုင်ပေါင်းများစွာကို ရှစ်လကျော်ဖြတ်ခဲ့ရသည်။

ဦးလောကနာထသည် တူရကီတောင်ပိုင်း တောင်တန်းတစ်ခုကိုဖြတ်ကျော်စဉ် တူရကီတောပုန်းဒါးပြများနှင့်ရင်ဆိုင်တွေ့ပြီး အဖမ်းခံရသည်၊ဆရာတော်က အသက်ဘေးမှလွတ်မြောက်ခဲ့ပုံကို မှတ်တမ်းရေးခဲ့ပါသည်။

"ကျွန်ုပ်သည်ဆိုးသွမ်းမှုအရာတွင် နာမည်ကြီးလှသည့် တူရကီ တောင်ပိုင်းရှိ တိုရပ်(စ်) တောင်တန်းကိုဖြတ်ကျော်စဉ် တူရကီတောပုန်းဒမြများ၏ဖမ်းဆီးခြင်းကို ခံခဲ့ရသည်၊သူတို့သည်ချောင်ကျသော တစ်နေရာသို့ ကျွန်ုပ်ကိုခေါ်ဆောင်သွားသည်၊ထို့နောက် သူတို့၏ဓါးသွားများမည်မျှထက်သည်ကိုစမ်းသပ်သည့်အနေဖြင့် ကျွန်ုပ်၏လည်မျိုကိုခုတ်ပိုင်းရန်ပြင်ဆင်ကြ၏၊ကျွန်ုပ်သေရတော့မည်။

ထိုအချိန်၌ ဘုရားဂုဏ်ကိုအာရုံပြုထားလိုက်၏။ (၃၁)ဘုံ၌ကျင်လည်ကြရကုန်သော သတ္တဝါအပေါင်းအားလှိုက်လှိုက် လှဲလှဲမေတ္တာထားသူကို ဓါးလက်နက်တို့မစူးဝင်နိုင်၊မီးလည်း မလောင်၊အဆိပ်လည်းမထိရောက်နိုင်ဟုဟောတော်မူသော ဘုရားရှင်၏စကားတော်ကိုကြားယောင်မိသည်၊ ထို့ပြင် ကျွန်ုပ်သည်သန့်စင်မြင့်မြတ်လှသောမေတ္တာလက်နက်ကို အသုံးပြုမိခဲ့တော့သည်၊ဦးစွာ မြေပေါ်၌တင်ပလ္လင် ခွေထိုင်လိုက်သည်၊မျက်လုံးအစုံကိုမှိတ်ထားလိုက်

www.dhammaransi.com



သည်၊ ရန်သူလူဆိုးဓါးပြများအပေါ် စူးစိုက်လှိုက်လှဲစွာမေတ္တာ ပို့လွှတ်နေသည်။

မိခင်သည်မိမိ၏တစ်ဦးတည်းသောသားကို အသက်စွန့်၍စောင့်ရှောက်သည့်နည်းတူ သတ္တဝါတို့အပေါ်၌အကန့်အသတ်အပိုင်းအခြားမရှိသော မေတ္တာစိတ်ထားပါမည် ဟုဗုဒ္ဓကဆုံးမခဲ့သည်မဟုတ်ပါလော-သို့ဖြင့်ကျွန်ုပ်သည်မိမိကိုယ်ကို မိခင်နေရာ၌ထားလျက်ကျွန်ုပ်အားသတ်မည်ပြုသောဓါးပြနှစ်ဦးကိုကျွန်ုပ်၏သားရင်းနှစ်ဦးပမာသဘောထားလျက် ငါသားနှစ်ဦးအတွက် ငါ့အသက်ကိုကြည်ဖြူစွာပေးအပ်တော့မည်တကားဟူ၍အာရုံပြုထားမိပါသည်။

ထိုသို့ အာရုံပြုရင်း သူတို့နှစ်ဦးအပေါ်၌ စူးစူးစိုက်စိုက်လှိုက်လှိုက်လှဲလှဲစွာ မေတ္တာပွားနေမိပါသည်၊ထူးခြားသည်ကား ကျွန်ုပ်သည် ယခင်ကမေတ္တာကမ္မဋ္ဌာန်းကို ကျနစွာမထိုင်ဖူးပါ၊ ယခုမှသာ အလိုလိုကျနစွာ ကမ္မဋ္ဌာန်းထိုင်ပြီး မေတ္တာဘာဝနာပွားများနေခြင်းဖြစ်ပါသည်။

ဤကျွန်ုပ်ယုံကြည်ချက်ကိုဖွင့်ဟပြောဆိုလိုပါသည်၊ အကယ်၍ သင်သည်သေဘေးကြီးနှင့်ရင်ဆိုင်တွေ့ကြုံရတော့မည်ဆိုပါက တစ်ခုတည်းသောလက်နက်ဖြစ်သည့်မေတ္တာကို သာစူးစိုက်ပွားများပါလေ၊ထိုဘေးမှ သင်မုချလွတ်ပါမည်၊ယခုအရေးတွင်လည်း ကျွန်ုပ်သည် မေတ္တာကိုသာပွားနေပါမည်၊ ထိုသို့နေစဉ် လည်ကုပ်ပေါ်၌ ဓားသွားကျအလာကိုလည်း

www.dhammaransi.com



စောင့်မျှော်နေမိပါသည်၊ထိုစဉ်က တစ်မိနစ်သည် အနှစ်တစ်သန်းလောက်ရှည်ကြာသည်ဟု ထင်မြင်မိပါသည်၊နောက်ဆုံး၌ လည်ကုပ်ပေါ်၌စားသွားကျမလာပါ၊ဒမြများက ကျွန်ုပ်အားနေရာမှထခိုင်းပြီး သွားတော့ ဟု ဆိုလိုက်ပါသည်။

မေတ္တာတန်ခိုးကား ကြီးမားလှပါဘိ၊ တကယ်တော့ဒမြများသည် သူတို့မိခင်ကိုမသတ်နိုင်ကြပါ၊ထို့အတူ မိခင်မေတ္တာထားနေသော ကျွန်ုပ်ကိုလည်း သူတို့မသတ်နိုင်ကြတော့ပါ၊ဗုဒ္ဓ၏မေတ္တာလက်နက်သည် ကျွန်ုပ်၏အသက်ကိုချမ်းသာရာရစေခဲ့သည်၊ကျွန်ုပ်အတွက် မေတ္တာအောင်ပွဲကိုဖြစ်စေခဲ့ပါသည်”

ဤသည်မှာ အီတလီဘုန်းတော်ကြီး ဦးလောကနာထ၏ မေတ္တာလက်နက်အစွမ်းထက်မှုကြောင့် သေဘေးမှလွတ်ခဲ့ရပုံ-သူ့ဘဝမှတ်တမ်းဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## ဒေါ်ရွှေ၏မေတ္တာစွမ်းအား

ကျွန်တော် သာသနာရေးဦးစီးဌာန၌ လက်ထောက်ကျမ်းပြုမှုးတာဝန်ဖြင့် တာဝန်ထမ်းဆောင်နေစဉ် The Light of Dhamma စာစောင်၌ အင်္ဂလိပ်ဆောင်းပါးရေးပါသည်၊ ကျွန်တော်၏အင်္ဂလိပ်စာဆောင်းပါးကို အင်္ဂလိပ်စာအယ်ဒီတာဆရာကြီး ဦးချစ်တင်က ကြီးကြပ်ပြင်ဆင်ပေးရပါသည်။

www.dhammaransi.com



ကျွန်တော်က မေတ္တာဝါဒအကြောင်း ဆောင်းပါးရေးရန်ဆရာကြီးကို ပြောပြပါသည်၊ထိုအခါ ဆရာကြီးက ရေးရန်သဘောတူပြီး သူ့မိခင်၏မေတ္တာစွမ်းအားကြီးပုံကို လက်တွေ့သာဓကအနေဖြင့် ရေးထည့်ရန်ပြောကြားပြီး သူ့မိခင်၏မေတ္တာစွမ်းအားကြီးပုံကိုပြောပြပါသည်။

ဆရာကြီးဦးချစ်တင်၏မိဘများမှာ ဘုံဘေဘားမားသစ်ကုမ္ပဏီ သစ်လုပ်ငန်းမှ စာရေးကြီးဦးစံထွန်းနှင့်မိခင်မှာ ဒေါ်ရွှေဖြစ်ပါသည်။

ဦးစံထွန်းမှာ မော်လမြိုင်ကတိုးကောနှပ်သားဖြစ်ပါသည်၊ဘုံဘေဘားမားသစ်ကုမ္ပဏီမှ အင်္ဂလိပ်အရာရှိများနှင့် ရင်းနှီးကျွမ်းဝင်သော ခေတ်ပညာတတ်စာရေးကြီးဖြစ်၍ တောလိုက်-ငှက်ပစ်မှုဆိုးအလုပ်ကို ဝါသနာပါသူဖြစ်သည်။

မိခင်ဒေါ်ရွှေကား စာမတတ်၊ ရတနာသုံးပါးဆည်းကပ်ကိုးကွယ်ရာ၌၊ ပရိတ်ရွတ်ရာ၌လည်းကောင်း၊မေတ္တာပို့သရာ၌လည်းကောင်း၊ အထူးသဖြင့် တိရစ္ဆာန်လေးများကအစ တစ်ဘက်သားအပေါ်၌ အလွန်သနားကြင်နာတတ်သူဖြစ်ပါသည်

ဦးစံထွန်းတို့ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းယန်း၌ တာဝန်ထမ်းဆောင်စဉ် လူအများကိုနင်းသတ်နေသော ဘုံဘေဘားမားပိုင် သစ်ဆွဲဆင်တစ်ကောင်ကို သတ်ပစ်ရန်အထက်မှ အမိန့်ချမှတ်ထားသည်။

www.dhammaransi.com



ထိုဆင်အကြောင်းကို ဒေါ်ရွှေကသိသောအခါ ဦးစံထွန်းကို ဝယ်ယူပေးရန်ပူဆာသည်၊ထိုအချိန်က ဆရာ ဦးချစ်တင် မွေးပြီး၍ အခါလည်သားဘဝတွင်ပင်ရှိသေးသည်၊ဦးစံထွန်းက ဒေါ်ရွှေအလိုကျဆင်ကို ဝယ်ယူရန် အရာရှိများက ပြောပြသည်၊အရာရှိများက ဆင်ကိုအလကားပင်ပေးလိုက်ပါသည်။

ဆင်ရိုင်းကို ဒေါ်ရွှေတို့အိမ်ရှေ့ကတွင်ချည်ထားရာ ဆင်သည်အနားသို့လာသော ကြက်များ၊ ခွေးများကို မလွတ်တမ်းရိုက်သတ်လေ့ရှိသည်။

ဒေါ်ရွှေက ထိုဆင်ရိုင်းကို ကောင်းမွန်စွာပြုစုကျွေးမွေးပြီး မေတ္တာလွှမ်းခြုံပို့သည်၊လိမ္မာရန်-စိတ်ကောင်းထားရန် အမြဲပြောဆိုသည်။

ဒေါ်ရွှေ၏သား နှစ်ခါလည် မောင်ချစ်တင်သည် ထိုဆင်ကြီး၏ဝမ်းဗိုက်အောက်သို့ အကြိမ်ကြိမ်သွားရောက်ကစားသည်၊ဆင်နှင့်ဆော့သည်၊ဆင်ရိုင်းကြီးက ဘာမျှပြန်မလုပ်၊ ငြိမ်သက်စွာခံသည်။

နောင်တွင် ထိုဆင်ကြီးသည် အလွန်လိမ္မာသောအဖိုးတန်ဆင်တစ်ကောင်ဖြစ်လာခဲ့လေသည်။

ဒေါ်ရွှေ၏မေတ္တာစွမ်းအားပင် ဖြစ်ပါသည်။

ဦးစံထွန်းသည် ဝန်ထောက်ရာထူးဖြင့် ဂန့်ဂေါမြို့သစ်လုပ်ငန်းသို့ ပြောင်းရွှေ့ရသည်၊ ဂန့်ဂေါတွင် ကျေးငှက်သတ္တဝါများ အလွန်ပေါများ၍ ဦးစံထွန်းမှာ မုဆိုးအလုပ်နှင့်အလွန်

www.dhammaransi.com



သဘောကျနေမိသည်။

ဒေါ်ရွှေက သတ္တဝါတွေကို မပစ်ခတ်-မသတ်ဖြတ်ရန် အမျိုးမျိုးဖျောင်းဖျသည်၊ ဦးစံထွန်းကလက်မခံ။

ဒေါ်ရွှေက သူတတ်သိနားလည်သော မေတ္တာလက်နက်ကိုသာ အသုံးပြုတော့သည်။

ဦးစံထွန်းနှင့်တပည့်များ တောလိုက်သွားပြီဆိုက-ဒေါ်ရွှေက ဘုရားစင်ရှေ့သို့ ကပျာကယာသွားကာ-

"သတ္တဝါတွေချမ်းသာကြပါစေ၊အသက်ဘေးမှ လွတ်ကြပါစေ၊ တောစောင့်နတ်၊တောင်စောင့်နတ်တွေကိုလည်း ကျွန်မပြုသောကုသိုလ်အဖို့ဘာဂကို အမျှပေးဝေပါ၏၊တောတိရစ္ဆာန်များ မသေမပျောက်ရအောင် စောင့်ရှောက်ဖယ်ရှားပေးကြပါ၊ကျွန်မယောကျ်ား မုဆိုးကြီးလာလေရဲ့၊ သူ့ကိုတော့ ကျွန်မပြောလို့မရတော့ဘူး၊ အားလုံးချမ်းသာကြပါစေ" ဟု ပါးစပ်ကလည်းပြော၊ စိတ်ထဲကလည်း ဂန္ဓဝေါဝန်းကျင်ရှိတောတောင်အနှံ့မှန်းပြီး မေတ္တာပို့သပေးလေသည်။

ဒေါ်ရွှေသည် စာပေကျမ်းဂန်တတ်သူမဟုတ်၊မေတ္တာပို့ကိုလည်း စာလာပေလာအရ တတ်သိနားလည်သူမဟုတ်၊ သူတတ်သိနားလည်သလို မေတ္တာပို့ခြင်းသာဖြစ်သည်၊သို့သော် သူမမှာ စေတနာမေတ္တာများ လေးလေးနက်နက် ယုံကြည်ချက်ပြင်းစွာနှင့် ပို့ခြင်းဖြစ်ပါသည်။

ဦးစံထွန်းတို့ ဆရာတပည့်မှာ ညနေပြန်လာကြသည်၊

www.dhammaransi.com



ကျေးငှက်တောကောင် တစ်ကောင်မှမရခဲ့ကြ၊ ဦးစံထွန်းမှာ မကျေမနပ် တောက်တစ်ခေါက်ခေါက်နှင့်ရှိနေသည်၊ဒေါ်ရွှေမှာ ပြုံးရွှင်ပျော်နေမိသည်။

မိခင်ဒေါ်ရွှေသည် နှုတ်ကမေတ္တာပို့ရွတ်နေရုံမျှမက သူ့ခင်ပွန်းတောလိုက်ရန် ပြင်ဆင်နေပါက ဦးစံထွန်းမသိအောင် အမှတ်တမဲ့ဝင်ပြီး လက်ညှိုးကိုတံတွေးဆွတ်ပြီး ပါးစပ်က တတွတ်တွတ် ရွတ်ဆိုလျက် သေနတ်ပြောင်းဝထိပ်ကို တံတွေးဖြင့် စတိဆွတ်လိုက်လေသည်။

ထိုနေ့အဖို့လည်း ဦးစံထွန်း တောကောင်၊ကျေးငှက်တစ်ကောင်မျှမရ၊ ဒေါ်ရွှေက တောမလိုက်တော့ရန် အမျိုးမျိုးတောင်းပန်သည်၊ ဦးစံထွန်းက လက်မခံ၊နောက်တော့ ဒေါ်ရွှေက မပြောတော့၊သူ့နည်းသူဟန်နှင့်ဘဲ မေတ္တာပို့လုပ်ငန်းကို အပြင်းအထန်လုပ်နေတော့သည်။တောကောင်ကျေးငှက်များ ပစ်၍မရတော့သောအခါ ဦးစံထွန်းသည် အလိုလို တောပစ်မှုဆိုးဘဝကို စွန့်လွှတ်လိုက်ရလေသည်။

စစ်ပြီးခေတ်တွင် မဟာစည်ဆရာတော်၏ ပဲခူးသတိပဋ္ဌာန်သာသနာရိပ်သာ၌ တရားအားထုတ်နေပါတော့သည်။

ဆရာကြီးဦးချစ်တင်၏မိခင်ဒေါ်ရွှေ၏ မေတ္တာစွမ်းအားသည် တောနေသတ္တဝါကျေးငှက်တို့၏အသက်ကို ချမ်းသာစေခဲ့ရပါသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com

# အခန်း(၅)
## မေတ္တာပွားပုံနည်းမျိုးစုံ

**ဒိသဖရဏာအရပ်ဆယ်မျက်နှာ (မြန်မာလိုမေတ္တာပို့ပုံ)**

၁။ အရှေ့အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့-----

၂။ အနောက်အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့-----

၃။ မြောက်အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့-----

၄။ တောင်အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့-----

၅။ အနောက်တောင်ထောင့်အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့-----

www.dhammaransi.com



၆။ အနောက်မြောက်ထောင့်ထောင့်အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့-----

၇။ အရှေ့မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့-----

၈။ အရှေ့တောင်ထောင့်အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့-----

၉။ အောက်အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့-----

၁၀။ အထက်အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့-----

ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ

ဒေါသခပ်သိမ်းငြိမ်းကြပါစေ

ဆင်းရဲခပ်သိမ်းငြိမ်းကြပါစေ

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

## တစ်ရည်း–မေတ္တာပို့ (မြန်မာဘာသာ)

၁။ ကျွန်ုပ်ကိုယ်မှာ ဘေးကင်းကွာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၂။ မိဘနှစ်ဖြာ-မြတ်ဆရာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၃။ တို့အိမ်တွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၄။ တို့ရွာတွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၅။ တို့မြို့တွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

www.dhammaransi.com



၆။ တို့ပြည်တွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၇။ တို့ကမ္ဘာမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၈။ တို့စကြာဝဠာမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၉။ အနန္တစကြာဝဠာမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၁၀။ အရှေ့အရပ်မှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၁၁။ အရှေ့တောင်အရပ်မှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၁၂။ တောင်အရပ်မှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၁၃။ အနောက်တောင်အရပ်မှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၁၄။ အနောက်အရပ်မှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၁၅။ အနောက်မြောက်အရပ်မှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၁၆။ မြောက်အရပ်မှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၁၇။ အရှေ့မြောက်အရပ်မှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

www.dhammaransi.com



၁၈။ အထက်အရပ်မှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

၁၉။ အောက်အရပ်မှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

## မေတ္တာသုတ်လာ မေတ္တာပို့နည်း (၁၁) နည်း

**သဗ္ဗသင်္ဂဟမေတ္တာပွားနည်း(၁)**

၁။ လုံးစုံများစွာ သတ္တဝါ----ချမ်းသာကိုယ်စိတ်မြဲပါစေ ဥပါဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ

**ဒုကမေတ္တာပွားနည်း(၄)နည်း**

၂။ ကြောက်တတ်-မကြောက်တတ်၊ နှစ်ရပ်များစွာ သတ္တဝါ------

၃။ မြင်အပ်-မမြင်အပ်၊ နှစ်ရပ်များစွာ သတ္တဝါ-----

၄။ ဝေးနေ-နီးနေ၊ နှစ်ထွေများစွာသတ္တဝါ-----

၅။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာသတ္တဝါ-----

**တိကမေတ္တာပွားနည်း (၃) နည်း**

၆။ ရှည်တိုအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ-----

၇။ ကြီး-ငယ်-အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ-----

၈။ ဆူကြုံအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ-----

www.dhammaransi.com



အဟိတာပနယနမေတ္တာပွားနည်း (၃)နည်း

၉။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ

၁၀။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ

၁၁။ ဆင်းရဲလိုခြင်း ၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

## ဘယ်လိုပြောပြောမေတ္တာမပျက်နှင့်

သင်တို့ကို အခြားသူများက ပြောနိုင်သောစကားပြောပုံ-ပြောနည်း (၅)မျိုးရှိသည်။

၁။ အခါမဟုတ်သည်ဖြစ်စေ-ဟုတ်သည်ဖြစ်စေ ပြောမည်

၂။ ဟုတ်မှန်သောအားဖြင့်ဖြစ်စေ-မဟုတ်မှန်သောအားဖြင့်ဖြစ်စေ ပြောမည်

၃။ သိမ်သိမ်မွေ့မွေ့ဖြစ်စေ-ကြမ်းကြမ်းတမ်းတမ်းဖြစ်စေ ပြောမည်

၄။ အကျိုးသင့်အကြောင်းသင့် ဟုတ်သည်ဖြစ်စေ-မဟုတ်သည်ဖြစ်စေ ပြောမည်

၅။ မေတ္တာစိတ်ဖြင့်ဖြစ်စေ-ဒေါသစိတ်ဖြင့်ဖြစ်စေ ပြောမည်

www.dhammaransi.com



ဤစကားပြောနည်း(၅)မျိုးဖြင့် ပြောဆိုလာသည်ရှိသော် ဤသို့ကျင့်သုံးရမည်။

-သူပြောဆိုချက်ကြောင့် ငါတို့သည် စိတ်တစ်မျိုးတစ်မည်မဖြစ်ကုန်အံ့။

-ယုတ်ညံ့သောစကားလည်း မမြွက်ဆိုအံ့။

-သူ့အကျိုးစီးပွားကိုငဲ့ညှာလျက် မေတ္တာစိတ်ထားကာ စိတ်မဆိုးဘဲနေကြအံ့။

-ထိုပုဂ္ဂိုလ်အပေါ်၌လည်း မေတ္တာစိတ်ကိုပို့လွှတ်နေအံ့

-မေတ္တာစိတ်အာရုံအပြစ်ထားလျက် အပိုင်းအခြားမရှိ၊ ကျယ်ပြန့်သောရန်ငြိုးလိုမှု၊ ဒုက္ခဖြစ်စေလိုမှုကင်းသောမေတ္တာစိတ်ဖြင့် ဖြန့်၍နေကြကုန်အံ့

ဟူ၍ ကျင့်သုံးရပါမည်။

မူလပဏ္ဏာသပါဠိဩပမ္မဝဂ်၁-ကကစူပမာသုတ်

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com



မေတ္တာဟူသည် ရေကြည်ချမ်းမြ

# အေးစေ မြစေ မေတ္တာစေ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ဘီအေ)